# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၅၅)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်၊ တနင်္လာနေ့။


**ဥစ္စာပျက်ကြောင်း(၆)ပါး**

သေစာသောက်စား၊ လမ်းသွားခါမဲ့၊
ရှုငဲ့သဘင်၊ ပျော်ရွှင်အန်လောင်း၊
မကောင်းမိတ်ဖွဲ့၊ ပျင်းရိခြင်းကား၊
ယိုယွင်းဥစ္စာ၊ ပျက်ကြောင်းတည်း။

# ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ဗုဒ္ဓတက္ကသိုလ် ရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနား တက်ရောက်



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့ ထင်ရှူး မြိုင်မြို့ကွက်သစ်၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ဝန်ထမ်း တန်ဖိုးမျှ အိမ်ရာစီမံကိန်း အဆောက်အအုံ နမူနာပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၂၃**

တောင်ကြီးမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ဗောဓိတောင်ကုန်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် ဗုဒ္ဓတက္ကသိုလ်ရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့် ဇနီးတို့က ရတနာကြုပ်တော်၊ ရတနာအုတ်မြစ်တော်များနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော် ဒေါက်တာ ပညာနန္ဒထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ကြီးများ၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ တိုင်းမှူး ဗိုလ်မှူးချုပ်အေးဝင်း၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် စေတနာရှင်ပြည်သူများက ဗုဒ္ဓတက္ကသိုလ် တည်ဆောက်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ယနေ့ အခမ်းအနားတွင် စေတနာရှင်ပြည်သူများက ဗုဒ္ဓတက္ကသိုလ် တည်ဆောက်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ စုစုပေါင်း အလှူငွေကျပ်သိန်းပေါင်း ၁၃၉၈၅ သိန်းကျော် လက်ခံရရှိကြောင်း သိရသည်။

ယင်းနောက် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရတနာကြုပ်တော်နှင့် ရတနာအုတ်မြစ်တော်များကို ပင့်ဆောင်၍ မင်္ဂလာအချိန်၌ သတ်မှတ်နေရာများအလိုက် ရတနာအုတ်မြစ်တော်များ စီသွင်းပေးကြပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် အဖွဲ့သည် *စာမျက်နှာ ၈ ကော်လံ ၁* ❋

## ရန်ကုန်တက္ကသိုလ်ရှိအဆောက်များ မူလလက်ရာမပျက် ပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိ

စာမျက်နှာ-၇

## အာဆီယံ-ရုရှား လူငယ်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မည်

စာမျက်နှာ-၈

## အမျိုးသားစာပေဆုနှင်းသဘင် ဒီဇင်ဘာ ၇ ရက်တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်

စာမျက်နှာ-၉

**ထူးခြားသည့် ညအပူချိန်များ**

ဟားခါးမြို့ ၀ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့ ၄ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့ ၇ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့ ၇ ဒီဂရီစင်တီဂရိတ်
မိုးကုတ်မြို့ ၇ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့ ၈ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်မြို့ ၈ ဒီဂရီစင်တီဂရိတ်

**ဥပဒေအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဥပဒေအချပ်ပို လေးမျက်နှာ ပါရှိပါသည်။


"သင့်အနာဂတ်လုံခြုံစိတ်ချဖို့ Future Auto မှာ ကား ဝယ် စို့"

- အမြဲတ်ကို ပဓာနမထား အရည်အသွေးနှင့် ရောင်းအားကိုသာ အဓိကထားသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
- ကားများကို နိုင်ငံတကာအဆင့်မီ (၆)လအာမခံပစ္စည်းနှင့် လက်ခံမိုးအခမဲ့ ပြင်ဆင်ပေးသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
- အရည်အသွေးမြင့်ကားအရေးအတွက် အများဆုံး ဝန်ဆောင်မှုအကောင်းဆုံး ကားအရောင်းပြခန်း။

Show Room(1) - Ph: 01-400785, 09-254342575, 09-5147128
Show Room(2) - Ph: 09-254346475, 01-8500492
Show Room(3) - Ph: 09-254342979
Mandalay - Ph: 09-795594006, 09-795594008

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အယ်လ်ဒီစီနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးကြိုးပမ်း

ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီ (ECOSOC)၏ အထောက်အကူပြုအဖွဲ့ဖြစ်သော ဖွံ့ဖြိုးမှုမူဝါဒဆိုင်ရာကော်မတီ (CDP)အနေဖြင့် ကမ္ဘာပေါ်ရှိ တိုင်းနိုင်ငံအသီးသီးသို့ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာစောင့်ကြည့်လျက် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (Least Developed Country-LDC) များ စာရင်းကိုသုံးနှစ်တစ်ကြိမ် ထုတ်ပြန်လျက်ရှိပါသည်။ အမှန်စင်စစ် ဤသို့လေ့လာစောင့်ကြည့်ပြီး အယ်လ်ဒီစီ(LDC)နိုင်ငံများစာရင်းကို ထုတ်ပြန်ရခြင်း၏ အဓိကရည်မှန်းချက်သည်ကား ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးမှုနည်းပါးနေသောနိုင်ငံများ တိုးတက်မှုအတိုင်းအတာတစ်ခုသို့ရောက်ရှိလာအောင် နှိုးဆော်တိုက်တွန်းသည့် သဘောဖြစ်ပေလိမ့်မည်။

ဤသို့ အယ်လ်ဒီစီနိုင်ငံများ စာရင်းထုတ်ပြန်ရာတွင် လူတစ်ဦးချင်း တစ်နှစ်ပျမ်းမျှဝင်ငွေ(GNI per capita)၊ လူသားအရင်းအနှီးညွှန်းကိန်း (Human Asset Index -HAI)နှင့် စီးပွားရေးထိခိုက်လွယ်မှုအညွှန်းကိန်း(Economic Vulnerability Index -EVI)ဟူသော စံသတ်မှတ်ချက် အချက်သုံးချက်အပေါ် မူတည်၍ စိစစ်သုံးသပ်ကာ သုံးနှစ်တစ်ကြိမ် ထုတ်ပြန်လျက်ရှိကြောင်း သိရသည်။ ယင်းစံနှုန်းသုံးခုအနက် မည်သည့်စံနှုန်းနှစ်ခုမဆို နှစ်ကြိမ်ဆက်တိုက်ပြည့်မီပါက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်မည်ဟု ယေဘုယျသတ်မှတ်ထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများစာရင်းမှ လွတ်မြောက်ရေး သုံးနှစ်တစ်ကြိမ်သုံးသပ်သည့် အစည်းအဝေး ၂၀၁၅ ခုနှစ်တွင် အသင့်အနေအထားရောက်ရှိစေရေးအတွက် တစ်ဦးကျ ဝင်ငွေဆိုင်ရာဆပ်ကော်မတီ၊ လူသားအရင်းအနှီးညွှန်းကိန်းဆိုင်ရာဆပ်ကော်မတီ၊ စီးပွားရေးထိခိုက်မှုဆိုင်ရာ ဆပ်ကော်မတီနှင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ဆက်ဆံရေးဆပ်ကော်မတီဟူ၍ ဆပ်ကော်မတီလေးခုဖွဲ့စည်းပြီး အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယသမ္မတ ဦးညွန့်မောင်(?)ထွန်းက နိုဝင်ဘာ ၂၀ရက်တွင်ကျင်းပသော ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေး တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည်။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ အစီရင်ခံစာ ၂၀၁၃ ၌ ဖော်ပြပါရှိသော မြန်မာနိုင်ငံ၏ ညွှန်းကိန်းများအရ ၂၀၁၂ သုံးသပ်ချက်တွင် သတ်မှတ်ခဲ့သောလွတ်မြောက်ရေး စံသတ်မှတ်ချက်များနှင့် နှိုင်းယှဉ်ပါက တစ်ဦးကျဝင်ငွေပြည့်မီရန် လက်တစ်ကမ်းသာလိုတော့သည်။ ကဏ္ဍစုံတိုးတက်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီဖြစ်၍ တစ်ဦးချင်းဝင်ငွေနှုန်း မြင့်မားလာပြီး သတ်မှတ်ချက်ပြည့်မီသွားရန် မျှော်မှန်းထားပါသည်။ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာညွှန်းကိန်းများ ပါဝင်သည့် လူသားအရင်းအနှီးညွှန်းကိန်းတွင် သတ်မှတ်ချက်များကို ကျော်လွန်နေပြီဖြစ်သော်လည်း တိုးတက်မှုများကို ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ပါသည်။ စီးပွားရေးထိခိုက်လွယ်မှု အညွှန်းကိန်းသတ်မှတ်ချက် ပြည့်မီရန်မှု လိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း သိရပါသည်။

မည်သို့ပင်ရှိစေကာမူ မြန်မာနိုင်ငံအနေဖြင့် လာမည့် ၂၀၁၅ ခုနှစ်တွင် အယ်လ်ဒီစီနိုင်ငံအဖြစ်မှ လွတ်မြောက်အောင် အသင့်ပြင်ဆင်ထားပြီဖြစ်ပါသည်။ သို့ပါ၍ ဒေသအလိုက်၊ ကဏ္ဍအလိုက် ရရှိနိုင်သည့် အရင်းအမြစ်များကို ထိရောက်စွာအသုံးချလျက် ထုတ်လုပ်မှု၊ အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်ရရှိရေး၊ ပြည်သူများတိုက်ရိုက်ခံစားရရှိစေမည့် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရည်မြင့်တင်မှု၊ လူမှုဘဝဖူလုံမှုတို့အတွက် ရည်မှန်းချက်များအတိုင်း အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အဆိုပါညွှန်းကိန်းသတ်မှတ်ချက်များကိုပြည့်မီပြီး အယ်လ်ဒီစီနိုင်ငံအဖြစ်မှ လွတ်မြောက်တော့မည် ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ဆေးပညာရှင်များ ပြောင်းလဲမှုကို မျက်ခြည်ပြတ်မခံဘဲ ကြိုးစားဆောင်ရွက်

**ပုသိမ် နိုဝင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် နိုဝင်ဘာ ၂၁ ရက်တွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ လွှတ်တော် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆရာဝန် အသင်း (ဗဟို) နှင့် (ပုသိမ်)တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်အတူ ပုသိမ်မြို့ ဆရာဝန်များအသင်းခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံဆရာဝန်အသင်း (ပုသိမ်)၏ နဝမအကြိမ် ဆေးပညာညီလာခံနှင့် ဆေးနှင့်ဆေးပစ္စည်းပြပွဲဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင်က ဆေးပညာရှင်များတွင် နေ့စဉ်ပြောင်းလဲနေသော အခြေအနေကို မျက်ခြည်ပြတ်မခံဘဲ ခေတ်စနစ်နှင့်အညီ ကြိုးစားဆောင်ရွက်ကြရန်၊ မျိုးဆက်သစ်ဆရာဝန်များအနေဖြင့် ယခုကျင်းပသည့် ဆေးပညာညီလာခံနှင့်နှီးနှောဖလှယ်ပွဲများတွင် အတွေ့အကြုံကြီးရင့်သူများ၏ ဆွေးနွေးဟောပြောချက်များကို လေ့လာနားထောင်ကာ မိမိတို့အတွက် ဆေးပညာဆိုင်ရာ အသိပညာဗဟုသုတများကို ရယူသွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) အတွင်းရေးမှူး ဒေါက်တာစောဝင်းနှင့် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကြည်ဆွေတို့က ဆေးပညာညီလာခံကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးနှင့်ဆေးပစ္စည်းပြပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## သံအမတ်ကြီး ဦးကျော်စွာမင်း ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ဆွီဒင်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စွာမင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်တွင် စတော့ဟုမ်းမြို့၌ ဆွီဒင်နိုင်ငံ သောဠသမပြောက် ဘုရင်ကားလ်ဂပ်စ်တပ်ဖ်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရသေ့တောင်မြို့နယ်တွင် ကျေးလက်လမ်းများ ဖောက်လုပ်

**ရသေ့တောင် နိုဝင်ဘာ ၂၃**

ရခိုင်ပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်လမ်းများကို ဖောက်လုပ်ပေးလျက်ရှိရာ စစ်တွေခရိုင် ရသေ့တောင်မြို့နယ်တွင် မေယုတောင်တန်းအရှေ့ဘက်လမ်းကို အလျား ၁၉ မိုင်၊ အနံ ၁၈ပေ၊ အထူလေးလက်မရှိ မြေသားအဖြစ် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လမ်းဖောက်လုပ်နေမှုများကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဆန်း၊ ရသေ့တောင်မြို့နယ်ဦးစီးမှူး ဦးထွန်းရန်သူတို့ပါဝင်သောအဖွဲ့သည် နိုဝင်ဘာ ၂၁ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သော စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန် မှာကြားခဲ့သည်။

အဆိုပါလမ်းကို ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်မှ ငွေကျပ် ၅၆၉ ဒသမ ၄၈ သန်း ခွင့်ပြုပေးထားသည်။ **ကိုကြီးစော**



## လွှတ်တော်သို့လာရောက် လေ့လာကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၂၃**

နေပြည်တော် ဇေယျာသီရိမြို့နယ် ကျည်တောင်အုပ်စု စည်ပင်သာယာကျေးရွာမှ ဦးရဲဝင်း ဦးဆောင်သည့် ရွှေစည်သာသွေးလှူရှင်လူငယ်များအဖွဲ့ ၁၁ဦး၊ ရတနာပုံဆိုက်ဘာစီးတီးမှ နည်းပြ ဒေါ်နော်ဒါယာဖေ ဦးဆောင်သည့် နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူလေးဦးနှင့် ပဲခူးတိုင်းဒေသကြီးပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး (အုတ်ဖိုမဲဆန္ဒနယ်)၏ မိသားစုဝင် တစ်ဦး စုစုပေါင်း ၁၁၆ ဦးတို့သည် နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့သည်။

**(မြန်မာ့အလင်း)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## အင်အားအသင့် အတင့်ရှိ မြေငလျင်လှုပ်

**နေပြည်တော် နိုဝင်ဘာ ၂၃**

၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၂ ရက် မြန်မာစံတော်ချိန် ၁၅ နာရီ ၂၇ မိနစ် ၄၆ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ မြောက်-အရှေ့မြောက်ဘက် ၆၈၀ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ တရုတ်နိုင်ငံ (Sichuan, China) ကိုဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၆ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ တိုင်းထွာရရှိသည်။ **(သတင်းစဉ်)**





ပြည်တွင်းသတင်း

# တပ်မတော်နှင့် မီဒီယာတို့၏ ကောင်းမွန်သောဆက်ဆံရေးလမ်းကြောင်းတည်ဆောက်ရေး ဆောင်ရွက်လိုသည့်အချက်များဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၃

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။** (ယာပုံ)



ထိုသို့ တွေ့ဆုံရာတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်၏ ဆန္ဒဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ ကချင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် သတိပေးပစ်ခတ်မှုဖြစ်စဉ်နှင့် ပတ်သက်သည်များ၊ လတ်တလော အခြေအနေများကို ရှင်းလင်းပြောကြားသည်။ စာနယ်ဇင်းကောင်စီကလည်း တပ်မတော်ဆိုင်ရာသတင်းများ ပွင့်ပွင့်လင်းလင်း သိရှိရယူနိုင်ရေး၊ တပ်မတော်နှင့် မီဒီယာတို့၏ ကောင်းမွန်သောဆက်ဆံရေးလမ်းကြောင်း တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်လိုသည့် အချက်များနှင့် ပြည်သူ့ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးစွာ အပြန်အလှန်ဆွေးနွေးခဲ့သည်။ ၂၀၁၅ ခုနှစ် နိုင်ငံတော်၏ ဒီမိုကရေစီအရေးနှင့် ပတ်သက်၍ တပ်မတော်၏ သဘောထားအမြင်ကို စာနယ်ဇင်းကောင်စီက မေးမြန်းမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် လျှောက်လှမ်းနေသည့် ဒီမိုကရေစီလမ်းကြောင်းမှ နောက်ကြောင်းပြန်လှည့်ရန် မရှိပါကြောင်း၊ လက်ရှိလျှောက်လှမ်းနေသည့် လမ်းကြောင်းအတိုင်း ခိုင်ခိုင်မာမာ ရပ်တည် လျှောက်လှမ်းသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်အတူ အတွင်းရေးမှူး ဦးကျော်မင်းဆွေ၊ တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းကလျာဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးဖေမြင့်၊ ဦးခင်မောင်ဌေး၊ ဦးသီဟစော၊ ဦးမြင့်ကျော်၊ ဦးရဲမင်းဦးနှင့် ဦးကိုကိုတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးတို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကြသည်။

တပ်မတော်နှင့် စာနယ်ဇင်းကောင်စီ(ယာယီ) တွေ့ဆုံညှိနှိုင်းမှုအရ မီဒီယာများသိရှိရယူနိုင်ရန် တပ်မတော်က ထုတ်ပြန်ပေးနိုင်သည့် သတင်းအချက်အလက်များကို မြဝတီ Web Portal တွင် အချိန်နှင့် တစ်ပြေးညီဖော်ပြသွားမည် ဖြစ်ကြောင်း၊ တပ်မတော်နှင့် မီဒီယာများအကြား ချောမွေ့ကောင်းမွန်သည့် ဆက်ဆံရေးယန္တရားတစ်ရပ် ထူထောင်နိုင်ရန်နှစ်ဖက်ကိုယ်စားလှယ် ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကို ဆောလျင်စွာပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ၌ အားကစားပြိုင်ပွဲများကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၃**

မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေး (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ မျိုးဆက်သစ်အားကစားသမားများ ဖော်ထုတ်ရရှိရေးအတွက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်ရှိသော အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်)ကျောင်းများမှ အားကစားသမားများ ယှဉ်ပြိုင်မည့် အားကစားပြိုင်ပွဲများကို နိုဝင်ဘာ ၂၀ ရက်မှ ၂၅ ရက်အထိ အားကစားနည်း ၂၄ နည်းဖြင့် နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ကွင်းရှိ သက်ဆိုင်ရာ အားကစားကွင်း/ အားကစားရုံများ၌ အားကစားပြိုင်ပွဲများ၏ ပြိုင်ပွဲပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို နိုဝင်ဘာ ၂၂ရက်နံနက်ပိုင်းက ကျင်းပသည်။

အမျိုးသားမီတာ ၂၀၀ ရေကူးပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်ထက်ထက်ထိုက် (ရန်ကုန်သိပ္ပံ)၊ ဒုတိယဆုရရှိသော စိုင်းသီဟ (မန္တလေး သိပ္ပံ)၊ တတိယဆုရရှိသော မင်းဗလရာဇာမွန် (ရန်ကုန်သိပ္ပံ)မှ အားကစားသမားများအား ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက လည်းကောင်း**(အောက်ပုံ)**၊ အမျိုးသမီးမီတာ ၂၀၀ ရေကူးပြိုင်ပွဲမှ ပထမဆုရ မနေခြည်လှိုင်း (ရန်ကုန်သိပ္ပံ)၊ ဒုတိယဆုရ မဖြူဖြူမြင့် (မန္တလေးသိပ္ပံ)၊ တတိယဆုရ ဟေမာန်နှင်းဖွေး (မန္တလေးသိပ္ပံ)တို့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းကလည်းကောင်း၊ အမျိုးသားမီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲမှ ပထမဆုရ ကောင်းမြတ်ဝင်း (ရန်ကုန်သိပ္ပံ)၊ ဒုတိယဆုရ ဇာနည်အောင် (မန္တလေးသိပ္ပံ)၊ တတိယဆုရ အောင်မျိုးမြင့်သူ (ရန်ကုန်သိပ္ပံ) တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လည်းကောင်း၊ အမျိုးသမီးမီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲမှ ပထမဆုရရှိခဲ့သော မထူးထူးထက်(ရန်ကုန်သိပ္ပံ)၊ ဒုတိယဆုရရှိခဲ့သော မဖြူဖြူမြင့် (မန္တလေးသိပ္ပံ)၊ တတိယဆုရရှိခဲ့သော မရွှေဇင်ထွန်း (ရန်ကုန်သိပ္ပံ)တို့ကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်က လည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။



ဆက်လက်၍ စားပွဲတင်တင်းနစ်ပြိုင်ပွဲများဖြစ်သော အမျိုးသား/ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲများနှင့် တစ်နိုင်ငံချင်းပြိုင်ပွဲများအတွက် ဆုရရှိသူများအား ဆုများချီးမြှင့်ကြသည်။

ထို့နောက် မြားပစ်ကွင်း၌ ကျင်းပပြုလုပ်ခဲ့သော မြားပစ်(Recurve) ပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်း ရှုံးထွက်မြားပစ်ပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်း ရှုံးထွက်မြားပစ်ပြိုင်ပွဲ၊ အမျိုးသမီးအသင်းလိုက် ရှုံးထွက်ပွဲစဉ်များ၊ အမျိုးသား/အမျိုးသမီး အသင်းလိုက် နှစ်ယောက်တွဲ မြားပစ်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းရှိ စက်ဘီးစီးချိန်ပြုပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲများ၊ TC-2 လယ်ဝေးရှိ အားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပလျက်ရှိသော သေနတ်ပစ်ပြိုင်ပွဲနှင့် ကျွမ်းဘားပြိုင်ပွဲတို့တွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

**ဓာတ်ပုံ-ကျော်သူရ**

## မိုးလေဝသ အခြေအနေ

**နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့** အများအားဖြင့်သာယာမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များလျော့နည်းနေမည်။ **(မိုး/ဇလ)**

တက္ကသိုလ်စာမေးပွဲဖြေဆိုပြီးသူများ
ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့်
အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
လှည်းတန်းကျောင်းခွဲ
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)Y.W.C.A
Ph: 202046,392048,256954
Ph: 01-503472, 09 73001453

BASIC ENGLISH SPEAKING
10 - 11:30 (Mon – Thurs) 24 Nov
3:30 - 5 (Mon – Thurs) 1 Dec
1 - 4:00 (Sat + Sun) 6,28 Dec
1 - 2:30 (Mon – Thurs) 9,16 Dec

BASIC FOUR SKILLS ENGLISH
9 - 12:00 (Sat + Sun) 29 Nov
7:30 - 9 (Mon – Thurs) 1 Dec
1 - 2:30 (Mon – Thurs) 1,9 Dec
6 - 7:30 (Mon – Thurs) 1 Dec
1 - 4:00 (Sat + Sun) 7,28 Dec
10-11:30 (Mon – Thurs) 8 Dec
3:30 - 5 (Mon – Thurs) 8,16 Dec

BASIC GRAMMAR
9 - 12:00 (Sat + Sun) 6 Dec

PRE-INTERMEDIATE
10-11:30 (Mon – Thurs) 1 Dec
9 - 12:00 (Sat + Sun) 6 Dec
1 - 2:30 (Mon – Thurs) 9 Dec

INTERMEDIATE (ACADEMIC ENGLISH)
10-11:30 (Mon – Thurs) 1 Dec
7:30-10:30 (Sat+Sun) 7 Dec

VOCAB ENRICHMENT
7:30 - 9 (Mon – Thurs) 24 Nov
10-11:30 (Mon – Thurs) 9 Dec
1 - 2:30 (Mon – Thurs) 29 Dec

BASIC WRITING
10 - 11:30 (Mon – Thurs) 1 Dec

INTERMEDIATE WRITING
12 - 3:00 (Sat + Sun) 6 Dec

BASIC ENGLISH SPEAKING
1 - 2:30 (Mon – Thurs) 24 Nov
7:30 - 9 (Mon – Thurs) 1 Dec

PRE-INTERMEDIATE
5 - 7:30 (Mon – Thurs) 15 Dec
7:30 - 9 (Mon – Thurs) 5 Jan

INTERMEDIATE
7:30 - 9 (Mon – Thurs) 6 Jan

BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon – Thurs) 1 Dec
6 - 7:30 (Mon – Thurs) 9 Dec
3:30 - 5 (Mon – Thurs) 29 Dec
7:30 - 9 (Mon – Thurs) 30 Dec
10 - 11:30 (Mon – Thurs) 30 Dec

IELTS (Preparation)
1 - 3:30 (Mon – Thurs) 17 Nov
1 - 4:30 (Sat + Sun) 24 Jan

IELTS Exam Practice
3:30 - 5 (Mon – Thurs) 10 Nov

IELTS (Speaking)
1 - 2:30 (Mon – Thurs) 29 Dec

IELTS (Reading)
10 - 12:00 (Mon – Thurs) 18 Nov

IELTS (Writing)
9:30 - 12:30 (Sat + Sun) 29 Nov

ရွှေကြေးစည် - ကျိုက်ထီးရိုး / ချောင်းသာ

ARTOLLO
HOT LINE
PH : 01-389187
PH : 09-32109138

23
မဆလ

နိုင်ငံတကာသတင်း

# အာဖဂန်၌ ဘော်လီဘောပြိုင်ပွဲတွင်ပေါက်ကွဲမှုဖြစ်ပွား လူ ၄၅ ဦးထက်မနည်း သေဆုံး




**ကဘူးလ် နိုဝင်ဘာ ၂၃**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ ကျင်းပသည့် ဘော်လီဘောပြိုင်ပွဲတစ်ခုတွင် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာလူ ၄၅ ဦးထက်မနည်းသေဆုံးခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ပြိုင်ပွဲသို့လာရောက်ကြည့်ရှုသူ အများအပြားရောက်ရှိချိန်တွင်အဆိုပါတိုက်ခိုက်ရေးသမားက စနက်တံဖြုတ်ကာ ဗုံးဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း ပက်တီကာပြည်နယ် အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယာဟ်ယာခိုင်လ်ခရိုင်၌ ဖြစ်ပွားသည့် အဆိုပါ ပေါက်ကွဲမှုဖြစ်စဉ်တွင်လူ ၆၀ ခန့်မှာလည်း ဒဏ်ရာရရှိသွားသည်။ လာမည့်လအတွင်း အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ နိုင်ငံခြားတပ်ဖွဲ့အများစု ရုပ်သိမ်းသွားပြီးချိန်တွင် နေတိုးနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ဆက်လက်ကျန်ရှိနေမည့်ကိစ္စနှင့်ပတ်သက်၍ အာဖဂန်ပါလီမန်အမတ်များက လက်ခံအတည်ပြုပြီးနောက် အဆိုပါပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

နေတိုးတပ်ဖွဲ့ဝင်အင်အားသစ် စုစုပေါင်း အရေအတွက်မှာ ၁၂၀၀၀ ခန့် ရှိမည်ဖြစ်ပြီး လေ့ကျင့်ပေးခြင်း၊ အကြံပေးခြင်း၊ အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များကို ကူညီပေးခြင်းတို့ ပြုလုပ်သွားမည်ဖြစ်သည်။

ယနေ့ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုမှာ ဒေသတွင်း ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲကို ကြည့်ရှုရန် ပြင်ဆင်နေသည့် ပရိသတ်လူစုလူဝေး စုမိချိန်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေကျေဒဏ်ရာရသူ အများစုမှာ အရပ်သားများဖြစ်ကြသည်။ **ဘီဘီစီ**

# အဓိကစစ်ဆင်မှုများ အဆုံးသတ်သွားသော်လည်း အမေရိကန်တပ်ဖွဲ့ဝင်များ တာလီဘန်များကို ဆက်လက်တိုက်ခိုက်

**ဝါရှင်တန် နိုဝင်ဘာ ၂၃**

အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များအား ၂၀၁၅ ခုနှစ်တွင် တာလီဘန်တိုက်ခိုက်ရေးသမားများကို ပစ်မှတ်ထားကာ တိုက်ခိုက်သွားရန် ခွင့်ပြုဖွယ်ရှိကြောင်း၊ အဓိက စစ်ဆင်တိုက်ခိုက်မှုများ အဆုံးသတ်ပြီးနောက် ယင်းတို့၏ ကဏ္ဍကို တိုးချဲ့လိုက်ခြင်းဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားသည်။

အာဖဂန်မစ်ရှင်များအတွက် လေကြောင်းမှ အထောက်အပံ့ပေးရန် သမ္မတအိုဘားမားက သဘောတူထားပြီဖြစ်ကြောင်းလည်း အမေရိကန်မီဒီယာများက သတင်းဖော်ပြသည်။ အာဖဂန်ရှိ အမေရိကန် တပ်ဖွဲ့ဝင်များကို ၂၀၁၄ ခုနှစ်အကုန်တွင် ၉၈၀၀ ထိ လျှော့ချသွားဖွယ်ရှိသည်။

ယခင် အစီအစဉ်များသည် အာဖဂန်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးရန်နှင့် အယ်လ်ခိုင်ဒါတို့အား တိုက်ခိုက်ရာတွင် ကူညီဆောင်ရွက်ရန်ဟူသော အကန့်အသတ်များဖြစ်ခဲ့သည်။

စစ်သွေးကြွများ အနေဖြင့် အမေရိကန် ပြည်ထောင်စုနှင့် ညွန့်ပေါင်းတပ်များအား တိုက်ခိုက်ခြိမ်းခြောက်လာလျှင် စစ်ရေးအရ ဝင်တိုက်ရန် ခွင့်ပြုဖွယ်ရှိကြောင်း အမည်မဖော်လိုသူ တစ်ဦးက အမေရိကန်မီဒီယာသို့ ပြောသည်။

အဆိုပါ အပြောင်းအလဲသည် လွန်ခဲ့သည့် သီတင်းပတ်များက သမ္မတအိုဘားမားကိုယ်တိုင်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း နယူးယောက်တိုင်း(မ်)က ဖော်ပြသည်။ စက်တင်ဘာလအတွင်းက သမ္မတအက်ရှ်ရပ်ဂါနီဦးဆောင်သော အစိုးရသစ်သည် ၂၀၁၄ ခုနှစ်အလွန် အာဖဂန်၌ အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေးအရ ဆက်လက်ထားရှိရန် လက်မှတ်ရေးထိုးခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်များ ဖြန့်ကြက်မှုသည် ၂၀၁၅ ခုနှစ်အကုန်ထပ်မံ၍ ထက်ဝက်လျှော့ချဖွယ်ရှိသည်။ **(ဘီဘီစီ)**



# ဂျပန်နိုင်ငံအလယ်ပိုင်း ငလျင်လှုပ်ခတ်မှု ဒါဇင်များစွာ ဒဏ်ရာရ

**တိုကျို နိုဝင်ဘာ ၂၃**

ဂျပန်နိုင်ငံအလယ်ပိုင်း တောင်ကုန်းဒေသ၌ အားပြင်းငလျင်တစ်ခုလှုပ်ခတ်ခဲ့မှုကြောင့် လူဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။

တိုကျိုမြို့အနောက်မြောက်ဘက် နာဂါနိုမြို့အနီး၌ ဒေသစံတော်ချိန် ည ၁၀ နာရီ ၈ မိနစ်က ငလျင်ဗဟိုချက် ၁၀ ကီလိုမီတာအနက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ဘူမိဗေဒဆိုင်ရာ လေ့လာရေးအဖွဲ့က ပြောခဲ့သည်။

အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၇ အဆင့်ရှိ အဓိက ငလျင်ကြီးလှုပ်ခတ်ခဲ့ပြီး နောက်ဆက်တွဲငလျင်များ လှုပ်ခတ်ခဲ့သည်။ အဆိုပါ သဘာဝဘေးအန္တရာယ်ဒဏ် ခံစားခဲ့ရသည့် ရွာနှစ်ရွာရှိ အိမ်ဒါဇင်ပေါင်းများစွာ ပျက်စီးခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့ဝင်များက ပြိုကျပျက်စီးနေသော အိမ်များအောက်ပိတ်မိနေသော လူနှစ်ဒါဇင်နီးနီးကို ယခုအချိန်ထိ ကယ်ဆယ်နိုင်ခဲ့ပြီဖြစ်သည်။ ငလျင်ဒဏ်အပြင်းထန်ဆုံး ခံစားရသည့်ဒေသသည် တောင်ကုန်းဒေသဖြစ်သည့်အလျောက် လူနေကျဲပါးကြောင်း၊ အိမ်နီးချင်းများသည် ဆွေမျိုးများဖြစ်ကြပြီး တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းကြကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအရာရှိက ပြောသည်။

ငလျင်လှုပ်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားနှင့် ရေပြတ်တောက်မှုဖြစ်ပွားခဲ့ပြီး ဒေသခံရာပေါင်းများစွာကို နေရာပြောင်းရွှေ့မှုများ ပြုလုပ်ခဲ့သည်။ သို့သော်လည်း ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်းမရှိပေ။ **(ပရက်တီဗွီ)**

# မိုင်းတွင်းပေါက်ကွဲမှု သုံးဦးသေ၊ ၂၉ ဦး ဒဏ်ရာရ

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၃**

မလေးရှားနိုင်ငံ အရှေ့ပိုင်းရှိ ကျောက်မီးသွေးတွင်းပေါက်ကွဲမှု၌ နိုင်ငံခြားသားအလုပ်သမား သုံးဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူအရေအတွက် ၂၉ ဦးအထိ တိုးလာပြီဖြစ်ကြောင်း ဒေသမီဒီယာများက ဖော်ပြသည်။

အဆိုပါသေဆုံးသူများမှာ အင်ဒိုနီးရှားနိုင်ငံသားတစ်ဦး၊ ကိုရီးယားနိုင်ငံသားတစ်ဦးနှင့် မြန်မာနိုင်ငံသားတစ်ဦးတို့ ဖြစ်ကြပြီး ဒဏ်ရာရရှိသူများတွင် အင်ဒိုနီးရှား ကိုးဦး၊ မြန်မာ ခြောက်ဦး၊ တရုတ်ငါးဦး၊ ဘင်္ဂလားဒေ့ရှ်နှစ်ဦးနှင့် ကိုရီးယားခုနစ်ဦးပါဝင်ကြောင်း ရဲမှူးက ပြောခဲ့သည်။

တရုတ်ကောင်စစ်ဝန်ရုံးက ဒဏ်ရာရရှိသူများတွင် တရုတ်နိုင်ငံသားများ ပါဝင်သည်ဟုဆိုသော်လည်း အရေအတွက်ကိုမူ မပြောခဲ့ပေ။ အခင်းဖြစ်နေရာသို့ ကောင်စစ်ဝန်ရုံးဝန်ထမ်းများ စေလွှတ်ထားခဲ့ကြောင်း အရာရှိတစ်ဦးက ဆင်ဟွာသို့ ပြောခဲ့သည်။

အဆိုပါပေါက်ကွဲမှုသည် မြေအောက်၌ မိုင်းတွင်းလုပ်သား ၁၁၉ ဦး အလုပ်လုပ်နေစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကယ်ဆယ်ရေးအဖွဲ့ဝင်များ၏ ပြောကြားချက်အရ ရွှေ့လျားစက်ခါးပတ်လက်ကိုင်ကို လှည့်လိုက်သည့်အချိန်နှင့် အလုပ်ရပ်နားထားစဉ် ဓာတ်ငွေ့များမှုတ်ထုတ်ရန် လေဆိုးထုတ်ပန်ကာအသုံးပြုချိန်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းလက်ကိုင်မှ မီးပွားလွင့်စဉ်ခဲ့ခြင်းကြောင့် ပေါက်ကွဲမှုဖြစ်နိုင်သည်ဟု ဆိုသည်။

**(ဆင်ဟွာ)**

# အိုင်အက်စ်စစ်သွေးကြွများသည် အီရတ်နိုင်ငံမြောက်ပိုင်းတွင် လူ ၇၀ ကို ပြန်ပေးဆွဲ



**ဘဂ္ဂဒက် နိုဝင်ဘာ ၂၃**

အိုင်အက်စ် အကြမ်းဖက်သမားများသည် အီရတ်နိုင်ငံမြောက်ပိုင်း ပြည်နယ်ရှိ ရွာတစ်ရွာမှ အနည်းဆုံး လူ ၇၀ ကို ပြန်ပေးဆွဲခဲ့ကြောင်း ဒေသတွင်း အရင်းအမြစ်များက ပြောသည်။ ပြန်ပေးဆွဲမှုများသည် ဆင်ဂျာ မြို့အနီး ရွာတစ်ရွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တက်ဖီရီ စစ်သွေးကြွများသည် ၎င်းတို့၏ အမာခံနယ်မြေ၌ ဖြစ်ပေါ်လာနိုင်သော တိုက်ခိုက်မှုများမှ ကာကွယ်ရန် လူမျိုးစုများ၏ ယာဉ်များနှင့် လက်နက်များကိုလည်း သိမ်းပိုက်ခဲ့ကြောင်း အဆိုပါ ဒေသတွင်း သတင်းရင်းမြစ်များက ပြောခဲ့သည်။

အစောပိုင်းက စစ်သွေးကြွများသည် အီရတ်နိုင်ငံ အနောက်ပိုင်း အန်ဘာဒေသရှိ ဆွန်နီလူမျိုးစု ၂၅ ဦးကို သုတ်သင်ခဲ့သည်။ အဗူဖက်ဟ်လူမျိုးစုမှ ရုပ်အလောင်းများကို အီရတ်တပ်မတော်မှ ရှာဖွေတွေ့ရှိခဲ့သည်။ အဆိုပါ ဖြစ်ရပ်သည် အန်ဘာဒေသ၏ မြို့တော် ရာမဒီတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အိုင်အက်စ် စစ်သွေးကြွများသည် ဆီးရီးယားနှင့် အီရတ်နိုင်ငံရှိ ဒေသအတော်များများကို ထိန်းချုပ်နိုင်ခဲ့သည်။ အဆိုပါ အိုင်အက်စ်အုပ်စုသည် စစ်သွေးကြွများကို အီရတ်နိုင်ငံသို့ ဇွန်လတွင် စေလွှတ်ခဲ့ပြီး နိုင်ငံနှစ်ခုကြား နယ်စပ်ဒေသတစ်လျှောက်အတော်များများ သိမ်းပိုက်ခဲ့သည်။

၎င်း စစ်သွေးကြွများသည် အကြမ်းဖက်လုပ်ရပ်မှန်သမျှကို ရှီးယိုက်၊ ဆွန်နီ၊ ကာ့ဒ်နှင့် ခရစ်ယာန်တို့ အများစုရှိသော အိမ်နီးချင်းဒေသများတွင် ပြုလုပ်ခဲ့ကြသည်။ အီရတ်တပ်ဖွဲ့ဝင်များသည် အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ရာတွင် ယခုချိန်အထိ အောင်မြင်မှုများရရှိနေပြီး အစွန်းရောက်သမားများကို ဆန့်ကျင်တိုက်ခိုက်မည်ဟု အခိုင်အမာဆိုထားသည်။

**(ပရက်စ်တီဗွီ)**

# စူပါမားကတ်တစ်ခု၌ တိုက်ခိုက်ခံရမှု လေးဦး ဒဏ်ရာရ

**ကွမ်ကျိုး နိုဝင်ဘာ ၂၃**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်ရှိ စူပါမားကတ်တစ်ခု၌ အမျိုးသားတစ်ဦး၏ ရန်ပြုတိုက်ခိုက်မှုကြောင့် လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောသည်။

အသက် ၂၈ နှစ်အရွယ်ရှိ အဆိုပါအမျိုးသားသည် အရက်ပုလင်းကို ဖွင့်ကာ မီးရှို့ခဲ့သည်။ ၎င်းနောက် ရိုက်ခွဲထားသော အရက်ပုလင်းဖြင့် လမ်းသွားလမ်းလာနှစ်ဦးနှင့် လုံခြုံရေးနှစ်ဦးကို တိုက်ခိုက်ခဲ့သည်။ ၎င်းကို ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ **(ဆင်ဟွာ)**

# နတ်မောက်မြို့နယ် ကျောက်ဆည်ကုန်းကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခဲ့သဖြင့် သက်ဆိုင်ရာမှကွင်းဆင်းစစ်ဆေး

**နတ်မောက် နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပန်းညိုကျေးရွာအုပ်စု ကျောက်ဆည်ကုန်း ကျေးရွာ၌ နိုဝင်ဘာ ၁၄ ရက်မှ စတင်ကာ ၁၆ ရက်အထိ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၂၉ ဦး ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားခဲ့ပြီး အဆိုပါ ရောဂါဖြင့် နိုဝင်ဘာ ၁၆ရက်တွင် ယင်းကျေးရွာနေ ဒေါ်စောရီ (၈၂နှစ်) သေဆုံးခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၆ ရက်တွင် ထိုကျေးရွာသို့ မြို့နယ်သူနာပြုအဆင့်(၁)ဒေါ်အေးကျင်၊ လက်ထောက်ကျန်းမာရေးမှူးအဆင့်(၁) ဒေါ်မာရီစန်း၊ ကျန်းမာရေးကြီးကြပ်အဆင့်(၂) ဦးဘိုထွန်း၊ သမှုန်းကုန်းကြီးကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးစိုးပိုင်၊ ကျန်းမာရေးကြီးကြပ်အဆင့်(၂) ရှစ်ဦး၊ သားဖွားဆရာမလေးဦး စုပေါင်းကျန်းမာရေးဝန်ထမ်း ၁၆ ဦးတို့ဖြင့် ဆေးခန်းဖွင့်လှစ်၍ ပြုစုစောင့်ရှောက်ပေးခြင်း၊ ကြိုတင်ဆေးကုသခြင်း၊ ကျေးရွာရှိ ရေတွင်း/ရေကန်များကို စစ်ဆေးခြင်း၊ ယင်လုံအိမ်သာများစစ်ဆေးခြင်း၊ ဆေးခတ်ခြင်း၊ ကျန်းမာရေးဟောပြောပွဲပြုလုပ်ခြင်း၊ ဆေးကုသမှုခံယူရန် ရောက်ရှိလာသူ ၂၄ ဦးကို ဆေးဝါးကုသစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားရခြင်း အကြောင်းအရင်းသည် သောက်သုံးရေကြောင့်ဖြစ်ကြောင်းနှင့် ကျောက်ဆည်ကျေးရွာ၌ အိမ်ခြေ ၈၀ ရှိသည့်အနက် အိမ်ခြေ ၃၀ သာ ယင်လုံအိမ်သာရှိပြီး ကျန်အိမ်ခြေ ၅၀သည် ယင်လုံအိမ်သာမရှိကြောင်းသိရသည်။

သို့ဖြစ်၍ ရွာဦးဘုန်းတော်ကြီးကျောင်း၌ နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်၊ ရွှေပန်းတောတိုက်နယ်ဆရာဝန် ဒေါက်တာညွန့်ရွှေအောင်တို့ ကွင်းဆင်းရောက်ရှိပြီး ကျေးရွာအထောက်အကူပြု အဖွဲ့ဝင်များ၊ ရွာသူရွာသားများနှင့် တွေ့ဆုံ၍ ဒေါက်တာညွန့်ရွှေအောင်က ဝမ်းရောဂါများ ဖြစ်ပွားရခြင်းအကြောင်း အသိပညာပေး ဟောပြောသည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက ယင်းကျေးရွာအတွက် ယင်လုံအိမ်သာ ခွက် ၁၀၀ ပေးအပ်ခဲ့ရာ ကျေးရွာအထောက်အကူပြုကော်မတီအဖွဲ့ဝင် ဦးသိန်းရွှေက လက်ခံခဲ့သည်။ အဆိုပါ ကျေးရွာများတွင် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမျိုးမင်းနှင့်အဖွဲ့က ကျန်းမာရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# ဗန်ကောက်-မယ်ကောင်လမ်း၌ မြန်မာနှစ်ဦးယာဉ်တိုက်ခံရ၊ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**ဗန်ကောက် နိုဝင်ဘာ ၂၃**

ထိုင်းနိုင်ငံအတွင်းရှိ စမွတ်စာခွန်ခရိုင် စမွတ်ဆုံခါ (မယ်ခေါင်)မြို့ရှိ ဗန်ကောက်- မယ်ကောင်လမ်းမကြီး၌ နိုဝင်ဘာ ၁၄ ရက်ညနေပိုင်းက ဆိုင်ကယ်မောင်းနှင်သော မြန်မာအလုပ်သမနှစ်ဦး ယာဉ်တိုက်ခံရသဖြင့် တစ်ဦးသေဆုံးပြီးတစ်ဦး ဒဏ်ရာရခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့မှ နိုဝင်ဘာ ၂၂ ရက် ညနေပိုင်းက ဆက်သွယ်ပြောပြချက်အရ သိရသည်။

ဖြစ်စဉ်မှာ ထိုင်းနိုင်ငံအတွင်းရှိ စမွတ်စာခွန်ခရိုင် စမွတ်ဆုံခါ (မယ်ခေါင်)မြို့နေ မြန်မာအလုပ်သမများဖြစ်ကြသော မညိုနှင့် မလဲ့လဲ့ဝင်းတို့သည် နိုဝင်ဘာ ၁၄ ရက်ညနေ ဒေသစံတော်ချိန် ညနေ ၅ နာရီက အလုပ်မှနေအိမ်သို့ ဆိုင်ကယ်မောင်းနှင်ကာ ပြန်လာကြစဉ် ဗန်ကောက်-မယ်ကောင် လမ်းမကြီးအရောက် လမ်းသွယ်တစ်ခုသို့ ချိုးကွေ့ရာ တစ်ဖက်ယာဉ်ကြောမှ ထိုင်းနိုင်ငံသူ အမျိုးသမီးတစ်ဦး မောင်းနှင်လာသောယာဉ်က အဆိုပါ မြန်မာအလုပ်သမနှစ်ဦး မောင်းနှင်လာသော ဆိုင်ကယ်ကိုဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူမညိုသည် အခင်းဖြစ်နေရာတွင်ပွဲချင်းပြီး သေဆုံးသွားခဲ့ပြီး အတူပါသူ မလဲ့လဲ့ဝင်းတွင်လည်း ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သဖြင့် မယ်ကောင်ဆေးရုံကြီး၌ အတွင်းလူနာ (စိုးရိမ်ရ)အဖြစ် တင်ပို့ကုသခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ နိုဝင်ဘာ ၂၂ ရက်ညပိုင်းက ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (MAT) အတွင်းရေးမှူးဖြစ်သူ ကိုခိုင်ကြီးက "အခု ယာဉ်တိုက်မှုဖြစ်စဉ်က သေဆုံးသူအတွက်ရော လတ်တလော ဆေးရုံမှာ အတွင်းလူနာအဖြစ် ဆေးကုသခံယူနေရသူ နှစ်ဦးစလုံးအတွက် နစ်နာကြေးတွေကို ဝင်တိုက်တဲ့ ယာဉ်မောင်းကလည်းမကြည့်ဘူး။ နောက်ပြီး ဒီအလုပ်သမနှစ်ဦးစလုံးရဲ့ ဆွေမျိုးတွေကလည်း မရှိကြဘူးလေ၊ အခင်းဖြစ်ရက်က ဆုံးသွားတဲ့ ကောင်မလေးမှာဆို သားသမီးနှစ်ဦး ကျန်ခဲ့ပါတယ်။ လက်ရှိဆေးရုံမှာ အတွင်းလူနာအဖြစ် ကုသနေတဲ့ မလဲ့လဲ့ဝင်းလည်း ပြင်းပြင်းထန်ထန်ထိသွားလို့ အသက်ရှူတာတောင် စက်အကူအညီနဲ့ ရှူနေရပါတယ်။ အခုသူ့ရဲ့ဆေးကုသစရိတ်ဟာ ဘတ်ငွေခုနစ်သောင်းကုန်ကျနေပြီလို့ပြောတယ်။

"သူဆက်ပြောတာက ဒီနေ့အထိ လူနာဆေးကုသစရိတ် လာရောက်ပေးသွင်းတဲ့သူလည်း မရှိသေးဘူးပေါ့။ အဲဒီတော့ လူနာက ပိုင်ရှင်မဲ့လူနာလိုဖြစ်နေတယ်ပေါ့ဗျာ၊ ဆေးကုသစရိတ်မသွင်းတော့ ဆေးရုံကလည်း ခြေထောက်အရိုးကျိုးသွားတဲ့အတွက် စတီးလ်အရိုးထည့်ပေးရမယ့်အရေးတောင် မထည့်ပေးသေးဘဲ အချိန်ဆွဲနေတဲ့အတွက် အဲဒီဆေးရုံက တာဝန်ရှိလူကြီးနဲ့တွေ့ဆုံပြီး ကျွန်တော်တို့လူနာကို သက်သာပျောက်ကင်းတဲ့ အနေအထားအထိ ကုသဖို့အတွက် မေတ္တာရပ်ခံပါတယ်။ တကယ်လို့ လူနာအတွက် လိုအပ်မယ်ဆိုရင်လည်း မြန်မာသံရုံးမှာပါ အကူအညီတောင်းခံပေးပါ့မယ်လို့ သက်ဆိုင်ရာ ဆရာဝန်တွေကိုပြောခဲ့ရပါတယ်" ဟု ပြောကြားခဲ့သည်။



ယာဉ်တိုက်ခံရသည့် မြန်မာအလုပ်သမနှစ်ဦး စီးနင်းသည့်ဆိုင်ကယ်။

အဆိုပါ ယာဉ်တိုက်မှုတွင် ယာဉ်မောင်း ထိုင်းနိုင်ငံသူ အမျိုးသမီးကို အခင်းဖြစ်နေရာတွင် လက်ရဖမ်းဆီးရမိခဲ့ကြောင်း သိရပြီး မျက်မြင်သက်သေ မရှိသောကြောင့် လက်ရှိအာမခံရထားကြောင်း သိရသည်။

သေဆုံးသူ မြန်မာအလုပ်သမနှင့် လက်ရှိဆေးရုံ၌အတွင်းလူနာအဖြစ် ဆေးကုသခံနေရသော မြန်မာအလုပ်သမတို့သည် မြန်မာနိုင်ငံ ကရင်ပြည်နယ် မြဝတီမြို့ ကြံခင်းရပ်ကွက်ရှိ ကရင်စာပေအစည်းအရုံးအနီး၌ နေထိုင်ကြသူများ ဖြစ်သည်ဟုသိရပြီး အဆိုပါ မြန်မာအလုပ်သမ နှစ်ဦးအတွက် ရသင့်ရထိုက်သောနစ်နာမှု လျော်ကြေးအတွက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (MAT) က ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(SP)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မော်လမြိုင်မြို့သို့ ထိုင်းနိုင်ငံနယ်စပ်ဘက်မှ တင်သွင်းသည့် ငါးနှင့်ပုစွန်များသိမ်းဆည်းရမိ

**မော်လမြိုင် နိုဝင်ဘာ ၂၃**

မွန်ပြည်နယ် မော်လမြိုင်မြို့အဝင် ဟသ်ာအဝိုင်း စစ်ဆေးရေးဂိတ်၌ ထိုင်းနိုင်ငံနယ်စပ်မှ မော်လမြိုင်သို့ တရားမဝင်သယ်ဆောင်လာသည့် ယာဉ်နှစ်စီးပေါ်မှ အေးခဲငါးနှင့်ပုစွန်များ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးခင်မောင်လွင် ဦးစီးသောပူးပေါင်းအဖွဲ့သည် မော်လမြိုင်မြို့ ဟသ်ာအဝိုင်းစစ်ဆေးရေးဂိတ်၌ Mobile Team အဖွဲ့ဖြင့် အကောက်ခွန်မဲ့တရားမဝင်ကုန်စည်များ ရှာဖွေစစ်ဆေးဆောင်ရွက်နေစဉ် နိုဝင်ဘာ ၂၂ ရက် ညနေ ၆ နာရီခွဲက ထိုင်းနိုင်ငံနယ်စပ်ဘက်မှ တရားမဝင်သယ်ဆောင်လာသော အေးခဲငါးနှင့်ပုစွန်များတင်ဆောင်လာသည့် ယာဉ်နှစ်စီးကိုတွေ့ရှိရသဖြင့် မြိုင်သာယာနယ်မြေရဲစခန်းသို့ ခေါ်ဆောင်လာပြီး ဒုတိယရဲမှူး ခင်မောင်လွင်၊ ကုန်သွယ်/မြှင့်တင်ဦးစီးဌာနမှ ဦးအောင်ကိုကို၊ အကောက်ခွန်ဦးစီးမှူး ဦးရင်မောင်မောင်၊ အသိသက်သေ ဦးသက်ထွန်း၊ ဦးစိုးသုဝဏ်တို့က စစ်ဆေးခဲ့ရာ မော်လမြိုင်မြို့ ကွင်းရပ်ရပ်ကွက် သုခလမ်းအမှတ် (၅၂/အေ)နေ သန့်ဇင်ဦး(၂၇နှစ်) မောင်းနှင်လာသည့် ယာဉ်အမှတ် 8L/----ကင်တာအဖြူရောင်အရှည် ၁၆ ပေ ယာဉ်ပေါ်မှ အေးခဲငါး ၁၁ ပိဿာဝင် အိတ် ၃၀၀၊ ငါးအိတ်အပျက် ပိဿာ ၅၅၀ စုစုပေါင်း ပိဿာ ၃၈၅၀ တန်ဖိုးငွေကျပ် ၃၈၅၀၀၀၀ နှင့် မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက် ညောင်လေးပင်လမ်း အမှတ် (၁၉)နေ စည်သူအောင် (၂၂နှစ်) မောင်းနှင်လာသည့် 8L/.... ကင်တာ အဖြူရောင် ၁၄ ပေ ယာဉ်ပေါ်မှ အေးခဲငါး ၁၁ ပိဿာဝင် အိတ် ၁၀၀၊ ပိဿာ ၁၁၀၀၊ တန်ဖိုး ငွေကျပ် ၁၁၀၀၀၀၀၊ ပုစွန် ၁၂ ပိဿာဝင် ငါးဖာ၊ ပုစွန်အကြွေ (ဖာပျက်) ၁၁၅ ပိဿာ စုစုပေါင်း ၇၂၇ ပိဿာ တန်ဖိုးငွေကျပ် ၂၁၈၀၀၀၀ကို သက်သေများနှင့်အတူ စစ်ဆေးတွေ့ရှိရသဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

အမှုနှင့်ပတ်သက်၍ ဒုရဲမှူး ခင်မောင်လွင်က တရားလိုပြုလုပ်တိုင်ကြားသဖြင့် အကောက်ခွန်မဲ့ တရားမဝင်အေးခဲငါးနှင့် ပုစွန်များ သယ်ဆောင်လာသူ ယာဉ်မောင်း သန့်ဇင်ဦး(၂၇နှစ်) နှင့် စည်သူအောင် (၂၂ နှစ်)တို့ကို မြိုင်သာယာနယ်မြေရဲစခန်းက ပို့ကုန်/သွင်းကုန်ဥပဒေအရ အရေးယူစစ်ဆေးနေကြောင်း သိရသည်။

**ကိုကိုသိန်း(မော်လမြိုင်)**

# တရားမဝင်အရက်ဖိုများကြောင့် ပြည်သူများကျန်းမာရေးထိခိုက်နေ

**ရွှေကူ နိုဝင်ဘာ ၂၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်း တရားမဝင်အရက်ချက်လုပ်မှုများကို မြို့ပေါ်ရပ်ကွက်အချို့ရှိ လူနေအိမ်ခြေများအတွင်း၌ပါ ချက်လုပ်လျက်ရှိသောကြောင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးထိခိုက်နေရကြောင်း သိရသည်။

"စီအက်စ်-၂ လိုင်စင်ရထားတဲ့ လူတစ်ဦးကတစ်ဖိုကို ကျပ်သုံးသိန်းခွဲနဲ့ ကောက်ယူပြီး တရားမဝင်အရက်ဖိုတွေကို လုပ်ကိုင်ခွင့်ပေးနေတယ်လို့ သိရတယ်။ တရားမဝင်အရက်ချက်လုပ်မှုတွေကြောင့် အရည်အသွေးစစ်ဆေးမှုမရှိတဲ့ အရက်တွေထွက်လာတယ်။ ရပ်ကွက်ထဲမှာ အရက်ချက်တဲ့အတွက် အနံ့အသက်ဆိုးတွေကြောင့် ပတ်ဝန်းကျင်မှာနေထိုင်သူတွေ ကျန်းမာရေးထိခိုက်စေတယ်" ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးက ပြောကြားသည်။

စီအက်စ်-၂ ဆိုသည်မှာ အရက်ဖြူချက်လုပ်ခွင့်လိုင်စင်ဖြစ်ကြောင်း၊ အချို့ကအရက်ချက်သည့်ဖိုမရှိဘဲ လိုင်စင်ကိုသာ ရယူထားကာ တရားမဝင်အရက်ချက်လုပ်သူများထံမှ ငွေကြေးလိုက်လံကောက်ယူနေခြင်းဖြစ်ကြောင်း စားသောက်ဆိုင်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးကပြောကြားသည်။ ရွှေကူမြို့နယ်အတွင်း တရားမဝင် အရက်ချက်လုပ်ငန်းလုပ်ကိုင်နေသူ ၆၀ခန့်ရှိကြောင်းဖြစ်လည်း ၎င်းကခန့်မှန်းပြောကြားသည်။ **(၀၇၃)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**










ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ကျွန်တော်နဲ့ခေါင်းဆောင်မှုပညာ

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

ကျွန်တော်ဟာခေါင်းဆောင်မှုပညာကို လေ့လာဆည်းပူးနေသူတစ်ဦး ဖြစ်ပါတယ်။ အခုလိုလေ့လာရာမှာ ရေးသားမှုတွေကို အခွင့်အရေးရရင်ရသလို စုစည်းရှာဖွေပြီး ဖတ်ရှုခဲ့တယ်၊ မှတ်သားခဲ့ပါတယ်။ ခေါင်းဆောင်မှုပညာနဲ့ ပတ်သက်လာရင် နာမည်အကြီးဆုံးပညာရှင်တစ်ဦးက အမေရိကန်နိုင်ငံသား Warren Bennis ဖြစ်ပါတယ်။ဆရာကြီးဟာ လွန်ခဲ့တဲ့သုံးလကျော်က အသက် ၈၉ နှစ်မှာ ကွယ်လွန်ခဲ့တယ်။

ဆရာကြီးဟာ ခေါင်းဆောင်မှုပညာကို ၁၉၅၀ ပြည့်နှစ်ကစပြီး ရေးသား ဖော်ထုတ်ခဲ့သူဖြစ်ခဲ့ပါတယ်။ စာအုပ်ပေါင်း ၂၀ ကျော်ရေးခဲ့တယ်။ နာမည်ကြီး စီးပွားရေးလုပ်ငန်းရှင်များဟာ သူ့ကိုလေးစားအသိအမှတ်ပြုကြသလို အမေရိကန် ပြည်ထောင်စုမှာ သမ္မတရာထူးယူခဲ့တဲ့ ကနေဒီ၊ ဖို့ဒ်၊ ဂျွန်ဆင်နဲ့ ရေဂင်တို့ဟာ သူ့ထံမှအကြံဉာဏ်တွေရယူခဲ့ပါတယ်။ အမှန်တော့ ဆရာကြီးဟာ ခေါင်းဆောင်မှုပညာကို ဖော်ထုတ်ခဲ့သူအဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ရသူဖြစ်ပါတယ်။

**သူ့ရဲ့အခြေခံအယူအဆမှာ စီမံခန့်ခွဲမှုနဲ့ခေါင်းဆောင်မှုဟာ မတူညီဘဲ ကွဲပြားခြားနားမှုရှိတာကိုဖော်ထုတ်ခဲ့ပါတယ်။ စီမံခန့်ခွဲသူတွေဟာ သတ်မှတ်ထားတဲ့အလုပ်တွေကို မှန်မှန်ကန်ကန်လုပ်နိုင်သူတွေဖြစ်ပြီး ခေါင်းဆောင်များအနေနဲ့ လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စကို ဆောင်ရွက်ကြသူတွေဖြစ်ကြောင်း ဖော်ထုတ်ခဲ့တယ်။ မန်နေဂျာများမှာ ကာလတိုစီးပွားရေးအမြတ်အစွန်းကိုသာ အာရုံပြုကြပြီး ခေါင်းဆောင်များအနေနဲ့ အနာဂတ်အတွက် ရေရှည်ကာလအတွက် စဉ်းစားနိုင်သူဖြစ်ကြောင်း ဖော်ထုတ်ခဲ့ပါတယ်။ စီမံခန့်ခွဲသူများဟာ မိမိသွားလိုသောနေရာသို့ ရောက်အောင် စွမ်းဆောင်နိုင်သူတွေဖြစ်ကြပြီး ခေါင်းဆောင်ဖြစ်သူဟာ မိမိရဲ့လိုအပ်ချက်ကို ဖော်ထုတ်ပေးသူတွေဖြစ်ကြပါတယ်။**

**စီးပွားရေးတက္ကသိုလ်များမှာ စီမံခန့်ခွဲမှုကိုဦးစားပေးပြီး ခေါင်းဆောင်မှုကိုလျှော့တွက်ခဲ့တာကို ပြစ်တင်ဝေဖန်ခဲ့ပါတယ်။ ဒါကြောင့် လုပ်ငန်းတွေမှာ စီမံခန့်ခွဲမှုတွေများနေပြီး ခေါင်းဆောင်မှုနည်းပါးနေကြောင်းကိုလည်း ထောက်ပြခဲ့ပါတယ်။**

ဆရာကြီးက ခေါင်းဆောင်မှုဟာ မွေးရာပါအရည်အချင်းမဟုတ်ဘဲ ပြုစုပျိုးထောင်လို့ရတဲ့ကိစ္စတစ်ခုအဖြစ် သတ်မှတ်ခဲ့ပါတယ်။ ဒါကြောင့် ခေါင်းဆောင်မှုနဲ့ပတ်သက်ပြီး လိုအပ်တဲ့အသိတွေ၊ အတတ်တွေကို ဖော်ထုတ်ပေးခဲ့တယ်။ အလေ့အကျင့်ရှိရင် ခေါင်းဆောင်ကောင်းတွေ မွေးထုတ်နိုင်လိမ့်မယ်လို့ ယုံကြည်ခဲ့ပါတယ်။ ဒါကြောင့် ခေါင်းဆောင်မှုကို သရုပ်ဆောင်မှုနဲ့ တူညီတယ်လို့ ဆရာကြီးကရေးသားခဲ့ပါတယ်။ ရုပ်ရှင်မင်းသား၊ ရုပ်ရှင်မင်းသမီးများလို မိမိကပြရမယ့်အခန်းကို ကျွမ်းကျွမ်းကျင်ကျင် သရုပ်ဆောင်ရမယ်လို့ ပြောခဲ့ပါတယ်။

ခေါင်းဆောင်ပညာနဲ့ပတ်သက်လာရင် ခေါင်းဆောင်သူဟာ မိမိအကြောင်း မိမိသိနိုင်အောင် ဆောင်ရွက်ဖော်ထုတ်ရမှာဖြစ်တယ်။ ကိုယ့်အကြောင်းကိုယ် ကျကျနနသိနိုင်ဖို့ အရေးကြီးလှပါတယ်။ ဒါကြောင့်လည်း ခေါင်းဆောင်မှုပညာမှာ ကွက်စိပ်ပညာဟာ အလွန်အရေးကြီးတဲ့ အခြေခံတစ်ရပ်ဖြစ်ပါတယ်။

ခေါင်းဆောင်မှုနဲ့ပတ်သက်ပြီး အယူအဆတွေဟာ ခေတ်ကာလအလိုက် ပြောင်းလဲလာတာကိုလည်း တွေ့ရှိရပါတယ်။ တစ်ချိန်ကခေါင်းဆောင်တွေဟာ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းတွေဖြစ်ကြပြီး မိမိတို့လက်အောက်တွေကို စေခိုင်းတဲ့တာဝန်ကိုယူခဲ့ကြရတယ်။ မျက်မှောက်ခေတ် ကာလခေါင်းဆောင်များဟာ နည်းပြဆရာများလို ကျင့်ကြံလှုပ်ရှားရသူတွေ ဖြစ်ကြပါတယ်။ ဗဟိုဦးစီးစနစ်ကိုဆုပ်ကိုင်ပြီး အမိန့်ပေးမှုကို ရှောင်ရှားဖို့လိုအပ်ပါတယ်။ အမှန်တော့ ခေတ်မီလုပ်ငန်းတွေမှာ တန်ဖိုးအရှိဆုံးအရာက ဝန်ထမ်းများရဲ့ အသိတရားတွေဖြစ်ပါတယ်။ ဝန်ထမ်းများကို အသိတရားအခြေခံတဲ့ Knowledge Workers အဖြစ် သတ်မှတ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဝန်ထမ်းများမှာ ပိုင်ဆိုင်တဲ့အသိတရားတွေကို အသုံးချပြီး လုပ်ငန်းအောင်မြင်အောင် ကြိုးစားသွားဖို့ လိုအပ်ပါတယ်။

> **ခေါင်းဆောင်မှုဟာ သြဇာညောင်းမှုပဲဖြစ်ပါတယ်။ ခေါင်းဆောင်ဟာ တွန်းသူမဟုတ်ဘဲ ဆွဲဆောင်သူဖြစ်ဖို့ လိုအပ်ပါတယ်။ ခေါင်းဆောင်ကောင်းတွေလိုအပ်သလို နောက်လိုက်ကောင်းတွေလည်းရှိဖို့ အရေးကြီးပါတယ်။**

**ခေါင်းဆောင်မှုနဲ့ ပတ်သက်လာရင် အရည်အသွေးဟာပဓာနကျပါတယ်။ အရည်အသွေးဟုဆိုရာ၌ နာယကဂုဏ်ခြောက်ပါးနဲ့ ညီညွတ်သူတွေဖြစ်ရသလို အနာယကဂုဏ်ခြောက်ပါးကိုလည်း ရှောင်ကြဉ်ရမှာသာ ဖြစ်ပါတယ်။ ခေါင်းဆောင်များဟာ သည်းခံတဲ့ စိတ်မွေးဖို့လိုပြီး ယုံကြည်မှုတည်ဆောက်မှုကို ဦးစားပေးသင့်ပါတယ်။ ဆရာကြီးနဲ့ခေါင်းဆောင်မှုအတွေးအခေါ်များဟာ သူ့ရဲ့ဘဝအတွေ့အကြုံအပေါ် မှီတင်းခဲ့ပါတယ်။ ပထမကာလက သူငယ်စဉ်က ဖြစ်ပါတယ်။ ဖခင်လုပ်သူဟာ ၁၉၂၀ခုနှစ် ကမ္ဘာ့စီးပွားရေးကပ်ဆိုက်ချိန်မှာ အလုပ်လက်မဲ့ဖြစ်ခဲ့ရပြီး အရက်ပုန်းများကို ရောင်းချပြီး သူ့ရဲ့မိသားစုကို ပြုစုကျွေးမွေးခဲ့တယ်။ ဒုတိယကာလက ဆရာကြီးဟာ ဒုတိယကမ္ဘာစစ်မှာ တပ်သားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သူ့ရဲကောင်းဘွဲ့ကို ရရှိခဲ့ပါတယ်။ နောက်ဆုံးကာလက ဆရာကြီးဟာ ဒုတိယကမ္ဘာစစ်ပြီးချိန် တက္ကသိုလ်များမှာ ပညာပို့ချတဲ့ကာလ ဖြစ်ပါတယ်။ သူဟာ ကောလိပ်တစ်ခုမှာ ပညာဆည်းပူးခဲ့ပြီး စီမံခန့်ခွဲမှု ပညာရှင် Mc Gregor ရဲ့ တိုက်တွန်းချက်အရ နာမည်ကြီးတက္ကသိုလ်တစ်ခု ဖြစ်တဲ့ MITမှာ စီးပွားရေးပါရဂူဘွဲ့ကို ရယူနိုင်ခဲ့တယ်။ ဆရာကြီးက အမေရိကန်မှာရှိတဲ့ နာမည်ကြီးတက္ကသိုလ်တွေမှာ တာဝန်ယူခဲ့တာ ဖြစ်ပါတယ်။**

ဆရာကြီးဟာ ကျွန်တော့်ရဲ့ သင်ဆရာမဟုတ်ပေမယ့် မြင်ဆရာတစ်ဦး ဖြစ်ပါတယ်။ သူ့ရဲ့အရေးသားတွေကတစ်ဆင့် ခေါင်းဆောင်မှုပညာကို သင်ယူခဲ့ရပါတယ်။ ဒါကြောင့်လည်း အခုဆိုရင် လက်ဆင့်ကမ်းနိုင်တဲ့ အခြေအနေတွေ ရောက်နေခဲ့ပါတယ်။

**ခေါင်းဆောင်နဲ့ခေါင်းဆောင်မှုဟာ မတူပါဘူး။ လုပ်ငန်းအဖွဲ့အစည်းတစ်ခုမှာ ခေါင်းဆောင်တစ်ဦးတည်းရှိပေမယ့် လုပ်ငန်းမှာ လှုပ်ရှားပါဝင်သူတိုင်းဟာ ခေါင်းဆောင်မှုပေးနိုင်သူတွေဖြစ်ရမှာဖြစ်တယ်။ အမှန်တော့ ခေါင်းဆောင်မှုဟာ ရာထူးမဟုတ်ဘဲ အလုပ်သာဖြစ်တယ်။ ခေါင်းဆောင်မှုဟာ သြဇာညောင်းမှုပဲဖြစ်ပါတယ်။ ခေါင်းဆောင်ဟာ တွန်းသူမဟုတ်ဘဲ ဆွဲဆောင်သူဖြစ်ဖို့လိုအပ်ပါတယ်။ ခေါင်းဆောင်ကောင်းတွေ လိုအပ်သလို နောက်လိုက်ကောင်းတွေလည်း ရှိဖို့အရေးကြီးပါတယ်။ ဘာပဲဖြစ်ဖြစ် အခုလို ပညာရှင်ကြီးတစ်ဦးဆုံးပါးသွားတာဟာ ဝမ်းနည်းစရာကိစ္စတစ်ခု ဖြစ်ပါတယ်။**

# ပြည်သူများကို အမြန်ရေယာဉ်သစ်များဖြင့် ဝန်ဆောင်မှုပေးနိုင်တော့မည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

သတင်း-နေလင်း(သတင်းစဉ်)၊ ဓာတ်ပုံ-မင်းသစ်

ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးဌာနသည် ဧရာဝတီဌာနခွဲ၊ ချင်းတွင်းဌာနခွဲ၊ သံလွင်ဌာနခွဲ၊ ရခိုင်ဌာနခွဲ၊ မြစ်ဝကျွန်းပေါ်ဌာနခွဲနှင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲများ ဖွင့်လှစ်ကာ ရေလမ်းခရီးမှ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

တစ်ချိန်က လမ်းပန်းဆက်သွယ်ရေးသွားလာရခက်ခဲမှုကြောင့် ခရီးသွားပြည်သူအများစုသည် ရေလမ်းခရီးကိုသာ အသုံးပြုခဲ့ကြသည့်အတွက် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသည် ရေလမ်းခရီးသွားများအတွက် အဓိက အားထားရာဌာနတစ်ခု ဖြစ်ခဲ့သည်။နိုင်ငံတော်က ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန်နှင့် ပြည်သူများအဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် နိုင်ငံတစ်ဝန်း ရထားလမ်းပိုင်းကွန်ရက်များတိုးချဲ့ဆောက်လုပ်ခြင်း၊ လမ်းသစ်များဖောက်လုပ်ပြီး မြစ်ကူးတံတားကြီးများ တည်ဆောက်ခြင်းတို့ဆောင်ရွက်ခဲ့ရာ ခရီးသွားပြည်သူများသည် ယခင်အသုံးပြုနေသော ရေလမ်းခရီးထက် ယခုအခါ ကုန်းလမ်းခရီးကိုသာ ပိုမိုအသုံးပြုလာကြသည်။

ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးကလည်း ပြောင်းလဲလာသော ခေတ်နှင့်အညီ အများပြည်သူအား ဝန်ဆောင်မှုပေးနိုင်ရန်နှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍအား မြှင့်တင်နိုင်ရန် ဂျပန်နိုင်ငံအစိုးရအထောက်အပံ့ဖြင့် နေရာအနှံ့ပြေးဆွဲ နိုင်ရန် အမြန်ရေယာဉ်သင်္ဘောအသစ်များ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဂျပန်နိုင်ငံ အစိုးရအထောက်အပံ့နဲ့ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးကို အဆင့်မြှင့်တင်ဖို့ လုပ်နေပါတယ်။ ခရီးသည် သက်သောင့်သက်သာဖြစ်မယ့် ရေယာဉ်မျိုးဖြစ်အောင် လျာထားပါတယ်။ အသစ်တည်ဆောက်ပြီးရေယာဉ်တွေကို လက်ရှိပြေးဆွဲနေတဲ့လိုင်းတွေမှာ ပြေးဆွဲသွားမယ်၊ အခုဟာက ခရီးသည်နဲ့ ကုန်နဲ့တွဲတင်တဲ့အခါကျတော့ ခရီးသည်က ကုန်အတင်အချတွေကြာတဲ့အတွက် လိုရာခရီးကိုအချိန်မီမရောက်တော့ မစီးချင်ကြတော့ဘူး၊ ရေယာဉ်ရဲ့အနေအထားက နှစ်ခုတွဲနေတော့ မြန်မြန်ရောက်အောင် လုပ်မပေးနိုင်ဘူး။ ဒါကြောင့် ခေတ်နှင့်အညီ ရေကြောင်းပို့ဆောင်ရေးကဏ္ဍကို ပြင်ဆင်ပြောင်းလဲဖို့ လုပ်နေပါတယ်"ဟု ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဖေက ပြောသည်။

မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးလာပြီးနောက်ပိုင်း ရေကြောင်း ပို့ဆောင်ရေးကဏ္ဍတွင် ပုဂ္ဂလိကအမြန်ရေယာဉ်များ ဝင်ရောက်လာပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေယာဉ်များနှင့် အပြိုင်ပြေးဆွဲခဲ့သည်။

"သင်္ဘောတွေကို ခေတ်မီတဲ့ အတိုင်းအတာ အသွင်အပြင်တွေ ပြောင်းလဲလိုက်မှ ပုဂ္ဂလိကနဲ့ ယှဉ်ပြိုင်နိုင်မှာ၊ ရေရှည်ရပ်တည်နိုင်မှာ"ဟု



လက်ရှိပြေးဆွဲနေသည့် ခရီးသည်နှင့်ကုန်တင် နှစ်ထပ်သင်္ဘောကို တွေ့ရစဉ်။

သူဖြတ်သန်းခဲ့သည့် အတွေ့အကြုံနှင့် ပတ်သက်ပြီး ရေယာဉ်အုပ် ဦးထွန်းရှိန်က ပြောသည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးရှိ ရေယာဉ်များသည် နှစ်ပေါင်းများစွာကြာမြင့်နေပြီး ပြင်ဆင်ရန်အားနည်းခြင်းကြောင့် ပြေးဆွဲရန်မဖြစ်နိုင်တော့ကြောင်း၊ လက်ရှိပြေးဆွဲနေသည့်ခရီးသည်နှင့် ကုန်တင်သင်္ဘောများကိုလည်း ကုန်စည်သီးသန့်ဖြင့်သာ တင်ဆောင် ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍမြှင့်တင်ရန် ဂျပန်နိုင်ငံ အစိုးရအထောက်အပံ့ဖြင့် အမြန်ရေယာဉ် ၃၇ စင်းကို ရန်ကုန်မြို့တစ်ဖက်ကမ်း ဒလသင်္ဘောကျင်းတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေး-ဗန်းမော် ရေကြောင်းခရီးဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုပြုလုပ်နေသည့် ဒေါ်နန်းခမ်းက "အခုလို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက အမြန်ရေယာဉ်တွေ ပြေးဆွဲပေးမယ်ဆိုတော့ ကောင်းတာပေါ့၊ သင်္ဘောနဲ့သွားရတာက စိတ်ပေါ့ပါးတယ်။ ခရီးလည်းအရင်ကထက် မြန်ဆန်သွားမယ်ဆိုတော့ လုပ်ငန်းလုပ်ရတာ ပိုအဆင်ပြေသွားတာပေါ့"ဟု ပြောသည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဌာနသည် ရေကြောင်းပို့ဆောင်ရေး အခန်းကဏ္ဍ မြှင့်တင်ရန်အတွက် အမြန်ရေယာဉ်များ အစားထိုးပြေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ခရီးသွားပြည်သူများ ရေကြောင်းမှအဆင်ပြေချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်ပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အခန်းကဏ္ဍသည်လည်း တစ်ခေတ်ပြန်လည် ဆန်းသစ်လာတော့မည်ဖြစ်သည်။

## အင်းစိန်မြို့နယ်၌ ကွန်တိန်နာယာဉ်များကြောင့် ယာဉ်တိုက်မှုမကြာခဏဖြစ်ပွား

ရန်ကုန် နိုဝင်ဘာ ၂၃

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် ကွန်တိန်နာယာဉ်များကြောင့် မကြာခဏဆိုသလို ယာဉ်တိုက်မှုများဖြစ်ပွားခဲ့ပြီး အောင်ဇေယျတံတားအဆင်း ကန္တာရမှတ်တိုင်အနီး မကြာသေးမီ ရက်ပိုင်းအတွင်းက ကွန်တိန်နာယာဉ် တိုက်မှုကြောင့် လူအများသေဆုံးခဲ့သည့် ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။၎င်းနေရာမှာပင် နိုဝင်ဘာ ၁၉ ရက် ညနေ ၆ နာရီခန့်က ကွန်တိန်နာယာဉ်ကြောင့် ယာဉ်ရှစ်စီးဆင့်တိုက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်စဉ်မှာ လှိုင်သာယာဘက်မှ အင်းစိန်ဘက်သို့ မောင်းနှင်လာသည့် ၇ခ/--- Heno ကွန်တိန်နာယာဉ်သည် ဘရိတ်ပေါက်၍ ဘယ်ဘက်ယာဉ်ကြောမှ မောင်းနှင်လာသည့် အငှားယာဉ် CC/--- ကဒီးနား၊ (၈၇)ယာဉ်လိုင်းကား ၆က/---- ဒိုင်နာယာဉ်၊ လမ်းဘေးတွင်ရပ်ထားသော ဒိုင်အတ်စု ၇က/-----၊ ဘယ်ဘက်ယာဉ်ကြောမှ မောင်းနှင်လာသည့် ၇ဇ/---- Vitz အနီရောင်၊ ၉ဃ/ ----တွင် ဘွန်ဂို အဖြူရောင်၊ ၄ဆ/ --- Probox အဖြူ၊ CZi အနီရောင်ဆိုင်ကယ်တို့ကို တိုက်မိခဲ့သည်။

၎င်းယာဉ်တိုက်မှုကြောင့် (၈၇) ခရီးသည်တင်ယာဉ်မှ ယာဉ်မောင်း ယာဉ်နောက်လိုက်နှင့် ခရီးသည်များနှင့်ဆိုင်ကယ်စီးနင်းသူ နှစ်ဦးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့၍ အင်းစိန်ဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူစေခဲ့သည်။ **မြင့်ဦး(အင်းစိန်)**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ရန်ကုန်တက္ကသိုလ်ရှိအဆောင်များ မူလလက်ရာမပျက် ပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိ

**မေး၊ ရေး – ဥမ္မာသန့်
ဓာတ်ပုံ – ရဲထွန်း**



ဒေါက်တာဒေါ်ခင်နိုင်ဦး
စီးပွားရေးတက္ကသိုလ်(ရန်ကုန်)
တာဝန်ခံပါမောက္ခချုပ်



ဒေါက်တာအောင်သူ
ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်



ဒေါက်တာမဉ္ဇူမြင့်
အင်းလျားဆောင်
(ရန်ကုန်တက္ကသိုလ်) အဆောင်မှူး



ဒေါက်တာအေးအေးသန်း
တွဲဖက်ပါမောက္ခ
ရူပဗေဒဌာန(ရန်ကုန်)



ဦးဇော်ဌေး ညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)

ပညာအရည်အသွေး မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအပိုင်းတွင် ရုပ်ပိုင်းဆိုင်ရာပစ္စည်းများဖြည့်ဆည်းပေးခြင်း၊ ပြုပြင်မွမ်းမံရေးလုပ်ငန်းများကို မူလလက်ရာမပျက်စေဘဲ တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ရန်ကုန်တက္ကသိုလ်အတွင်းရှိ စာသင်ဆောင်များ၊ ကျောင်းသား ကျောင်းသူအဆောင်များပြုပြင်မွမ်းမံနေမှုများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မေးမြန်းခဲ့သည်ကို ဖော်ပြလိုက်ရပါသည်။

**ဒေါက်တာဒေါ်ခင်နိုင်ဦး
စီးပွားရေးတက္ကသိုလ်(ရန်ကုန်)
တာဝန်ခံပါမောက္ခချုပ်**

၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ရန်ကုန်စီးပွားရေးတက္ကသိုလ်အနေနဲ့ မာလာဆောင်ကိုထပ်ပြီး အသစ်ရရှိတာဖြစ်ပါတယ်။ ယခင်ကတည်းက ရှိခဲ့တဲ့အဆောင်ဖြစ်ပါတယ်။ ကျောင်းသူတွေကို တစ်ခန်းမှာ လေးယောက်စီ နေရအောင် စီမံထားပါတယ်။ သူတို့အတွက် လိုအပ်ချက်အပြည့်အစုံရှိရမယ်ပေ့ါ။ ခုတင်၊ ဗီရို၊ စားပွဲ၊ ကုလားထိုင်အစရှိတဲ့ အားလုံးအပြည့်အစုံထားရှိမှာ ဖြစ်ပါတယ်။ ဒီလို ရုပ်ပတ်ဝန်းကျင်ဆိုင်ရာ တိုးတက်အောင် လုပ်ပေးနေသလို ပညာရေးပိုင်းမှာလည်း နိုင်ငံတကာလို သင်ကြားနိုင်အောင် အရည်အသွေးကိုမြှင့်ဖို့လိုပါတယ်။ တစ်ဖက်ကလည်း အင်တာနက်ကို လေ့လာနိုင်အောင် ဆောင်ရွက်ပေးမှာပါ။ ကျန်းမာကြံ့ခိုင်တဲ့သူတွေဖြစ်ဖို့၊ အားကစားစိတ်ဓာတ်ရှိဖို့၊ အားကစားလုပ်လို့ရအောင် အားကစားခန်းမတွေလည်း စီစဉ်ပေးထားပါတယ်။

နိုဝင်ဘာ ၃၀ ရက်နေ့အပြီး ရေချိုးခန်းအပါအဝင် လိုအပ်တာတွေ အပြည့်ထည့်နေပါတယ်။ ကျောင်းသူတွေ ဒီဇင်ဘာလမှာ ရောက်လာတာနဲ့ အဆောင်နေနိုင်အောင် စီစဉ်ထားပါတယ်။ ယခင်တုန်းကတည်းက အဆောင်တွေမှာ ထုတ်ပြန်ထားတဲ့ စည်းကမ်းအတိုင်းပဲ ကျောင်းသူအားလုံး ညနေ ၆ နာရီမှာ အဆောင်တံခါးပိတ်မှာပါ။ နောက်တစ်ခါ စနေ၊ တနင်္ဂနွေမှာ အပြင်ထွက်ရင်လည်း အပြင်ထွက်လက်မှတ်လုပ်ရမှာပါ။ မီးပလပ်တွေကို အခန်းထဲမှာ အန္တရာယ်ရှိမှာစိုးလို့ ဘာမှသုံးလို့ မရပါဘူး။ မီးပူတိုက်တဲ့ အခန်းနဲ့ အားသွင်းဖို့ မီးလိုင်းအသစ်လည်း သေချာလုပ်ပေးပြီး သီးခြားအခန်းစီစဉ်ထားပါတယ်။ စားသောက်ဖို့အတွက်လည်း ကန်ထရိုက်တွေ တင်ဒါခေါ်ထားပါတယ်။ ကျောင်းသားတွေ စားသုံးမှုအခက်အခဲမရှိဖို့ တစ်နပ် ငွေကျပ် ၅၀၀ နှုန်းနဲ့အဆင်ပြေအောင် စီစဉ်ထားပါတယ်။

ကျောင်းသူတွေက ၁၆ နှစ်အရွယ်နဲ့ရောက်လာတော့ မိဘရင်ခွင်က လွတ်လာတာပေ့ါ။ တက္ကသိုလ်ရောက်ရင် လူကြီးဖြစ်ပြီပေ့ါ၊ မိမိကိုယ်ကိုယ် ရပ်တည်နေနိုင်ဖို့ပေ့ါ၊ သွန်သင်ပေးမယ်၊ တက္ကသိုလ်မှာနေမှု၊ ထိုင်မှု၊ စဉ်းစားမှု၊ လူအပေါင်းအသင်းပေ့ါ။ အများနဲ့နေရတယ်ဆိုတော့ အပေါင်းအသင်းနဲ့ နေတတ်တဲ့အကျင့်တွေနဲ့အတူ ပညာရပ်ဆိုင်ရာမှာရော သွန်သင်ပေးတယ်။ ဘုရားခန်းရှိတယ်။ ခြောက်နာရီ Roll Call ခေါ်ပြီးရင် ဘုရားရှိခိုးရမယ်။ သူ့ဘာသာနဲ့သူပေ့ါ။ တနင်္ဂနွေမှာ ဘုရားကျောင်းသွားလို့ ရပါတယ်။ တစ်ယောက်နဲ့တစ်ယောက် သည်းခံနိုင်တဲ့ စွမ်းအားလည်း တက်လာသလို ပေါင်းသင်းဆက်ဆံတတ်လာမယ်။ တိုင်းပြည်အတွက် အားထားရမယ့် အမျိုးကောင်းသမီးတွေကို မွေးထုတ်ပေးနိုင်မှာ ဖြစ်တဲ့အတွက် အားပိုရလာတယ်။ အလွန်ဝမ်းသာမိပါတယ်။ ကလေးတွေကလည်း တအားပျော်ပါတယ်။ မာလာသူဟောင်းတွေကလည်း အဲဒီသတင်းကြားလို့ ဖေ့စ်ဘွတ်ခ်တွေမှာ ပျော်ရွှင်ကြောင်း ရေးနေကြပါတယ်။

**ဒေါက်တာအောင်သူ
ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်**

၂၀၁၄-၂၀၁၅ အဆောင်တွေ ပြုပြင်တာနဲ့ပတ်သက်လို့ ကျောင်းတွေက ဒီဇင်ဘာလဆန်း ပြန်ဖွင့်မှာလေ။ အဆောင်မှာပြုပြင်ရေးလုပ်ငန်းကို ဆောင်ရွက်နေသူအားလုံးကို မှာထားတာက အတွင်းပိုင်းပြင်ဆင်မှုကိုတော့ လမကုန်မီ အပြီးပြင်ပေးရမယ်လို့ပြောထားတယ်။ အခု အတွင်းပိုင်းပြင်ဆင်မှုကတော့ ရာခိုင်နှုန်းပြည့်ပြီးနေပြီ၊ ဆေးသုတ်တာတို့ဘာတို့ နည်းနည်းပဲ ကျန်တာပါ။ ကျောင်းသား လက်ခံမှုအနေနဲ့ ဘာသာရပ်အသီးသီးမှာ ထူးချွန်တဲ့ ကျောင်းသားတွေ သတ်မှတ်တဲ့ အမှတ်တွေနဲ့ အဆင့်မြင့်ပညာဦးစီးဌာနအနေနဲ့ကြေညာပေးပြီး ထူးချွန်တဲ့ ကျောင်းသားတွေအကုန်လုံးကို လက်ခံပါတယ်။ လက်ခံတဲ့ ဘာသာရပ်အနေနဲ့ ဘာသာရပ်ကြီး ၁၂ ခုပါ၊ ဘာသာတစ်ခုကို အများဆုံး အယောက် ၅၀ လက်ခံပါမယ်။ အဲဒီအထဲက အမှတ်တွေကို ထပ်မံပေးသေးတယ်။ သတ်မှတ်တယ်ဆိုတာ အမှတ်စုစုပေါင်းရခြင်းဆိုတာရယ်၊ ဥပမာ- ဓာတုဗေဒယူတဲ့သူဆိုရင် ဓာတုဗေဒရမှတ်က အနည်းဆုံး ၉၀ အမှတ်စုစုပေါင်းက ၄၉၀ ရရင် နိုင်ငံတော်က လစဉ် တစ်သိန်းချီးမြှင့်တယ်။ ဟိုအရင်တုန်းက ရှိခဲ့ဖူးပါတယ်။ သိပ္ပံထူးချွန်၊ ဝိဇ္ဇာထူးချွန် ထပ်မံပေးထားပါတယ်။

ရန်ကုန်တက္ကသိုလ်ရဲ့ ရည်ရွယ်ချက်ကိုက နောင်တစ်ချိန်မှာ နိုင်ငံတော်ရဲ့ အားထားစရာ၊ ဝိဇ္ဇာ/သိပ္ပံဘာသာရပ်မှာ တကယ်ထူးချွန်တဲ့ သူတွေဖြစ်အောင်ပေ့ါ။ ဟိုအရင်နှစ်ပေါင်း ၄၀ ကျော်က အခြေခံသိပ္ပံ ပညာရှင်ဆု ပေါ်ပေါက်ခဲ့ဖူးတယ်။ အဲဒီဖြစ်စဉ်လို အခုပြန်ဖြစ်တာ။ တစ်နိုင်ငံလုံး ဒုတိယရသူတောင် သိပ္ပံဘာသာရပ် လာတက်တယ်။ အမှတ်ပေါင်း ၅၀၀ ကျော်သူတွေ ပြီးခဲ့တဲ့နှစ်ကလည်း လာတက်တယ်။ ဒီနှစ်လည်း အတော်များများ ဝင်တယ်။ ဒီကလေးတွေက နောင်တစ်ချိန်ကျရင် ပညာရေးအဆင့်အတန်းမြင့်မားမှုကို အနာဂတ် ဦးဆောင်မယ့်သူတွေပါ။ အခုလို နိုင်ငံတော်က ထောက်ပံ့ရုံမက နိုင်ငံတော်သမ္မတ ပညာတော်သင်ဆုလည်းရှိနေပြီ။ အခု နိုင်ငံတကာ တက္ကသိုလ်အသီးသီးနဲ့ နားလည်မှုစာချွန်လွှာတွေထိုးထားပြီး တက္ကသိုလ်တွေကလည်း ကျောင်းသားတွေကို ပညာတော်သင်ဆုပေးပြီး ရန်ကုန်တက္ကသိုလ်က အာဆီယံပညာသင်ဆုကို အရင်က ဆရာတွေပေးတာ။ ဒီနှစ် ကျောင်းသားတွေကို စပေးတာ၊ အာဆီယံ ၁၀ နိုင်ငံမှာ ကိုးဆုမှာ ရန်ကုန်တက္ကသိုလ်က ခုနစ်ဆုပေးလိုက်တယ်။ ဒါကြောင့်မို့ ပါရဂူဘွဲ့ ခြောက်ဆုနဲ့ မဟာသိပ္ပံဘွဲ့တစ်ဦး ရန်ကုန်တက္ကသိုလ် ကျောင်းသား ခုနစ်ဦး ယူနေပါပြီ။ ဒီလိုကလေးတွေ နောင်အများကြီး ထွက်ပေါ်လာပါမယ်။ ဂျပန်တက္ကသိုလ်ကလည်း ပညာတော်သင် ကျောင်းသားနှစ်ဦးပေးမယ်ပြောပါတယ်။ ဆက်ပြီး နော်ဝေဘုရင်နဲ့ မိဖုရားလာရင်လည်း နိုင်ငံခြားပညာတော်သင်ဆုပေးမယ်လို့ပြောတယ်။ အချိန်တစ်ခုစောင့်ပြီးရင် ကလေးတွေအတွက် ပညာတော်သင်ဆုတွေပေးမှာပါ။ ကလေးတွေအနေနဲ့ ကြိုးစားကြစေချင်ပါတယ်။

**ဒေါက်တာမဉ္ဇူမြင့်
အင်းလျားဆောင် (ရန်ကုန်တက္ကသိုလ်)
အဆောင်မှူး**

မနှစ်ကစပြီး အင်းလျားဆောင်ကို ကျောင်းသူတွေ ပြန်ပြီးလက်ခံခဲ့ပါတယ်။ ပြန်ပြီး စည်ကားလာခဲ့ပါတယ်။ အခုကျောင်းသူအားလုံးကို မိခင်လို၊ အစ်မလိုမျိုး အဆောင်မှူးက ဦးဆောင်ပြီး အဆောင်နည်းပြတွေလည်းရှိပါတယ်။ တစ်နိုင်ငံလုံး ကျောင်းသူတွေ ဒီမှာဆုံကြတယ်။ ဆုံတဲ့အခါမှာလည်း ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် ဖြစ်အောင်လို့ စည်းကမ်းတကျဖြစ်အောင် စီစဉ်ပေးထားပါတယ်။ အစားအသောက်ကိုလည်း သင့်တော်တဲ့ဈေးနှုန်းနဲ့ အချိန်မှန် ကျန်းမာရေးနဲ့ညီညွတ်စွာ စားသောက်နိုင်ဖို့ရယ် သန့်သန့်ရှင်းရှင်းချက်ပြုတ်ဖို့ စီစဉ်ထားပါတယ်။ တစ်နယ်တစ်ကျေးကလာတဲ့အတွက် အချင်းချင်း ဒေသန္တရဗဟုသုတတွေ ဖလှယ်ခွင့်ရအောင် အခန်းနေရာချထားတာကအစ တစ်ခန်းနှစ်ယောက်နှုန်းနဲ့ တွဲချဖို့ စီစဉ်ထားပါတယ်။ ညတိုင်း ဘုရားဝတ်ပြုဖို့၊ ကစားချိန်ကစားဖို့၊ လုပ်အားပေးသွားဖို့ နေရာတွေလည်းစီစဉ်ထားပါတယ်။ ကျောင်းနေလည်း ပျော်ရမယ်၊ စာလည်းတော်ရမယ်၊ နိုင်ငံအတွက် အကျိုးပြုနိုင်မယ့် သမီးကောင်းရတနာဖြစ်လာဖို့ ရည်ရွယ်ပြီး အဆောင်နေခွင့်ပေးပါမယ်။

အဲဒါအပြင် ရန်ကုန်တက္ကသိုလ်က ဝိုင်ဖိုင် လွှင့်ထားပါတယ်။ ကျောင်းမှာလည်း ဝိုင်ဖိုင်အသုံးပြုချိန်မှာ အလွယ်တကူ အသုံးပြုလို့ရနိုင်သလို အဆောင်ပြန်ရောက်ရင် စာသင်အားရင် သင်ခဲ့ရတဲ့စာကို ပြန်အသုံးချချင်ရင် အဆောင်မှာ အချိန်မရွေးသုံးစွဲနိုင်ဖို့ စီစဉ်ထားပါတယ်။ ကျောင်းသူတွေကလည်း အကျိုးရှိစွာ သုံးပါတယ်။ သူတို့ အားလပ်ချိန် ည ၈ နာရီလို့ သတ်မှတ်ထားပါတယ်။ ထမင်းစားချိန်က ညနေ ခြောက်နာရီပါ။ နေ့စဉ် Roll Call ခေါ်တယ်။ ဆုံးမစရာရှိရင် ဆုံးမတယ်။ ကိုယ်ပိုင်အချိန် နှစ်နာရီ ရပါတယ်။ သင်တန်းရေးရာဌာနနဲ့ ကျောင်းအဆောင်ဌာနကနေ ခွဲဝေချထားပေးမှာပါ။ အတန်းစုံကျောင်းသူတွေနေထိုင်လို့ရအောင် စီစဉ်ထားပါတယ်။

**ဒေါက်တာအေးအေးသန်း
တွဲဖက်ပါမောက္ခ
ရူပဗေဒဌာန(ရန်ကုန်)**

သီရိဆောင်ယာယီ အဆောင်မှူးအနေနဲ့ တာဝန်ပေးထားတယ်။ သီရိဆောင်ကြီးကို မွမ်းမံတည်ဆောက်ရေးတွေလုပ်နေပါပြီ။ ကျောင်းသူများအဆောင်နေရင်း အဆင်ပြေစွာ နေနိုင်ရေးအတွက် အစစအရာရာ ကြည့်နေပါတယ်။ ဆောက်လုပ်ရေးတွေ၊ ဆရာကြီးတွေနဲ့ တိုင်ပင်ပြီး အကောင်းဆုံး ပြင်ဆင်နေပါတယ်။ ပြီးခဲ့တဲ့နှစ်ကတည်းက အဆောင်မှူးအတွေ့အကြုံ ရှိပါတယ်။ မိဘတွေက သူတို့ကလေးတွေ ပထမနှစ်ကိုစပြီး လက်ခံတာဆိုတော့ အဆောင်မှူးတွေလက်ထဲမှာ စိတ်ချလက်ချထားခဲ့ရတာကို အားရကျေနပ်တာ မြင်ရတော့ဝမ်းသာရပါတယ်။ ဒီနှစ်မှာလည်း ကျောင်းသူတွေကို မျှော်နေပါတယ်။ အချင်းချင်းရိုင်းပင်းကူညီပြီး အေးအတူပူအမျှ သာတူညီမျှ နေတတ်တဲ့အကျင့်စရိုက်ရအောင် ပျော်ပျော်ရွှင်ရွှင်စည်းစည်းလုံးလုံးနဲ့ နေထိုင်စားသောက်ရေး အဆင်ပြေအောင် ဆောင်ရွက်ပေးပါမယ်။ နိုင်ငံရဲ့ အဓိကလိုအပ်တဲ့ သမီးကောင်းရတနာလေးတွေ စိတ်ကောင်းရှိပြီး စာတော်တဲ့၊ အမျိုးဘာသာ သာသနာထိန်းသိမ်းတတ်တဲ့ သမီးကောင်းလေးတွေဖြစ်အောင် ပြုစုပျိုးထောင်ပေးဖို့ ရည်ရွယ်ထားပါတယ်။ အဆောင်မှာ နှစ်ယောက်ခန်း၊ လေးယောက်ခန်း၊ ခြောက်ယောက်ခန်း ရှိပါတယ်။ ကျောင်းသူတွေတွဲနေမှာ ဖြစ်တဲ့အတွက် ပိုပြီး အချင်းချင်းရိုင်းပင်းကူညီမှုနဲ့ နားလည်မှုရှိအောင် လေ့ကျင့်ပေးဖို့ အစီအစဉ်ရှိပါတယ်။ အဆောင်သုံးထပ်ရှိပါတယ်။ အဆောင်မှာ ချောင်ချောင်ချိချိလေး နေမယ်ဆိုရင် ၁၅၀ ကနေ ၁၆၀ အထိ ထားလို့ရပါတယ်။ နောက်နှစ်တွေမှာ လိုအပ်ချက်အရ ၂၅၀ လောက်ထားလို့ရပါတယ်။

ရန်ကုန် တက္ကသိုလ်မှာတက်ချင်တဲ့ ရူပဗေဒဘာသာရပ်ကို အမှတ်စုစုပေါင်း ၄၉၀ ရရမယ်။ ရူပဗေဒမှာ အမှတ် ၉၀ ကျော်ရရမယ်။ ဂုဏ်ထူးတန်းကိုလည်း လက်ခံထားပါတယ်။ ဝင်ခွင့်ဖြေရမယ်။ Master ရှိတယ်။ Ph.D ရှိတယ်။ သူတို့ကိုလည်း ဝင်ခွင့်နဲ့လက်ခံပါမယ်။ ရန်ကုန်တက္ကသိုလ်က အခုဆိုရင် အာဆီယံ University Network ရဲ့အဖွဲ့ဝင် တက္ကသိုလ်တစ်ခု ဖြစ်နေပါပြီ။

**ဦးဇော်ဌေး
ညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)**

တာဝန်ရှိလူကြီးတွေ အနေနဲ့ တက္ကသိုလ် ပြင်တာဆင်တာ၊ ဆောင်ရွက်နေတာ လာရောက်ကြည့်ရှုပေးတဲ့အတွက် အင်မတန် ဂုဏ်ယူပါတယ်။ အားလည်းအားရပါတယ်။ လာကြည့်ရင်းနဲ့ လိုအပ်တာတွေ လမ်းညွှန်ပေးတာ၊ အခက်အခဲများကို ဖြည့်ဆည်းပေးတာအားလုံးက ထိရောက်တဲ့ ပံ့ပိုးမှုဖြစ်ပါတယ်။တက္ကသိုလ်တွေရဲ့ အရည်အသွေးမြင့်မားရေးအပိုင်းမှာရော၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ဖွံ့ဖြိုးဖို့အပိုင်းတွေမှာပါ တက္ကသိုလ်အသီးသီးကရေးဆွဲထားတဲ့ စီမံကိန်းနဲ့အညီ တဖြည်းဖြည်းနဲ့ ပြင်နေတာ အခုဆို အများကြီးပြောင်းလဲနေပြီ။ ရန်ကုန်တက္ကသိုလ်လမ်းတွေ၊ စာသင်ဆောင် အဆောင်တွေမှာ သန့်ရှင်းသပ်ရပ်မှုတွေရှိလာပြီ။ လိုအပ်တဲ့ သင်ကြားရေး အထောက်အကူပြုပစ္စည်းတွေရှိလာပြီ၊ ကျောင်းသားတွေသုံးတဲ့ သန့်စင်ခန်း သပ်ရပ်လာပြီ။ အထောက်အကူဖြစ်တဲ့ စာကြည့်တိုက်တွေ ပြည့်စုံလာပြီ။ အင်တာနက်၊ ဝိုင်ဖိုင်တွေရလာပြီ။ ဝိုင်ဖိုင်ရတာ ကျောင်းသားတွေအတွက် ကြီးမားသောတိုးတက်မှုပဲဖြစ်တယ်။ နေရာမရွေး၊ အချိန်မရွေး အင်တာနက်ကိုချိတ်ဆက်ပြီး အသုံးပြုနိုင်လာနိုင်တယ်။ မျှော်မှန်းနေတဲ့ပညာအရည်အသွေးမြှင့်တင်ရေးလည်းဖြစ်လာပါတယ်။ ကိုယ်တိုင်ရှာဖွေ လေ့လာရေးအပိုင်းလည်း သိမြင်လာပါတယ်။ နောက်တစ်ခုက အလွတ်ကျက်မှတ်တာမဟုတ်ဘဲ နားလည်သဘောပေါက်အောင် ဆက်စပ်လေ့လာတဲ့အပိုင်းက အများကြီး ထိရောက်တဲ့အတွက် အရည်အသွေးပိုင်းရော၊ အရေအတွက်ပိုင်းပါ တိုးတက်လာတဲ့သာဓကလေးပါ။ အရှိန်အဟုန်ဆောင်ရွက်တဲ့ အစပိုင်းလေးပါ။ ရှေ့ဆက်ဆောင်ရွက်ရမယ့် အစီအစဉ်အများကြီးရှိပါတယ်။ နိုင်ငံတော်ကလည်း တစ်နှစ်ထက်တစ်နှစ်ကို ပိုပိုပြီး ဘဏ္ဍာငွေခွင့်ပြုပေးလာတဲ့အတွက် ထိထိရောက်ရောက်သုံးဖို့ အစီအစဉ် အများကြီးရှိပါတယ်။

အခုလို စိတ်ရှည်လက်ရှည် ဖြေကြားပေးတဲ့အတွက် ဆရာ၊ ဆရာမကြီးအားလုံးကို ကျေးဇူးတင်ပါတယ်။

# နာဂရိုးရာနှစ်သစ်ကူးပွဲကို ခန္တီးနှင့် လေရှီးမြို့နယ်တို့၌ ကျင်းပမည်

**ကလေး နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နေထိုင်သော နာဂတိုင်းရင်းသားလူမျိုးတို့၏ ရိုးရာနှစ်သစ်ကူးပွဲကို ပြက္ခဒိန်နှစ်၏အစဖြစ်သော ဇန်နဝါရီလအတွင်း ကျင်းပလေ့ရှိရာ ၂၀၁၅ ခုနှစ် ရိုးရာနှစ်သစ်ကူးပွဲတော်ကို ခန္တီးမြို့နှင့် လေရှီးမြို့နယ်တို့၌ နှစ်နေရာခွဲ၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို နိုင်ငံတော်အစီအစဉ်ဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများဖြစ်သည့် လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့တို့တွင် အလှည့်ကျကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ် ပွဲတော်သည် နာဂရိုးရာ ဗဟိုကော်မတီ၏ (၂၅) နှစ်ပြည့် ငွေရတုနှစ်ဖြစ်သောကြောင့် ခန္တီးမြို့၌ ကော်မတီအစီအစဉ်ဖြင့် ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်များကို ယခင်က မိမိတို့နေထိုင်ရာမြို့ရွာများ၌ ဒေသအလိုက်ကျင်းပခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် နာဂရိုးရာယဉ်ကျေးမှုဗဟိုကော်မတီကိုဖွဲ့စည်းခဲ့ပြီး ပွဲတော်များကိုကျင်းပခဲ့ကာ ၂၀၀၀ ပြည့်နှစ်မှစတင်၍ နိုင်ငံတော်အဆင့်ပွဲတော် သတ်မှတ်ကျင်းပခဲ့ခြင်းဖြစ်သည်။

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ဌာနဆိုင်ရာများအနေဖြင့် မိမိတို့၏ ဌာနလုပ်ငန်းခွဲများကို ပြပွဲ ပြခန်းများပြသကြပြီး ပြည်တွင်းပြည်ပ ဧည့်သည်များက စိတ်ဝင်တစားလာရောက်ကြည့်ရှုကြကာ နိုင်ငံခြားသားဧည့်သည်များက နာဂရိုးရာယဉ်ကျေးမှုပြကွက်များ ဓလေ့ထုံးစံများကို စိတ်ဝင်တစားလေ့လာခဲ့ကြပြီး ပြည်ပဧည့်သည်များကို ဆွဲဆောင်ရာ ပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**သျှင်နေမင်း**

## ပြည်တွင်းသတင်း

✲ ရှေ့ဖုံးမှ

လားရှိုးမြို့သို့ ရောက်ရှိပြီး ထင်းရှူးမြိုင်မြို့ကွက်သစ်၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ဝန်ထမ်းတန်ဖိုးမျှ အိမ်ရာစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ လားရှိုးခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမြတ်မိုးက စီမံကိန်းတည်နေရာ အကျယ်အဝန်း၊ မြေကြီးလုပ်ငန်း၊ လမ်းလုပ်ငန်းများ၊ အဆောက်အအုံ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေ၊ ရေရရှိရေးနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်မည့် အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဒုတိယသမ္မတက စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းပြီး စီမံကိန်း သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးအောင်ဆောင်ရွက်ရန်၊ အဆောက်အအုံများဆောက်လုပ်ရာတွင် နေထိုင်မည့်သူများ ကျန်းမာရေးအတွက် အထောက်အကူပြုစေမည့် အားကစားလုပ်နိုင်ရန်နှင့် လေဝင်လေထွက်ကောင်းမွန်ပြီး နေအလင်းရောင်သင့်တင့်မျှတစွာရရှိရေး စီစဉ်ဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားကာ အဆောက်အအုံနမူနာ ပုံစံငယ်နှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဗုဒ္ဓတက္ကသိုလ်တည်ဆောက်ရေးအတွက် အလှူငွေလှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဇေယျမင်္ဂလာတာပုံကျောင်းတိုက်သို့ သွားရောက်ပြီး ဆရာတော် ဦးနန္ဒသီရိ အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့်ဇနီးနှင့်အဖွဲ့သည် လားရှိုးမြို့ရှိ ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ ကျင်းပသည့် ရှမ်းနှစ်သစ်ကူးနေ့ သက်ကြီးပူဇော်ပွဲ၌ သက်ကြီးဘိုးဘွားများအား ရိုးရာဓလေ့ထုံးစံများနှင့်အညီ ရှိခိုးကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ ယင်းနောက်ကန်တော့ခံ သက်ကြီးဘိုးဘွားများအား ဆုတောင်းမေတ္တာပြန်လည်ပို့သကြသည်။

ယင်းနောက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းအစီအစဉ်ကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားပြီး ခြောက်ဘာသာ ဂုဏ်ထူးရှင်နှစ်ဦးကိုလည်းကောင်း၊ ဒုတိယသမ္မတ၏ဇနီး ဒေါ်နန်းရွှေမှုန်က ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦးကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် တာဝန်ရှိသူများက လေးဘာသာဂုဏ်ထူးရှင်၊ သုံးဘာသာဂုဏ်ထူးရှင်၊ နှစ်ဘာသာဂုဏ်ထူးရှင်၊ တစ်ဘာသာဂုဏ်ထူးရှင်များနှင့် ရိုးရိုးအောင်မြင်သူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆုရကျောင်းသားကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် စိုင်းဟိန်းထက်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံသို့ ကက်သလစ်သာသနာတော် စတင်ရောက်ရှိသည့် နှစ် (၅၀၀) ပြည့် ဂျူဗလီပွဲတော် ဂုဏ်ပြုညစာစားပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံသို့ ကက်သလစ်သာသနာတော် စတင်ရောက်ရှိသည့် နှစ် (၅၀၀) ပြည့် ဂျူဗလီပွဲတော် ကျေးဇူးတော်ချီးမွမ်းခြင်းဂုဏ်ပြုညစာစားပွဲကို နိုဝင်ဘာ ၂၂ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ဘားအံဆရာတော် ဂျပ်စတင်းစောမင်းသိုက်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပုပ်ရဟန်းမင်းကြီး၏ အထူးကိုယ်စားလှယ် Oswald Cardinal Graciasက မင်္ဂလာကောင်းချီး ဩဘာစကားပြောကြားပြီး တောင်ငူဆရာတော် အိုက်ဇက်ဓနုက ညစာမသုံးဆောင်မီ ကောင်းချီးဩဘာစကားနှင့် ဆုတောင်းပေးကာ တက်ရောက်လာကြသူများအား ညစာဖြင့်တည်ခင်းဧည့်ခံကြသည်။

ညစာစားပွဲသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာသံရုံးများမှ သံအမတ်ကြီးများ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ၌ သီတင်းသုံးသော ပုပ်ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်၊ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်များ၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များ ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်ခရစ်ယာန် ကလျာဏယုဝအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အားသွန်ခွန်စိုက်လုပ်ကိုင်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး အထောက်အကူပြုကော်မတီများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၁နာရီက ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဗဟိုကော်မတီအတွင်းရေးမှူး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်ကြပြီး ကျေးရွာများ၊ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာပါက ကျေးရွာများမှတစ်ဆင့် မြို့ပြနှင့် နိုင်ငံအဆင့်ထိ တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဌာနများအနေဖြင့် ဝိုင်းဝန်းကြိုးစား၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့ကဏ္ဍများအလိုက် တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၏ အားနည်းချက် အားသာချက်များကို အခြေခံ၍ ရှေ့ဆက်လက်ပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေစဉ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အထောက်အကူပြုကော်မတီများ၏ လုပ်ငန်းအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဆီယံ-ရုရှားလူငယ်သံစုံတီးဝိုင်းဖျော်ဖြေတင်ဆက်မည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကိုဂုဏ်ပြုသောအားဖြင့် အာဆီယံ-ရုရှား ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးအစီအစဉ်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ အဖွဲ့ဝင် ၃၄ ဦး၊ ရုရှားလူငယ် သံစုံတီးဝိုင်းအဖွဲ့နှင့် အာဆီယံနိုင်ငံများကိုယ်စားပြု ဂီတပညာရှင် ၁၀ ဦး၊ စုစုပေါင်းအဖွဲ့ဝင် ၄၄ ဦးပါဝင်သည့် အာဆီယံ-ရုရှားလူငယ် သံစုံတီးဝိုင်းအဖွဲ့သည် နိုဝင်ဘာ ၂၅ ရက်တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံနှင့် နိုဝင်ဘာ ၂၇ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန MICC-2 တို့၌ ဖျော်ဖြေတင်ဆက်ရန်အတွက် နိုဝင်ဘာ ၂၂ ရက်တွင် အမျိုးသားဇာတ်ရုံ (ရန်ကုန်) ၌ ဇာတ်တိုက်လေ့ကျင့်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

## မြန်မာ့ပင်လယ်ပြင် လှိုင်းအသင့်အတင့်ရှိ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

# ရန်ကုန်တက္ကသိုလ်တွင်ထူးချွန်ဝင်ခွင့်ရစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် နိုဝင်ဘာ ၂၃**

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ရန်ကုန်တက္ကသိုလ်တွင် ဝိဇ္ဇာ/ သိပ္ပံဘာသာရပ်ထူးချွန်ဝင်ခွင့်ရကျောင်းသား ကျောင်းသူများစာရင်းကို အဆိုပါတက္ကသိုလ်ကျောင်းသားရေးရာဌာန၌ ထုတ်ပြန်ကြေညာထားသည်။

ဝိဇ္ဇာ/သိပ္ပံဘာသာရပ် ထူးချွန်အလိုက်ဝင်ခွင့်ရရှိသော ကျောင်းသားကျောင်းသူဦးရေမှာ ဓာတုဗေဒ ၂၃ ဦး၊ ရူပဗေဒ ၅၀၊ သင်္ချာ ၄၈ဦး၊ သတ္တဗေဒ ၅၁ ဦး၊ ဘူမိဗေဒ ၅၀၊ ရုက္ခဗေဒ ၅၃ ၊ ကုန်ထုတ်ဓာတုဗေဒ ၅၁ ဦး၊ ကွန်ပျူတာသိပ္ပံ ၁၅ ဦး၊ မြန်မာစာ ၄၀၊ မြန်မာမှု နှစ်ဦး၊ အင်္ဂလိပ်စာ ၁၅ ဦး၊ ပထဝီ ၅၁ ဦး၊ သမိုင်း ၁၄ ဦး၊ စိတ်ပညာ ၂၅ ဦး၊ ဥပဒေပညာ ၄၁ ဦး၊ ဒဿနိက ၂၀၊ အရှေ့တိုင်းပညာ သုံးဦး၊ နိုင်ငံတကာဆက်ဆံရေး ၅၃ ဦး၊ နိုင်ငံရေးသိပ္ပံ ၁၁ ဦးနှင့် မနုဿဗေဒ ၁၁ ဦး၊ ရှေးဟောင်းသုတေသန ၁၈ ဦးတို့ဖြစ်သည်။

ယခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ တက်ရောက်ရန် ဝိဇ္ဇာ/သိပ္ပံဘာသာရပ် ထူးချွန်အလိုက်လျှောက်ထားသော ကျောင်းသား ကျောင်းသူများအနက် ရရှိသောဝင်ခွင့်အမှတ်များမှာ ဓာတုဗေဒဘာသာရပ်၌ ရမှတ် ၄၉၆ မှ ၄၅၇ အထိ၊ ရူပဗေဒ ၅၁၂ မှ ၄၅၈ မှတ်အထိ၊ သင်္ချာ ၅၀၅ မှ ၄၅၁ မှတ်အထိ ၊ သတ္တဗေဒ ၄၉၄ မှ ၄၄၅ မှတ်အထိ၊ ဘူမိဗေဒ ၄၇၀မှ ၄၄၀မှတ်အထိ၊ ရုက္ခဗေဒ ၄၇၀ မှ ၄၃၃ မှတ်အထိ၊ ကုန်ထုတ်ဓာတုဗေဒ ၄၈၆ မှ ၄၅၀ မှတ်အထိ၊ ကွန်ပျူတာသိပ္ပံ ၅၀၄ မှ ၄၇၁ မှတ်အထိ၊ မြန်မာစာ ၄၇၅မှ ၄၃၁ မှတ်အထိ၊ မြန်မာမှု ၄၆၅ မှ ၄၃၉ မှတ်အထိ၊ အင်္ဂလိပ်စာ ၅၁၄ မှ ၄၉၅ မှတ် အထိ၊ ပထဝီ ၄၆၇ မှ ၄၁၃ မှတ်အထိ၊ သမိုင်း၄၅၇ မှ ၄၁၀ မှတ်အထိ၊ စိတ်ပညာ ၄၈၅ မှ ၄၂၂ မှတ်အထိ၊ ဥပဒေပညာ ၄၉၉မှ ၄၇၁ မှတ်အထိ၊ ဒဿနိက ၄၆၀ မှ ၃၉၆ မှတ်အထိ၊ အရှေ့တိုင်းပညာ ၄၂၅ မှ ၄၁၁ မှတ်အထိ၊ နိုင်ငံတကာဆက်ဆံရေး ၅၂၉ မှ ၄၇၈ မှတ်အထိ၊ နိုင်ငံရေးသိပ္ပံ ၅၂၄ မှ ၄၇၀ မှတ်အထိ၊ မနုဿဗေဒ ၄၄၃ မှ ၄၀၁ မှတ်အထိနှင့် ရှေးဟောင်းသုတေသန ၄၈၂ မှ ၄၁၁ မှတ်အထိတို့ ဖြစ်ကြသည်။

ယခုနှစ်မှစ၍ပါရှိသော မြန်မာမှုဘာသာထူးချွန်အပါအဝင် ဝိဇ္ဇာ/ သိပ္ပံဘာသာရပ် ထူးချွန်ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၄၅ ဦး ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်ခွင့်ရရှိသည်။ **ခင်ချိုဝင်း**

# အမျိုးသားပညာရေးဥပဒေ၏ နည်းဥပဒေ၊ ဆက်စပ်ဥပဒေနှင့် တက္ကသိုလ်ပဋိညာဉ်များ ရေးဆွဲရေးအစည်းအဝေး ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

အမျိုးသားပညာရေး ဥပဒေ၏ နည်းဥပဒေ ဆက်စပ်ဥပဒေနှင့် တက္ကသိုလ်ပဋိညာဉ်များ ရေးဆွဲရေး အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ တက်ရောက်ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက အရည်အသွေးပြည့်သည့် ပညာရေးဖော်ဆောင်ရေး၊ အေးချမ်းစွာပညာသင်ကြားရေး၊ ခိုင်မာသောအမျိုးသားပညာရေးစနစ်ဖြစ်ထွန်းရေး၊ မကြာမီကာလအတွင်း အဆင့်မြင့်ပညာဥပဒေ၊ နည်းဥပဒေမူကြမ်းများ ရေးဆွဲပြီး ပြည်သူများထံသို့ ထုတ်ပြန်တင်ပြနိုင်ရေး စသည်များကို ဆောင်ရွက်နိုင်ရန် ဆွေးနွေးပြောကြားသည်။

ယနေ့ ဒုတိယနေ့အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ အဆင့်မြင့်ပညာကဏ္ဍနှင့် နှီးနွှယ်သည့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) အောက်ရှိ တွဲဖက်ဌာနများမှ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်များ၏ပညာရပ်ဆိုင်ရာ၊ အုပ်ချုပ်မှုဆိုင်ရာများနှင့် တက္ကသိုလ်များတွင် ဥပဒေနှင့်အညီ အသင်းအဖွဲ့များ ဖွဲ့စည်းရေးတို့အတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီးများ တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေး

**ရန်ကုန် နိုဝင်ဘာ ၂၃**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့သည် ယနေ့နံနက် ၉ နာရီခွဲတွင် မြိတ်မြို့ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေး အထောက်အကူပြုအဖွဲ့များနှင့်တွေ့ဆုံ၍ပြည်ထောင်စု



ဝန်ကြီးများက လက်ရှိဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ၊ တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများအားလုံးက ဝိုင်းဝန်းကူညီဖော်ဆောင်ရေး၊ ပညာရေး ပြုပြင်ပြောင်းလဲမှုနှင့် ပြည်သူအများ လိုလားတောင့်တနေသည့် မျှော်လင့်ချက်များ အကောင်အထည်ဖော်ဆောင်ရေး၊ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများတွင် အားလုံး ပါဝင်ဆောင်ရွက်ရေးတို့ကို ရှင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ **(ဝဲပုံ)**

ထို့နောက် တွေ့ဆုံပွဲသို့တက်ရောက်ကြသည့် ၁၀ မြို့နယ်မှ တာဝန်ရှိသူများက မိမိမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လိုအပ်ချက်အခြေအနေများကို အကြံပြုရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည်တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးမည့်လုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ကြရန်နှင့် ဒေသ၏တိုးတက်နိုင်မည့် အလားအလာများအတွက် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေး ကြိုတင်ပြင်ဆင်ထားကြရန် ထပ်မံအကြံပြုခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီနှင့် မြို့နယ် စည်ပင်သာယာရေး အထောက်အကူပြုအဖွဲ့များမှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ အပါအဝင် စုစုပေါင်း ၄၀၀ ကျော် တက်ရောက်ခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

## ပြည်တွင်းသတင်း

**ကျောဖုံးမှ**

နောက်တစ်ဆင့်တက်ရေး နောက်နှစ်ပွဲတွင် ရှုံးကန်ရတော့မည်ဖြစ်သည်။ မြန်မာအသင်းမှာ နိုဝင်ဘာ ၂၆ ရက်တွင် စင်ကာပူအသင်းနှင့် ကစားရမည်ဖြစ်သည်။

ဒုတိယပွဲအဖြစ် စင်ကာပူအသင်းနှင့်ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ထိုင်းက စင်ကာပူကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ မြန်မာနှင့် မလေးရှားပွဲကို မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တစ်နာရီနောက်ကျပြီးမှ ကစားခဲ့ရသည်။

## အမျိုးသားစာပေဆုနှင်းသဘင် ဒီဇင်ဘာ ၇ ရက်တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်

**ရန်ကုန်မြို့ နိုဝင်ဘာ ၂၃**

၂၀၁၃ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင်းသဘင်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၇ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သက်ဆိုင်ရာက ယနေ့သတင်းထုတ်ပြန်သည်။

ဆုရရှိသူများစာရင်းအား နိုဝင်ဘာ ၁ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ရာ ဆုနှင်းသဘင်အခမ်းအနားသို့ ဆုရရှိသူများ ဆုရစာအုပ်များကို ထုတ်ဝေခဲ့သည့်စာပေတိုက်များနှင့် ထုတ်ဝေသူများ၊ အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရရှိခဲ့ဖူးသည့် စာပေပညာရှင်များ အားလုံးအပါအဝင် စာပေဆိုင်ရာအဖွဲ့အစည်းများသို့ ဖိတ်ကြားထားကြောင်း သိရသည်။

အစမ်းလေ့ကျင့်ပွဲကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ဆုရရှိကြသူများအနေဖြင့် စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ(စာပေဗိမာန်) ဖုန်း ၀၁-၃၈၁၄၄၉ နှင့် ၀၁-၃၇၆၅၆၉ တို့သို့ ဆက်သွယ်ကြရန်ဖြစ်သည်။

အခမ်းအနားတက်ရောက်မည့်သူများသည် ဒီဇင်ဘာ ၇ ရက် နံနက် ၈ နာရီခွဲတွင်အခမ်းအနားကျင်းပမည့် အမျိုးသားဇာတ်ရုံ၌ ကြိုတင်နေရာယူပြီး ဖြစ်စေရေး မေတ္တာရပ်ခံထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ဂျူဗလီပွဲတော် နောက်ဆုံးရက်ဆင်နွှဲ

**ရန်ကုန် နိုဝင်ဘာ ၉**

မြန်မာနိုင်ငံသို့ ကက်သလစ်(ခရစ်ယာန်)ဘာသာရောက်ရှိသည့် နှစ် (၅၀၀) ပြည့် ဂျူဗလီပွဲတော်၏ သုံးရက်မြောက် နောက်ဆုံးနေ့(ခရစတူးဘုရင်ပွဲ) ကို ရန်ကုန်မြို့ သုဝဏ္ဏလေ့ကျင့်ရေး အားကစားကွင်း၌ နိုဝင်ဘာ ၂၃ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **(ယာပုံ)**



ကျေးဇူးတင်မစ္ဆားတရားတော် မြတ်ပူဇော်ခြင်းအတွက် အိန္ဒိယနိုင်ငံမှ ရဟန်းအမတ်ကာဒီနယ်ကြီး အော်ဇွဲဂရေးရှပ်က ဦးဆောင်ကာ အခမ်းအနားကိုစတင်ခဲ့ပြီး မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ပုသိမ်ကက်သလစ်သာသနာဂိုဏ်းအုပ်ဆရာတော် ဂေးရှပ်ဂျွန်မားရှေးမှ ကြိုဆိုနှုတ်ခွန်းဆက်သစကားပြောကြားခဲ့သည်။

ယင်းနောက် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ထံမှသဝဏ်လွှာကို ပုပ်ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်ဂိုဏ်းချုပ် ဆရာတော်ကြီးကလည်းကောင်း၊ သီတဂူဆရာတော်ကြီး အရှင်ဉာဏိဿရက ကိုယ်တိုင် သဝဏ်လွှာကို လည်းကောင်း၊ နိုင်ငံတော်အကြီးအကဲများထံမှသဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းတို့က လည်းကောင်း၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များ ကောင်စီမှလည်းကောင်း၊ မြန်မာနိုင်ငံ အစ္စလာမ်ဘာသာရေးအဖွဲ့အစည်းမှ လည်းကောင်း၊ မြန်မာနိုင်ငံ ဟိန္ဒူဘာသာရေးအဖွဲ့အစည်းမှ လည်းကောင်း ဖတ်ကြားခြင်းများကို ပြုလုပ်ခဲ့ကြသည်။ ဆက်လက်ပြီး အထွေထွေဆုတောင်းခြင်းကို တိုင်းရင်းသား ဘာသာစကားများဖြင့် ဆုတောင်းပေးခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကက်သလစ်ဘာသာဝင် တိုင်းရင်းသားညီအစ်ကိုများနှင့် ရင်းနှီးစွာ တွေ့ဆုံခဲ့ရပြီး ပျော်ရွှင်မှုတွေ၊ နားလည်မှုတွေမျှဝေ၍ နှစ် (၅၀၀) ပြည့် ဂျူဗလီပွဲတော်တွင် ဝမ်းသာပီတိဖြစ်ခဲ့ရသည်များကို ဂျူဗလီပွဲတော်ပြန်ကြားရေးတာဝန်ခံ ဖာသာလီယိုမာက ယင်းသို့ပြောသည်။

"ကျွန်တော်တို့ရဲ့ ညီအစ်ကိုမောင်နှမတွေက သူတို့ရဲ့ကက်သလစ်ဘာသာသာသနာအပေါ် ထားတဲ့ ယုံကြည်ချက်တွေကို မျှော်မှန်းထားသည်ထက်အများကြီး အဝေးကနေလာရောက်ပြီး သက်သေပြတယ်။ အခုလည်း ပွဲကြီးမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေကို အချင်းချင်းနားလည်ပေးလို့ ပွဲကြီးကိုအောင်မြင်စွာ အဆုံးသတ်နိုင်ခဲ့တာပါ" ဟု ဖာသာလီယိုမာက ပြောသည်။

"များပြားလှတဲ့ လူဦးရေကြောင့် အခက်အခဲတွေ ကြုံခဲ့ရပေမယ့် နိုင်ငံတော်အကြီးအကဲရဲ့ စိတ်ကောင်းနှလုံးကောင်းတွေကို သိရှိခဲ့ရပြီး ကိုယ့်တိုင်းပြည်သူပြည်သားတွေကို ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခွင့်ပေးတဲ့အပြင် နိုင်ငံပိုင်သတင်းစာတွေမှာ အရေးတယူ မေးမြန်းဖော်ပြပေးတဲ့အတွက် ကြည်နူးမိပါတယ်"ဟု ပြတိုက်တာဝန်ခံ ဖာသာဌေးလွင်က ယင်းသို့ပြောသည်။

"ကျွန်တော်တို့ ပထမမှန်းထားတာ လူတစ်ရာ၊ အလွန်ဆုံးနှစ်ရာပေါ့။ နောက်တော့ သုံးရာငါးရာမက ဖြစ်လာတယ်။ လူဦးရေများပြားတဲ့အတွက် ရေချိုး၊ အိမ်သာကစပြီး အခက်အခဲတွေရှိလာတယ်။ အထူးသဖြင့် နေရာအခက်အခဲပေါ့၊ အချင်းချင်း အဆင်မပြေတာလေးတွေ အနည်းငယ်ရှိပေမယ့် ပြန်သွားတော့လည်းကျေနပ်ပါတယ်၊ ဝမ်းသာပီတိဖြစ်ရပါတယ်ဆိုတော့ ကျေနပ်ရပါတယ်။ ခရစ်ယာန်ဘာသာက ဘာသာဝင်တွေကို ဆွဲခေါ်တယ်ဆိုပေမယ့် သူတို့ရဲ့စားဝတ်နေရေးတွေကို တတ်နိုင်သလောက် ဖြည့်ဆည်းပေးခဲ့ပေမယ့် လိုအပ်ချက်တွေအများကြီး ရှိနေပါသေးတယ်။ ဝန်ကြီးတွေ နှုတ်ဆက်စကား ပြောသွားတာလေးတွေ၊ သဝဏ်လွှာ ဖတ်ပြသွားတာတွေက သူတို့ရဲ့စိတ်ကောင်းရှိမှုစိတ်နေသဘောထားကို ပြသခဲ့ပါတယ်။ ပြီးတော့ ဘာသာတရားကို လွတ်လပ်ခွင့်ပေးတယ်။ သူလုပ်ချင်တာလုပ်၊ ငါလုပ်ချင်တာ လုပ်လို့ပစ်မထားဘဲ အရေးတယူစုံစမ်းမေးမြန်းဖော်ပြပေးတဲ့အတွက် နိုင်ငံပိုင်သတင်းစာတွေကိုလည်း လေးစားမိပါတယ်။ ကျွန်တော်က ရှေးဟောင်းသာသနာပြုသူတွေရဲ့ မှတ်တမ်းတွေကို ပြုစုထိန်းသိမ်းကာ ဘာသာတူသူတွေရော၊ မတူသူတွေ အားလုံးသိရှိရန်အလို့ငှာ ပြတိုက်ကို တာဝန်ယူရတဲ့အတွက် ဝန်တော့ပိပါတယ်။ ဒါပေမယ့်လည်း အခုလို ပွဲတော်ကြီးအောင်အောင်မြင်မြင် ပြီးဆုံးသွားတဲ့အတွက် ဝမ်းသာပီတိမဆုံးနိုင်အောင်ပါ" ဟု ဖာသာဌေးလွင်က ပြောသည်။

နှစ်(၅၀၀)ပွဲကြီးအတွက် ကြိုတင်ပြင်ဆင်မှုတွေ အများကြီးလုပ်ခဲ့ပေမယ့် တစ်ပြည်လုံးအတိုင်းအတာနဲ့ များပြားလှတဲ့ လူထုကြီးကြောင့် နေရေး၊ စားရေး စီစဉ်ပေးရမှုနဲ့ သွားရေးလာရေးခက်ခဲမှုတွေ ကြုံတွေ့ခဲ့ရကြောင်းကို မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာရှီလာစန်းစန်းမြင့်က ယင်းသို့ပြောသည်။

"ကျွန်မတို့ ဒီနှစ် (၅၀၀)အတွက် ပြင်ဆင်နေတာကြာပါပြီ။ နီးလာလေ ပိုပြင်လေပေါ့။ ဒါပေမယ့် ကျွန်မတို့ပြဿနာက ဘာလဲဆိုတော့ တစ်ပြည်လုံးအတိုင်းအတာနဲ့ဆိုတော့ လူကဘယ်လောက်လာမလဲမသိဘူး။ ဒီလူအုပ်ကြီးဆံ့ဖို့၊ တည်းဖို့နဲ့ ကျွေးမွေးဖို့အတွက် အဓိကထားပြီးတော့ ကျွန်မ တို့နေရာတွေ ငှားတယ်ရှင့်။ အောင်ဆန်းကွင်းတို့၊ သုဝဏ္ဏကွင်းတို့မှာ ရတယ်ပေါ့။ သူတို့ကိုဒီမှာ ကျွေးမွေးဖို့ စီစဉ်ရတော့ စိန့်ပေါလ်အခန်းရဲ့ အုတ်တံတိုင်းကြီးကို ဖောက်ရတယ်ပေါ့။ ကြည့်လို့သာ လွယ်တယ်ထင်ရတာ။ အစည်းအဝေးမှာ အန်တီတို့ ဒီလောက်များပြားတဲ့ လူအုပ်ကြီးကို ဘယ်လိုကျွေးမလဲပေါ့။ အလှူရှင်တွေကတော့ အများကြီးပဲ၊ ဒါပေမယ့် သူတို့ကပိုက်ဆံပဲပေးမှာ။ အဲဒီကနေပြီးတော့ စားစရာဖြစ်ဖို့ရယ်၊ ဝေပေးဖို့ရယ်ပေါ့၊ အဲဒါတွေလုပ်ရတာပေါ့။ ကျွန်မဆရာဝန်တစ်ယောက်အနေနဲ့ရော၊ ဘုရားကျောင်းက ဂေါပကလူကြီးတစ်ယောက်အနေနဲ့ပါ အဲဒီလောက်ကလေးပဲ ပြောနိုင်ပေမယ့် ကျောင်းထိုင်ဘုန်းတော်ကြီးတို့၊ ဆရာတော်ကြီးတို့က ပိုပြီးလုပ်ရပါတယ်။ ကျန်းမာရေး စောင့်ရှောက်မှုတွေ အနေနဲ့ကတော့ အခုလာတဲ့သူတွေက ကချင်ပြည်နယ်က လူတွေများတယ်ပေါ့။ လူအုပ်ကြီးထဲမှာ တိုးနေရတော့ အများစုက ခေါင်းမူးကျတယ်။ တချို့ကျတော့ ရောဂါအခံနဲ့ လာတဲ့သူတွေ၊ တချို့ကျတော့ အနာတွေနဲ့ပေါ့။ အားလုံးကို ကျန်းမာရေးစောင့်ရှောက်မှုအများကြီးပေးပြီး ကုပေးရတာပေါ့။ မီမယ်ဆိုရင် နောက်နှစ်(၅၀၀)ကို ကြုံချင်ပါသေးတယ်"ဟု ပွဲတော်အတွင်း ကြုံတွေ့ခဲ့ရသည်များကို ဒေါက်တာရှီလာစန်းစန်းမြင့်က ပြောသည်။

မြစ်ကြီးနား ဗန်းမော်သာသနာမှ ရန်ကုန်ထိလာရောက်ကာ နှစ် (၅၀၀) ပြည့် ဂျူဗလီပွဲတွင် ပါဝင်ဆင်နွှဲသည့် ကချင်လူမျိုး ဦးသိန်းလွင်အောင်က "ကချင်လူမျိုးတို့ရဲ့ ရိုးရာအမြင့်မြတ်ဆုံးဖြစ်တဲ့ မနောအကနဲ့ တစ်တပ်တစ်အား ပါဝင်ခဲ့ရတဲ့အတွက် ဘုရားရှင်ကို ကျေးဇူးတင်ပါတယ်။ ဒီပွဲတော်ကြီးမှာ နိုင်ငံတော်အကြီးအကဲတွေဆီကလည်း သဝဏ်လွှာတွေ ပေးပို့ဖတ်ကြားကြတဲ့အတွက် ဝမ်းသာမိတယ်" လို့ ပြောသည်။

"ဂျူဗလီဆိုတာ နှစ်(၅၀၀) ပြည့်ဘုရားသခင်ကို ကျေးဇူးတင်တဲ့အခမ်းအနားပေါ့၊ ဒါကို ကျွန်တော်တို့ ကချင်လူမျိုးတွေရဲ့ ရိုးရာအကအများကြီးထဲမှာမှ အမြင့်မြတ်ဆုံး မနောအကနဲ့ ဘုရားသခင်ကို ကောင်းချီးမင်္ဂလာချီးကျူးပြီး ကျွန်တော်တို့တွေလည်း ကုသိုလ်ကောင်းမှုတွေ အများကြီးရအောင် ရည်ရွယ်တာပါ၊ ကျွန်တော်တို့ညီအစ်ကို မောင်နှမတွေ တစ်စုတစ်ဝေးတည်း မြင်တွေ့ကြရတယ်။ လူမျိုးရေးမခွဲခြားဘဲ စည်းလုံးကြတယ်။ နိုင်ငံတော်ကလည်း အစစအရာရာအဆင်ပြေအောင် ဆောင်ရွက်ပေးတဲ့အပြင် သဝဏ်လွှာတွေ ဖတ်ကြားပေးခဲ့တဲ့အတွက် များစွာပီတိဖြစ်ရပါတယ်"ဟု ဦးလွင်သိန်းအောင်က ဆက်လက်ပြောပြသည်။

"ဘုရားသခင်၏ ကျေးဇူးတော်နဲ့ ဒီပွဲကို တက်ရောက်ရသည့်အပြင် ပုပ်ရဟန်းမင်းကြီးရဲ့ ကိုယ်စားလှယ်တော်ရဲ့ကောင်းချီးကိုပါ ကြားနာခွင့်ရတဲ့အတွက် အဝေးကြီးကနေ လာရောက်ရတာ ကျေနပ်မိပါတယ်"ဟု မြစ်ကြီးနားဗန်းမော်မှ ကချင်တိုင်းရင်းသူ မဘရစ်ဂျစ်ကိုင်ဂျားက ယင်းသို့ပြောသည်။

"ညီမတို့ ရန်ကုန်ကို တစ်ခါမှ မရောက်ဖူးပါဘူး၊ ဘုရားသခင်ရဲ့ ကောင်းချီးပေးမှုကြောင့် ပထမအကြိမ် လာရောက်ဖြစ်တာပါ၊ ပြီးတော့ နိုင်ငံခြားကလာတဲ့ ကာဒီနယ်တွေနဲ့တွေ့ရတော့ အလွန်ကို ပျော်ပါတယ်" ဟု မဘရစ်ဂျစ်ကိုင်ဂျားက ခံစားချက်လေးကို ပြောပြသည်။

"အဘိုးအဘွားတွေတောင် မကြုံတွေ့ခဲ့ရတဲ့ ထူးခြားတဲ့ပွဲတော်မှာ ဘုရားရဲ့ကောင်းချီးကြောင့် ကြုံတွေ့ခဲ့ရတာပါ" ဟု မော်လမြိုင်မှ ကရင်တိုင်းရင်းသူလေး မနော်ဖြူဖြူနွယ်က ပြောသည်။

"ညီမလေးတို့ တစ်သက်မှာ တစ်ခါပဲ ကြုံဖူးတာဖြစ်တဲ့အတွက် ကြောင့်မို့ နောက်လည်းဘယ်တော့မှ ဒီလိုကြုံဖြစ်တော့မှာ မဟုတ်ဘူး၊ နောင်နှစ်တစ်ထောင်ဆိုလည်း ညီမလေးတို့က အသက်ရှိတော့မှာလည်း မဟုတ်ဘူးလေ၊ ဒီလို ကြုံရတဲ့အတွက် ညီမလေးပျော်မိပါတယ်" ဟု လေးတန်းကျောင်းသူလေး မနော်ဖြူဖြူနွယ်က ပြောသည်။

မြန်မာနိုင်ငံတွင် ကက်သလစ်ခရစ်ယာန်ဘာသာကို သာသနာပြုလုပ်ဆောင်ခဲ့ကြရာမှ ယခုအခါ အနယ်နယ်အရပ်ရပ်တွင် သာသနာပြုခြင်းဆိုင်ရာ ကိစ္စရပ်များကို ဦးဆောင်လမ်းညွှန်မှုများ ပြုလုပ်ခဲ့ကြသည်။ တိုင်းရင်းသားဆရာတော်များဦးဆောင်သည့် နယ် ၁၆ နယ်အထိရှိလာခဲ့ပြီး ဆရာတော်ကြီး ၈၃ ပါး၊ ရဟန်းအပါး ၉၀၀ ကျော်၊ ကိုရင်အပါး ၂၅၀၊ သီလရှင် ၂၀၀၀ ကျော်နှင့် ခရစ်ယာန်ဘာသာဝင်ဦးရေ ခုနစ်သိန်းကျော်ထိ ရှိလာပြီဖြစ်သည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-သတင်းစဉ်**

# ပုသိမ်အနောက်ဘက်က ငွေဆောင်ကမ်းခြေအလှနှင့် ချစ်သူများကျွန်းသဘာဝ



■ သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်

**"ငွေဆောင်"**

မိုးပြာရောင်ကောင်းကင်နောက်ခံ ဖြင့်ပန်းချီကားတစ်ချပ်သဖွယ် လှနေသည့်ပင်လယ်ပြင်ကြီး. . .။ သည်ပင်လယ်ပြင်ကြီးကို ဖြတ်သန်းတိုက်ခတ်လာသော ဆောင်းလေညှင်းကလေးကြောင့် ရေလှိုင်းများက ကမ်းစပ်ကိုဝေါခနဲ လာရိုက်ပြီး ပြယ်သွားလိုက်ဖြင့် ငွေဆောင်၏ ပင်လယ်ကမ်းခြေ အလှသဘာဝက မျက်စိထဲက မထွက်နိုင်ပေ။

ငွေဆောင်ကို ကျွန်တော်သည် ဖွင့်စမှသည် ယခုအထိ မကြာမကြာ ရောက်ဖြစ်သည်မှာ အခေါက်ပေါင်း မနည်းတော့ပေ၊ ရောက်တိုင်းလည်း ငွေဆောင်၏ ပင်လယ်ကမ်းခြေအလှကိုနေရာစုံမှ ကြည့်ရှုခံစားပြီး ကင်မရာဖြင့် ဓာတ်ပုံမှတ်တမ်းတင်ဖြစ်ခဲ့သည်။

ငွေဆောင်သည် ရန်ကုန်နှင့် အနီးဆုံးပင်လယ်ကမ်းခြေအပန်းဖြေစခန်းတစ်ခု ဖြစ်သောကြောင့်လည်း အရောက် များခဲ့ခြင်းဖြစ်သည်။ ယခုနိုဝင်ဘာ ၁၅ ရက်က ရောက်သည့်အခေါက်ကလည်း ရာသီဥတုသာယာသောကြောင့် တည်းခိုမည့် ဟိုတယ်ကိုအရင်မဝင်သေးဘဲ ငွေဆောင်မြို့အဝင်မှတောင်ဘက်ယုဇန၊ ယမုံနာဦး၊ ရွှေမင်းသားဟိုတယ်များရှိရာ တောင်ဘက်သို့ ဟိုတယ်လုပ်ငန်းရှင်များ ကမ်းခြေလုပ်ငန်းကော်မတီက ဖောက်လုပ်ထားသည့် ကွန်ကရစ်လမ်းအတိုင်းကားကလေးကို ဖြည်းညှင်းစွာမောင်းရင်း ဘုရားကွဲတောင်အထိသွား၍ တောင်စွန်းအပေါ်စီးက ငွေဆောင်ပင်လယ်ကမ်းခြေ၏ အလှကို ကြည့်ရှုခံစားပြီး မှတ်တမ်းတင် ဓာတ်ပုံများရိုက်နေမိသည်။ ငွေဆောင်ကမ်းခြေပင်လယ်တွင်းက ချစ်သူများကျွန်းကို ပင်လယ်ရေလှိုင်းဖွေးဖွေးများက အနားသတ်ပေးထားသောကြောင့် လှိုင်းခေါင်းဖြူကလေးများကတစ်ရစ်၊ ပင်လယ်ပြာကြီးကတစ်ရစ်၊ ချစ်သူများကျွန်းပေါ်မှသစ်ပင်စိမ်းစိမ်းများကတစ်သွယ် ကြည့်ရှုသူအဖို့ မျက်စိပသာဒဖြစ်မိသည်။

"ကျွန်တော်တို့ ပင်လယ်ကမ်းခြေလုပ်ငန်းရှင်များ အသင်းက ငွေဆောင်ကမ်းခြေအလှနဲ့ ချစ်သူများကျွန်း သဘာဝကို မပျက်မယွင်းရအောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ အခုနှစ်ပွင့်လင်းရာသီမှာလည်း ကမ်းခြေမှာ အနားယူ အပန်းဖြေလာရောက်ကြမယ့်ဧည့်သည်တွေ အန္တရာယ်ကင်းရှင်းရအောင် ရေပြင်အသက်ကယ်သင်တန်းတွေ၊ ရှေးဦးသူနာပြုသင်တန်းတွေနဲ့ တစ်ပတ်တစ်ကြိမ် မြို့နယ် ဆရာဝန်ကြီးကိုဖိတ်ကြားပြီး ပင်လယ်ပြင် အသက်ကယ်ရာမှာ အသက်ရှူကိရိယာတွေ ကိုင်တွယ်အသုံးပြုပုံ လက်တွေ့သင်တန်းတွေ ပို့ချပေးမှုတာကို ခံယူသင်ကြားနေပါတယ်။ အဲဒီအပြင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ ဆွေးနွေးပွဲတွေနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့အတွက် ပြည်တွင်းပြည်ပ ပညာရှင်တွေနဲ့ ငွေဆောင်ကမ်းခြေလုပ်ငန်းရှင်တွေအသင်းက တစ်နှစ်တစ်ကြိမ် အလုပ်ရုံ ဆွေးနွေးပွဲတွေကိုလည်း ပြုလုပ်လျက် ရှိပါတယ်"ဟု ငွေဆောင်ဟိုတယ်ဇုန်လုပ်ငန်းရှင်တွေအသင်း ကမ်းခြေလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသန့်ဇင်က ပြောသည်။

ငွေဆောင်သည် ပုသိမ်မြို့မှ ၂၉မိုင် လေးဖာလုံသာကွာဝေးပြီး ပင်လယ်ကမ်းခြေအလှ ကိုးမိုင်ရှိသော အပန်းဖြေကမ်းခြေစခန်းတစ်ခုဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်က နိုင်ငံတော်မှ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး ယခုအခါ ငွေဆောင်ကမ်းခြေဟိုတယ်အလုံးပေါင်း ၂၃ လုံး၊ အခန်းပေါင်း ၁၂၄၆ခန်းအထိရှိနေပြီဟု သိရသည်။

ငွေဆောင် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းနှင့် ငွေဆောင်မြို့ကို ဖွံ့ဖြိုးတိုးတက်စည်ကားသာယာရေးအတွက် ငွေဆောင်ကမ်းခြေရှိ ဟိုတယ်လုပ်ငန်းရှင်များက ကမ်းခြေလုပ်ငန်းကော်မတီကို နှစ်စဉ်ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိရာ ထိုလုပ်ငန်းကော်မတီမှ မြို့ဦးစေတီတည်ထားကိုးကွယ်ခြင်း၊ ငွေဆောင်ရွာမှ စင်ထရယ်ဟိုတယ်အထိ သုံးမိုင်ခွဲရှည်လျားသည့် ကွန်ကရစ်နှစ်လမ်းသွားကားလမ်းကို ဖောက်လုပ်ခဲ့ခြင်း၊ ငွေဆောင်ရှိ ခုတင် ၁၆လုံးဆံ့ဆေးရုံအတွက် ဓာတ်မှန်လှူဒါန်းခြင်း၊ တွဲဖက်အလယ်တန်းကျောင်းအား အထက်တန်းကျောင်း ဖြစ်မြောက်စေရန် ကျောင်းဆောင်များဆောက်လုပ် လှူဒါန်းခြင်းနှင့် ကျောင်းပရိဘောဂနှင့် စာအုပ်ခဲတံ စသည့်စာရေးကိရိယာကိုလည်း နှစ်စဉ်လှူဒါန်းလျက်ရှိသောကြောင့် ငွေဆောင်မြို့သည် ပင်လယ်ကမ်းခြေမြို့ဖြစ်သော်လည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပေတော့သည်။ ။




## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# အထူးကုဆေးအဖွဲ့မှ အခမဲ့လာရောက်ဆေးကုသ

**ရေစကြို နိုဝင်ဘာ ၂၃**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် အရိုးခွဲစိတ်ပါရဂူဗိုလ်မှူးကြီး ကျော်ဇင်ညွန့်ဦးဆောင်သည့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ရေစကြိုမြို့နယ်ပြည်သူ့ဆေးရုံကြီး၌အခြေပြု၍ မြေတော်ကျေးရွာ၊ ဆင်ချောင်းကျေးရွာ၊ မအူကျေးရွာနှင့် ကြက်ဆူကျင်းကျေးရွာတို့တွင် ဆေးကုသရေးအဖွဲ့များခွဲကာ ပြည်သူများအား အခမဲ့ဆေးကုသပေးခြင်းကို နိုဝင်ဘာ ၂၂ ရက် နံနက် ၈ နာရီမှ ၂၄ရက်အထိ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ မြို့နယ်အတွင်းရှိ ပြည်သူများအား တပ်မတော်နယ်လှည့် အထူးဆေးကုသမှုအဖွဲ့မှ မျက်စိအထူးကု၊ သွားအထူးကု၊ အရိုးအထူးကု၊ နားနှာခေါင်း လည်ချောင်းအထူးကု၊ ကင်ဆာအထူးကု၊ အရေပြားအထူးကု၊ သားဖွားမီးယပ်အထူးကု၊ ကလေးအထူးကုဆရာဝန်ကြီးများပါဝင်သည့် ပါရဂူကြီး ၂၅ဦး၊ ဆေးမှူးခုနစ်ဦး၊ သူနာပြုအရာရှိ ၂၁ဦး၊ အခြားအဆင့် ၄၁ဦးတို့က ကုသပေးလျက်ရှိသည်။

မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် လူနာများအား စစ်ဆေးကုသပေးနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက လာရောက်ကြည့်ရှုအားပေးပြီး ဝန်ကြီးချုပ်၏အစီအစဉ်ဖြင့် မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာရှိ မျက်စိဆေးရုံကြီးတွင် ပြည်သူများကို အခမဲ့မျက်စိခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**



# ရွာချင်းဆက်လမ်းမကြီး ပြုပြင်ရန်လိုအပ်


စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မံထုံဒေသစိတ် မဲဇာမြစ်ကမ်းအနီးတွင်ရှိသည့် ပန်းတောနှင့် ပါသက်ရွာကြားတွင်ရှိသော ရွာချင်းဆက်လမ်းမကြီးကို ပြုပြင်ရန်လိုအပ်လျက်ရှိနေကြောင်း သိရသည်။

ဗန်းမောက်မြို့နယ် ပန်းတောကျေးရွာမှ ဦးမုန်းရွှေက "ကျွန်တော်တို့ဒေသမှာ လမ်းပန်းဆက်သွယ်ရေးတွေဟာ တကယ်အရေးပါတဲ့ အခန်းကဏ္ဍတွေဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဗန်းမောက်မြို့နဲ့ ပန်းတောရွာ ဆိုရင် ၁၅ မိုင်ဝေးတယ်။ ပါသက်ရွာဆိုရင် ၁၈ မိုင်ဝေးတယ်၊ အခုလို မြို့နဲ့အလှမ်းဝေးတဲ့နေရာတွေမှာရှိတဲ့ ရွာချင်းဆက်လမ်းတွေကို အမြန်ဆုံး ဒေသခံတွေက မြို့နယ်တာဝန်ရှိတဲ့သူတွေနဲ့ပူးပေါင်းပြီးဆောင်ရွက်မှ အဆင် ပြေမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

"ကျွန်မက ဟဲချိန်း အစိုးရမူလတန်းကျောင်းမှာ ဆရာမတာဝန်ယူနေတဲ့သူ ဖြစ်ပါတယ်။ ပါသက်လမ်းကြီးဟာမကောင်းတော့ ကျွန်မတို့ ဆရာမတွေအနေနဲ့ သွားလာရေးတွေမှာ အတော်လေးအခက်အခဲကြုံနေရတယ်" ဟု ဗန်းမောက်မြို့နယ် ဟဲချိန်း မူလတန်းကျောင်းဆရာမ ဒေါ်ယဉ်ယဉ်ငွေးက ပြောကြားခဲ့သည်။

ဗန်းမောက်မြို့နှင့် မိုင် ၂၀ ဝန်းကျင်ကွာဝေးသော ပါသက်နှင့် ပန်းတောရွာကြားတွင်ရှိသည့် ရွာချင်းဆက်မြေလမ်းမကြီးတွင် ရွှံ့နွံအိုင်ကြီးများထပြီး လမ်းပျက်စီးနေရာ သုံးမိုင်အကွာတွင်ရှိကာ လမ်းသွားလမ်းလာမရအောင် ရှိနေသည့်အတွက် ပြန်လည်ပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိနေကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**





**ပျောက်ဆုံးခြင်း**

ကျွန်တော် ညွှန့်ဝေ C.D.C 66939 ၏S.S.O လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၂၉၂၆၁

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# အထက်မြန်မာပြည်သတင်းစာဆရာအသင်း တရုတ်နိုင်ငံ လေ့လာရေးခရီးမှပြန်ရောက်

**သီပေါ နိုဝင်ဘာ ၂၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း၏ဖိတ်ကြားချက်အရ မန္တလေးမြို့ အထက်မြန်မာပြည် သတင်းစာဆရာအသင်းမှ နာယကအဖွဲ့ဝင်များဖြစ်သော မန္တလေးအဝေးသင်တက္ကသိုလ်မှ အငြိမ်းစားသမိုင်းပါမောက္ခ ဦးစော၊ အငြိမ်းစားပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဦးသန်းထွန်းမြင့်တို့ ဦးဆောင်လျက် အထက်မြန်မာပြည် သတင်းစာဆရာ အသင်းဥက္ကဋ္ဌ ဦးငွေအောင်ဦး၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးအဖွဲ့များနှင့် အလုပ်အမှုဆောင်များ ပါဝင်သောအဖွဲ့ဝင် ၁၆ ဦးတို့သည် နိုဝင်ဘာ ၁၆ ရက်မှ ၂၀ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး ထွက်ခွာခဲ့ကြသည်။

အဆိုပါ အထက်မြန်မာပြည် သတင်းစာဆရာများ အသင်းဝင်များကို နိုဝင်ဘာ ၁၇ ရက်တွင် ရွှေလီနယ်စပ်အဝင်ဂိတ်မှ တာဝန်ရှိသူများက ကြိုဆိုကြပြီး တရုတ်-မြန်မာ ချစ်ကြည်ရေးသစ်ပင်ကို ကြည့်ရှုလေ့လာကြပြီး တရုတ်နိုင်ငံသတင်းမီဒီယာအဖွဲ့၏ ဘာသာပြန်စင်တာ၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာနများ၊ တက်ဟုန်းညီညွတ်ရေး သတင်းစာတိုက်၏ နေ့စဉ်သတင်းစာရိုက်နှိပ်ထုတ်လုပ်မှုများကို လေ့လာရာ အယ်ဒီတာချုပ်က ရှင်းလင်းတင်ပြသည်။

နိုဝင်ဘာ ၁၈ ရက် နံနက်တွင် မန်စီမုန်ဟုန်စေတီတော်မြတ်သို့ သွားရောက်ဖူးမြော်ပြီး လားလောင်ကျေးရွာ ခရမ်းချဉ်သီးစိုက်ပျိုးရေး သမဝါယမအသင်း၊ လားရင်ကညွတ်ပင်စိုက်ခင်း အခြေခံစခန်း၊ လုံလင်-ရွှေလီ အဆင့်မြင့်ဟိုင်းဝေးလမ်းမကြီး၏ ဆန်ထိုင်ခန်းတောင်ဥမင်လိုဏ်ခေါင်းလမ်း၊ ကျယ်ဖန်ဂန်မီကုမ္ပဏီ ရန်ကွမ်း ဝက်မွေးမြူရေးစခန်းနှင့် ရွှေလီမြစ်ကူးတံတားနှင့် ဝမ်တင်းနယ်စပ် ယဉ်ကျေးမှုဥယျာဉ်တို့သို့ သွားရောက်လေ့လာခဲ့ကြသည်။

နိုဝင်ဘာ ၁၉ ရက်တွင် မန်မံပြည်ဝင်ပြည်ထွက်ဂိတ်၊ ဝမ်တင်းသစ်သီးဝလံရောင်းဝယ်ရေးဈေး၊ ကျယ်ခေါင်စုပေါင်းစစ်ဆေးရေးဂိတ်၊ ကုန်စည်ကားကြီးကွင်းနှင့် နှစ်နိုင်ငံတစ်ရွာ ရှုခင်းဇုန်သို့ သွားရောက်၍ ရိုးရာယဉ်ကျေးမှုများကို လေ့လာကြကာ နိုဝင်ဘာ ၂၀ ရက်တွင် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၃-၁၁-၂၀၁၄

**ရွှေဈေးနှုန်း (အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၁၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၀၉၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၃၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၂၅ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၁၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၅ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသားလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၄၀-၁၀၄၈ |
| ဥရောပ | တစ်ယူရို | ၁၂၆၅-၁၂၈၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၂-၇၈၆ |
| ထိုင်း | တစ်ဘတ် | ၃၀-၃၀.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅၇၆ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၂ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။



# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာနှစ်ပတ်လည်နေ့ ပြည်သူ့ရင်ပြင်၌ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

(၂၅)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ချုပ်ဆိုသည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားနှင့် ကလေးသူငယ်များ ပျော်ရွှင်လွတ်လပ်စွာဆော့ကစားခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှကြီးမှူးပြီး နိုဝင်ဘာ ၂၀ ရက် နံနက်၉ နာရီက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်(စမ်းချောင်းသာကွင်း)၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ဝင်းနွယ်က အမှာစကားပြောကြားပြီး တွဲဖက်တိုင်းဒေသကြီး ဦးစီးအရာရှိ ဦးခင်မောင်ငြိမ်းက ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ညီလာခံ သဘောတူစာချုပ်ပါ အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန နယ်မြေမှူး ဦးအောင်လွင်က ကလေးသူငယ် ဥပဒေပြဋ္ဌာန်းချက်များအကြောင်း ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ ရွှေဂုံတိုင်ကလေးပြုစုရေးဌာန၊ သန်လျင်ကျိုက်ဝိုင်းနှင့် ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းများ၊ ရန်ကုန်နှင့် ထောက်ကြန့် အမျိုးသမီးကလေးများ သင်တန်းကျောင်း၊ နားမကြားသော ကလေးများကျောင်း (ရန်ကုန်)၊ ကျိုက်ဝိုင်းဘုရားလမ်းရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းနှင့် နတ်မောက်လမ်းရှိ အမျိုးသမီးအသက်မွေးအတတ်ပညာ သင်ကျောင်းမှ ကလေးသူငယ် ၅၀၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**





ကြော်ငြာ

# Padan Village Apartment



လှိုင်သာယာမြို့နယ်၊ အတွင်းပဒံ ပေါ်ရှိ အငှားဈေးကွက် အလွန်ကောင်း ပထမအကြိမ် စတင်ရောင်းချသည့် အခန်း (၆၀) မှ ရောင်းရန် (၁၅)ခန်းသာ ကျန်ရှိ(၆)ခန်းတွဲ (၅)ထပ်တိုက် ၊ ဓါတ်လှေကား (၃)စီး၊ ကိုယ်ပိုင်မီးစက်၊ (၂၀၁၅)နှစ်၊ အောက်တိုဘာလတွင် အခန်းအပ်နှံမည်။






KBZ ဘဏ်နှင့် (၃)နှစ်
Hire Purchase /
ကြိုတင်အရစ်ကျစနစ်ဖြင့်
မည်သူမဆို ဝယ်ယူနိုင်

အကျောင်းကြားခြင်း

၁၀၇/၁၀၉၊ အနော်ရထာလမ်းနှင့် စဉ့်အိုးတန်းလမ်းထောင့်၊ ဝါဝါဝင်းတာဝါ (၁၂)လွှာ၊ ဖုန်း / ၀၁ - ၂၅၀၆၅၀၊ ၂၅၁၆၆၇၊ ၂၅၁၆၆၈

# ခန္ဓာကိုယ်ရှိအရိုးများ ခိုင်မာရေးငါးပိကိုနေ့စဉ်စားသုံးပေး

စာရေးသူတို့ မြန်မာနိုင်ငံတွင်နေထိုင်ကြသော တိုင်းရင်းသားအများစုသည် ထမင်းဝိုင်းတွင် ငါးပိပါမှထမင်းမြိန်ကြသည်။ အားရတင်းတိမ်သည်။ စာရေးသူတို့သည် ငါးပိကိုအမျိုးမျိုးပြုပြင်ကြော်ချက်၍ နေ့စဉ်စားသုံးနေကြသော်လည်း ငါးပိတွင် မည်သည့်အာဟာရဓာတ်များပါရှိသည်၊ ကျန်းမာရေးအတွက် အထောက်အကူပြုသည်ကို မသိရှိကြပေ။ စာရေးသူတို့ နေ့စဉ်စားသုံးနေသော ငါးပိကို အကြမ်းအားဖြင့် စိမ်းစားငါးပိ၊ မျှင်ငါးပိ၊ ဓမင်းငါးပိ၊ ရေချိုငါးပိနှင့် ငါးပိကောင်ဟု ခွဲခြားသိနိုင်သည်။

မြန်မာတို့အစားအစာတွင် ထမင်း၊ ဟင်း၊ ဟင်းချို၊ ငါးပိနှင့်တို့စရာတို့သည် အခြေခံအစားအစာဖြစ်ပေသည်။ ထမင်းကို ဟင်းနှင့်တွဲဖက်၍ မစားရစေကာမူ ငါးပိတို့စရာနှင့်တွဲဖက်၍မစားရလျှင် ပြည့်ပြည့်ဝဝစားသောက်ရသည်ဟုမြန်မာတို့က မယူဆကြချေ။ တောင်သူလယ်သမားများနှင့် အလုပ်ကြမ်းသမားတို့အဖို့ ငါးပိသည် အဓိကအာဟာရပင်ဖြစ်ပေသည်။

ငါးအစိုကိုဆားဖြင့် အထပ်ထပ်သိပ်ထားလျှင်သော်လည်းကောင်း၊ ငါးပုစွန်တို့ကို ဆားပက်နေလှန်းဆုံဖြင့်ထောင်းလျှင်သော်လည်းကောင်း ငါးပိဟုခေါ်သည်။ ငါးပိကို မြန်မာလူမျိုးများသာမက ယိုးဒယားလူမျိုးများလည်း စားသုံးကြလေသည်။

ပုစွန်ဆိတ်နှင့်ငါးကလေးများကို နေပူတွင်သုံးလေးရက်မျှလှန်း၍ အနည်းငယ် ခြောက်လာသောအခါ ဆုံတွင်ထည့်ထောင်းပြီး အနည်းငယ်ညက်လာသောအခါ ဆားထပ်ထည့်ထောင်း၍ ဆားသမသွားသောအခါ ငါးပိကို မြေအိုးတွင် သုံးလေးရက်မျှသိပ်ထားကာ စားသုံးရသောငါးပိကို စိမ်းစားငါးပိဟုခေါ်ပြီး မြိတ်နှင့်ထားဝယ်ဒေသများမှ ထွက်ရှိလေသည်။ မျှင်ငါးပိကိုမူ ကျောက်ပုစွန်ဆိတ်ကလေးများ၊ မျှင်ပိုက်နှင့်ဖမ်း၍ရသော မျှင်များနှင့် စိမ်းစားငါးပိပြုလုပ်နည်းအတိုင်းပြုလုပ်ပြီး မျှင်များကိုအစွဲပြုပြီး မျှင်ငါးပိဟုခေါ်သည်။ မျှင်ငါးပိတွင် ကဏန်းကလေးများ၊ ငါးကလေးများလည်းပါဝင်ပြီး ဘိုကလေး၊ ဖျာပုံ၊ လပွတ္တာ၊ မြောင်းမြ၊ ပုသိမ်မြို့နယ်တို့မှ အများဆုံးထွက်ရှိသည်။

ဓမင်းငါးပိမှာ ဓမင်းထောင်၍ဖမ်းရသော ငါးကလေးအမျိုးမျိုးတို့ကို နေလှန်းဆားပက်ပြီး ထောင်းယူရသောငါးပိဖြစ်သည်။ ငါးပေါသည့်အရပ်တိုင်းတွင် ဓမင်းငါးပိကို လုပ်ကြသည်။ ရေချိုငါးပိမှာ အရည်ကျို၍စားရသောငါးပိမျိုးဖြစ်ပြီး အချို့ကရေကျိုငါးပိဟုခေါ်ကြသည်။ ရေချိုငါးပိလုပ်သောငါးမှာ ရေချိုရေငန်နှစ်မျိုးလုံးမှရသော ငါးများဖြင့်ပြုလုပ်သည်။ ရေကျိုငါးပိတွင် သုံးမျိုးစပ်ငါးပိမှာ ထင်ရှားသည်။ ငါးရံ့၊ ငါးဖယ်နှင့် ငါးပြေမငါးသုံးမျိုးစပ်ပြီးလုပ်ထားသောငါးပိကို လူကြိုက်များကြသည်။

ငါးကိုအကောင်လိုက်ဆားပက်၍ ကုပ်နှိပ်ထားသောငါးပိကိုငါး ပိကောင်ဟုခေါ်သည်။ ငါးပိကောင်လုပ်နည်းမှာ ငါးပိများလုပ်နည်းနှင့် မတူညီချေ။ ငါးများကို အူ၊ အသည်းထုတ်၊ ခေါင်းဖြတ် ရေဆေးပြီး ရိုင်ပတ်ထဲတွင်ထည့်ကာ မွှေပြီး ရေစင်တင်၍ အညှိအရွဲများကျဆင်းစေရန် ဆားပက်ပေးပြီး ရေစစ်သွားသောအခါ ရေစင်မှချပြီး အသားတွင်းသို့ဆားဝင်စေရန် ဆားဖြူးပေး၍ပြီးလျှင် စည်သို့သွင်းကာအသားတစ်ထပ်၊ ဆားတစ်ထပ်သိပ်ရသည်။ ထိုသို့ ငါးပိသိပ်ရာတွင် သစ်သားခုံဖိနပ်ဖြင့်နင်း၍ သစ်သားတုံးဖြင့် ဆောင့်ပေးရသည်။ ငါးပိမှကျလာသော ငံပြာရည်သည် ရေတံလျှောက်မှတစ်ဆင့် ငံပြာရည်အိုးထဲကျသို့ကျလေသည်။ ထို့နောက် ငါးပိကောင်ကို စင်မှထုတ်၍ နေသန့်သည်။ ထို့နောက် ဆားပြန်တူးပြီး အိုးထဲပြန်သိပ်လျှင် ငါးပိကောင်ရသည်။

ငါးပိတွင် ရေ၊ ပရိုတင်းနှင့် တွင်းထွက်ဓာတ်သတ္တုများပါရှိလေသည်။ တွင်းထွက်သတ္တုဓာတ်များအနက် ဆားအပြင် ကယ်လ်ဆီယမ်နှင့် ဖော့စဖောရပ်ခေါ် ဒြပ်စင်များလည်းပါဝင်ပြီး သွေးကောင်းရန်အတွက် သံဓာတ်လည်းပါဝင်ပေသည်။ ငါးပိတွင် ရေရာခိုင်နှုန်း ၄၀ မှ ၅၀ အထိပါဝင်ပြီး ပရိုတင်းရာခိုင်နှုန်း ၂၀ မှ ၃၀၊ အဆီ ရာခိုင်နှုန်း ၃ မှ ၄ အထိ ပါဝင်လေသည်။

စိမ်းစားနှင့် မျှင်ငါးပိတွင်မူ ဆားရာခိုင်နှုန်း ၁၀ မှ ၂၅ အထိပါဝင်ပြီး ရေချိုငါးပိ၊ ဓမင်းငါးပိနှင့် ငါးပိကောင်များတွင် ဆားရာခိုင်နှုန်း ၂၀ မှ ၃၀ အထိပါဝင်သည်။ အသားဓာတ်နှင့် အဆီဓာတ်များပါဝင်သောကြောင့် ငါးပိသည် အပူဓာတ်ကိုပေးသည်။ ငါးပိအမျိုးအစားကိုလိုက်၍ ငါးပိ တစ်အောင်စလျှင် အပူဓာတ် ၃၁ ကယ်လိုရီမှ ၄၈ ကယ်လိုရီအထိပေးနိုင်ပြီး အမဲသား၊ ဆိတ်သား၊ ဝက်သားများကဲ့သို့ အာဟာရပေးနိုင်သည်။

ငါးပိတွင် ကယ်လ်ဆီယမ်ဒြပ်စင်သည် ၁ ဒသမ ၅ မှ ၂ ဒသမ ၅ရာခိုင်နှုန်းအထိပါဝင်ပြီး ဖော့စဖောရပ် ၀ ဒသမ ၇၅ မှ ၁ ဒသမ ၂၅ ရာခိုင်နှုန်းအထိပါဝင်သောကြောင့် ငါးပိသည် ကယ်လ်ဆီယမ်များစွာ ပါဝင်သောအစာဟု ဆိုနိုင်ပေသည်။

အချုပ်အားဖြင့်တင်ပြရလျှင် လူ့ခန္ဓာကိုယ်သည် ကယ်လ်ဆီယမ်ဓာတ်လုံလောက်စွာမရလျှင် ရောဂါအမျိုးမျိုးစွဲကပ်တတ်သည်။ လူကြီးတစ်ယောက်အတွက် တစ်နေ့လျှင် ကယ်လ်ဆီယမ် ၀ ဒသမ ၆၈ ဂရမ် လိုအပ်ပေသည်။ စာရေးသူတို့သည် ငါးပိကို နေ့စဉ်စားသုံးခြင်းဖြင့် ခန္ဓာကိုယ်ကလိုအပ်သည့် ကယ်လ်ဆီယမ်ဓာတ်ကို ပေါပေါရနိုင်ပြီး ခန္ဓာကိုယ်ရှိ အရိုးများကိုခိုင်မာစေသောကြောင့် မြန်မာတို့၏ အဓိကအစားအစာအဖြစ် စားသုံးသင့်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

**တင်မောင်ဦး(အလုံ)**

## ပြည်တွင်းသတင်းနှင့် ဆောင်းပါး



# တရားရုံးများနှင့် မီဒီယာဆက်ဆံရေး ရှမ်းပြည်နယ်တရားလွှတ်တော်၌ ထပ်ဆင့်ရှင်းလင်း

**သီပေါ နိုဝင်ဘာ ၂၃**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၏ တရားရုံးများနှင့် မီဒီယာဆက်ဆံရေးကိစ္စ ညှိနှိုင်းဆွေးနွေးပွဲမှ လမ်းညွှန်ချက်များအပေါ် ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က တရားရုံးများနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ၊ ပြည်သူနှင့် မီဒီယာများအား အသိပေးရန်နှင့် သိရှိလိုသောအချက်များကို ဖြေကြားရန်၊ ပြည်ထောင်စုတရားလွှတ်တော်နှင့်တရားရုံးအဆင့်ဆင့်၏ လုပ်ကိုင်ဆောင်ရွက်မှုများအပေါ် ပြည်သူလူထုက ပွင့်လင်းမြင်သာစွာသိမြင်နိုင်စေရန် သတင်းပြန်ကြားရေးအဖွဲ့များဖွဲ့စည်းခြင်းနှင့် သတင်းပြန်ကြားရေးအဖွဲ့ဝင်များ လိုက်နာရမည့်အချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားသို့ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် ခရိုင်/မြို့နယ်များမှတရားသူကြီးများ၊ ပြည်နယ်/ ခရိုင်တရားရုံးများမှ တရားရေး အရာရှိများ စုစုပေါင်း ၉၈ဦးတက်ရောက်ကြကြောင်းသိရသည်။

**စိုင်း(သီပေါ)**

# ရွှေကူမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ရွှေကူ နိုဝင်ဘာ ၂၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် နန့်လန်ကျေးရွာ တောင်သူ ဦးမောင်မောင်ချို၏ ပုလဲသွယ်စပ်မျိုးစပါး GAP စံပြကွက်နှင့် တောင်သူဒေါ်တင်ဝင်း၏ ဗီယက်နမ်စပါးမျိုး GAP စံပြကွက်ရိတ်သိမ်းပွဲ ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးပါကြွယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှိုင်မင်းဦး၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသန်းမင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ဆည်ရေရရှိသည့် စိုက်ဧရိယာများတွင် နွေစပါးစိုက်ပျိုးရာ၌ စိုက်ပျိုးသင့်သောမျိုးများဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲသင့်သည်ဖြစ်၍ လိုအပ်သော လယ်ယာသုံးစက်ကိရိယာများကို စက်မှုလယ်ယာဦးစီးဌာနမှ ဆက်သွယ်၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူရရှိနိုင်သည်ဖြစ်ကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှိုင်မင်းဦးက ယခုလက်ရှိ ရိတ်သိမ်းနေသော စပါးမျိုးများသည် သက်တမ်းတိုအထွက်မျိုးကောင်း စပါးမျိုးများဖြစ်သဖြင့် ပြောင်းလဲလာသော ရာသီဥတုအခြေအနေများအရ အစားထိုးပြောင်းလဲ စိုက်ပျိုးသင့်သောမျိုးစပါးများဖြစ်ကြောင်း၊ GAP စနစ်ဖြင့် စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းဆတိုး၍ ဝင်ငွေနှစ်ဆ တိုးတက်စေနိုင်ပြီး တောင်သူလယ်သမားများ လူနေမှုဘဝ တိုးတက်မြင့်မားစေနိုင်ကြောင်း ပြောကြားသည်။ စံကွက်ရိတ်သိမ်းရာတွင် ပုလဲသွယ်တစ်ဧက ၁၃၄ တင်းနှုန်းနှင့် ဗီယက်နမ်စပါးမျိုး တစ်ဧက ၁၅၈ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။ **လဘန်အောင်(ကချင်မြေ)**

## သတင်းတို

# မော်တော်ယာဉ်များမှတ်ပုံတင်ခြင်းနှင့် ယာဉ်မောင်းလိုင်စင်များပြုလုပ်ပေး

**ရမ်းဗြဲ နိုဝင်ဘာ ၂၃**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်တွင် နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ပြည်တွင်းအခွန်များဦးစီးဌာနရုံးတွင် မော်တော်ယာဉ်များမှတ်ပုံတင်ခြင်း၊ ယာဉ်မောင်းလိုင်စင် မှတ်ပုံတင်ခြင်းများပြုလုပ်ပေးရာ ဆိုင်ကယ်စီးသူများအတွက် ယာဉ်မောင်းလိုင်စဉ်များကို တိုက်ရိုက်ထုတ်ပေးခဲ့သည်။

မော်တော်ယာဉ်မောင်းနှင်သူများနှင့် ဆိုင်ကယ်စီးသူများ အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် ရမ်းဗြဲမြို့နယ် ယာဉ်စည်းကမ်းထိမ်းသိမ်းရေးကော်မတီမှ နေ့စဉ်ကြိုးကြပ် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၄၀၈၄၄၊ Hensim 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလှိုင် ၉/မရမ (နိုင်) ၀၈၄၄၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၈၅၂၅၊ AMS New Wave Jeep ယာဉ်လက်ဝယ်ရှိသူ ဦးရဲအောင်နိုင် ၃/ဘအန(နိုင်)၀၁၈၈၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၄၂၆၃၀၊ Canda 110 ယာဉ်လက်ဝယ်ရှိသူ ဦးကိုအောင် ၉/မခန (နိုင်)၀၈၇၈၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

### ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး ဆိုင်ထွက်ခွင့်ရရှိသူအမည်ပြောင်းလဲခြင်းဆိုင်ရာကြော်ငြာ

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သည် စောင်းတန်းများအတွင်းဆောက်လုပ်ထားသော ဆိုင်ခန်းများ၌ ဈေးရောင်းချရန် ဆိုင်ထွက်ခွင့်ရရှိသူများကို မှတ်ပုံတင်၍ သတ်မှတ်ခွင့်ပြုထားပါသည်။ ယခုအခါ အရှေ့ဘက်စောင်းတန်းမှ (၃)ဆိုင်၊ တောင်ဘက်စောင်းတန်းမှ (၃)ဆိုင်၊ တောင်ဘက်ဈေးတော်ရုံမှ (၂)ဆိုင်၊ မြောက်ဘက်စောင်းတန်းမှ (၂)ဆိုင် စုစုပေါင်း (၁၀)ဆိုင်မှ ဆိုင်ထွက်ခွင့်ရသူအမည်များ ပြောင်းလဲပေးပါရန် လျှောက်ထားတင်ပြလာသောကြောင့် ဂေါပကအဖွဲ့မှ ဆိုင်ထွက်ခွင့် အမည်ပေါက်ပြောင်းလဲပေးရန် စီမံဆောင်ရွက်နေပါသည်။

အောက်ဖော်ပြပါ ဆိုင်ခန်းအမှတ်များ၌ ဆိုင်ထွက်ခွင့်ရရှိသူ အမည်ပေါက်ပြောင်းလဲခြင်းကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားများတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

(အထောက်အထားခိုင်လုံမှုမရှိဘဲ ကန့်ကွက်ပါက လုပ်ငန်းနှောင့်နှေးစေမှုဖြင့် အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။)

| | | |
|---|---|---|
| တောင်ဘက်စောင်းတန်းမှဆိုင်အမှတ် | - | ၆၊ ၇၁၊ ၁၁၉ |
| အရှေ့ဘက်စောင်းတန်းမှဆိုင်အမှတ် | - | ၄၁၊ ၆၈၊ ၁၁၇ |
| တောင်ဘက်ဈေးတော်ရုံမှဆိုင်အမှတ် | - | ၃၉၊ ၄၀ |
| မြောက်ဘက်စောင်းတန်းမှဆိုင်အမှတ် | - | ၄၄၊ ၅၄ |

**ဂေါပကအဖွဲ့**

### ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၆၀၀၆၄ Jialing 90, MC ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာဝင်း ၉/မကန(နိုင်)၀၉၇၇၀၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၁ယ/၉၄၄၄၈၊ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျိုးလျှန် ၄/ထတလ (နိုင်) ၀၂၃၄၆၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဟားခါး)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၀ယ/၇၀၇၂၇၊ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရမ်နောလ် ၄/ဟခန(နိုင်)၀၀၃၃၂၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဟားခါး)**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၇ယ/၁၁၃၇၂ လော်ဂျား ၁၁၀ ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝ ၈/မဘန (နိုင်) ၀၃၄၆၆၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂ယ/၅၁၆၇၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းလှိုင် ၂/လကန (နိုင်)၀၀၈၇၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၂၃၃၂၃)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧက၊ ဒေါ်မြတ်မြတ်ထူး အမည်ပေါက် နှစ် ၃၀ ဂရန်မြေကွက်အား အမည်ပေါက်ဒေါ်မြတ်မြတ်ထူး ၇/ရကန(နိုင်)၀၃၃၁၆၁ (ဘ) ဦးဖြူလေးမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၈၉၃၄၇၊ Luojia Dream ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်ဝင်း ၉/မထလ(နိုင်)၂၄၂၁၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန (မိတ္ထီလာခရိုင်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၄၃၅၀၄ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းငွေ ၁၀/ပမန(နိုင်) ၀၂၃၉၄၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# လယ်ယာသုံးစက်ကိရိယာထိန်းသိမ်းမောင်းနှင်မှု ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးလျက်ရှိသည့် မိတ္ထီလာစက်မှုလယ်ယာဗဟိုသင်တန်းကျောင်း



မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာလုပ်ငန်း ကူးပြောင်းရေးလုပ်ငန်းတွင် မရှိမဖြစ်လိုအပ်လျက်ရှိသည်မှာ လယ်ယာသုံးစက်ကိရိယာထိန်းသိမ်းမောင်းနှင်မှု ကျွမ်းကျင်လုပ်သားများပင်ဖြစ်သည်။ စက်မှုလယ်ယာလုပ်ငန်း ကူးပြောင်းရေးလုပ်ငန်းတွင် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည့် လယ်ယာသုံးစက်ကိရိယာထိန်းသိမ်းမောင်းနှင်မှု ကျွမ်းကျင်လုပ်သားများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန မိတ္ထီလာစက်မှုလယ်ယာဗဟိုသင်တန်းကျောင်းမှ စဉ်ဆက်မပြတ်နှစ်စဉ် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်းသိရသည်။

"ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ကျေးလက်ဒေသတွေမှာ သမားရိုးကျစိုက်ပျိုးရေးလုပ်ငန်းကနေ စက်မှုလယ်ယာလုပ်ငန်းကို ကူးပြောင်းပြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ဖို့ လိုအပ်တယ်။ စက်မှုလယ်ယာလုပ်ငန်း ကူးပြောင်းတဲ့ နေရာမှာလည်း လယ်ယာသုံးစက်ကိရိယာတွေကို ကောင်းစွာထိန်းသိမ်းပြုပြင် မောင်းနှင်တတ်တဲ့ ကျွမ်းကျင်လုပ်သားတွေ လိုအပ်ပါတယ်။ အဲဒီလိုကျွမ်းကျင်လုပ်သားတွေကို မိတ္ထီလာစက်မှုလယ်ယာဗဟိုသင်တန်းကျောင်းကနေ နှစ်စဉ်သင်တန်းများဖွင့်လှစ်ပြီး အခမဲ့လေ့ကျင့်သင်ကြားပေးလျက် ရှိပါတယ်။ ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှု(တောင်သူ) သင်တန်းကို တစ်နှစ်နှစ်ကြိမ်၊ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အထူးသင်တန်းကို တစ်နှစ်သုံးကြိမ် ပုံမှန်ဖွင့်လှစ်နေပါတယ်။ သင်တန်းတစ်ခုကို သုံးလကြာတက်ရောက်ကြရမှာပါ။ သင်တန်းအတွက်နေစရာအဆောင်၊ နေ့စဉ်စားသောက်မှု၊ သင်တန်းဝတ်စုံကအစ ဌာနကနေအကုန်ကျခံပြီး သင်ကြားပေးတာပါ။ သင်တန်းသားများအတွက် အခမဲ့သင်ကြားပို့ချပေးတာ ဖြစ်ပါတယ်။ ဒီလိုသင်တန်းများပို့ချပေးခြင်းကြောင့် ကျေးလက်နေပြည်သူတွေအလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိလာမှာဖြစ်တဲ့အပြင် စက်မှုလယ်ယာကူးပြောင်းရေးလုပ်ငန်းမှာ အဓိကလိုအပ်ချက်ဖြစ်တဲ့ ကျွမ်းကျင်လုပ်သားတွေကို မွေးထုတ်ပေးရာလည်းရောက်ပါတယ်"ဟု မိတ္ထီလာစက်မှုလယ်ယာဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီးဦးစိုးစိုးက ပြောသည်။

မိတ္ထီလာ စက်မှုလယ်ယာဗဟိုသင်တန်းကျောင်းမှ ဖွင့်လှစ်သည့် သင်တန်းများသို့ တက်ရောက်ရန် အရည်အချင်းသတ်မှတ်ချက်တွင် အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်းဟု သတ်မှတ်ထားသော်လည်း တစ်ခါတစ်ရံ တောင်သူလက်တွေ့လုပ်ကိုင်နေသူများမှ လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူမောင်းနှင်အသုံးချလို၍ သင်တန်းတက်ရောက်ရန် အဆိုပြုပါက ဌာနမှခွင့်ပြုတက်ရောက်ခွင့်ပေးကြောင်း သိရသည်။

**နိုင်ငံတကာကျွမ်းကျင်ပညာရှင်တွေ လာရောက်သင်တန်းပို့ချပေးတာဆိုတော့ သင်တန်းသားတွေအနေနဲ့လည်း ပညာဗဟုသုတပိုမိုရရှိစေပါတယ်။**

"တစ်ခါတစ်ရံ အသက် ၃၅ နှစ်ကျော် ၄၀ နှစ်က ၅၀ နှစ်အတွင်း တစ်ဦးတစ်လေ လာရောက်ပြီး သင်တန်းတက်ချင်တယ်၊ ကိုယ်ပိုင်တောင်ယာလုပ်ငန်းမှာ လယ်ယာသုံးစက်ကိရိယာတွေ ကျွမ်းကျွမ်းကျင်ကျင်မောင်းနှင်ထိန်းသိမ်းတတ်ချင်တယ်ဆိုပြီး သင်တန်းတက်ဖို့ အဆိုပြုရင် ဌာနကနေ ခွင့်ပြုပေးတာရှိတယ်။ အဲ့ဒါမျိုးလာ သင်တန်းလာတက်တဲ့ တောင်သူတချို့လည်း ရှိတယ်။ ဒီမှာ သင်တန်းတက်ပြီးရင် တချို့က မိသားစုတောင်ယာလုပ်ငန်းအတွက် လာတက်တယ်။ တချို့ပြင်ပပုဂ္ဂလိက ကုမ္ပဏီတွေမှာ ဝင်ရောက်လုပ်ကိုင်ချင်လို့ သင်တန်း လာတက်တာရှိတယ်။ စက်မှုလယ်ယာဦးစီးဌာနက ထုတ်ပေးတဲ့ သင်တန်းဆင်းလက်မှတ်ရရှိထားသူတွေကိုပဲ ပြင်ပပုဂ္ဂလိက ကုမ္ပဏီတွေက ဦးစားပေးအလုပ်ခန့်ကြတယ်။ စက်မှုလယ်ယာဗဟိုသင်တန်းကျောင်းကိုလည်း ဆက်သွယ်ပြီး မေးမြန်းတာမျိုးရှိတယ်။ သင်တန်းဆင်းပြီးသား ကျွမ်းကျင်လုပ်သားတွေကိုပဲ အထူးဦးစားပေးအလုပ်ခန့်ချင်ကြတာများတယ်" ဟု မိတ္ထီလာ စက်မှုလယ်ယာဗဟိုသင်တန်းကျောင်းမှ ဦးစီးအရာရှိဦးအောင်ဝင်းဆွေက ပြောသည်။

မိတ္ထီလာ စက်မှုလယ်ယာဗဟိုသင်တန်းကျောင်းတွင် ဖွင့်လှစ်ပို့ချပေးလျက်ရှိသည့် ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှု အထူးသင်တန်း(တောင်သူ)နှင့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းများတွင် စာတွေ့လက်တွေ့သင်ကြားရပြီး လက်တွေ့သင်ကြားရမှုအပိုင်းတွင် ပြင်ဆင်ရေး၊ လက်တွေ့ထွန်ယက်ခြင်း၊ မောင်းနှင်ထိန်းသိမ်းခြင်းတို့ပါဝင်ပြီး လက်တွေ့မောင်းနှင်ထိန်းသိမ်းခြင်းတို့အတွက် လေ့ကျင့်ရေးကွင်းနှင့် သင်တန်းစိုက်ခင်းများတွင် လေ့ကျင့်သင်ကြားရသည်။ စက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်းသို့ အခါအားလျော်စွာ အိန္ဒိယ၊ ကိုရီးယား၊ ဂျပန်၊ ကမ္ဘောဒီးယားနိုင်ငံတို့က ကျွမ်းကျင်ပညာရှင်များမှ လာရောက်သင်တန်းပို့ချမှုရှိကြောင်း သိရသည်။ "အိန္ဒိယ၊ ကိုရီးယား၊ ဂျပန်နဲ့ ကမ္ဘောဒီးယားနိုင်ငံတွေက ကျွမ်းကျင်ပညာရှင်တွေလည်း သင်တန်းလာရောက် ပို့ချပေးတာမျိုးရှိတယ်။ နိုင်ငံတကာကျွမ်းကျင်ပညာရှင်တွေ လာရောက် သင်တန်းပို့ချပေးတာဆိုတော့ သင်တန်းသားတွေအနေနဲ့လည်း ပညာဗဟုသုတပိုမိုရရှိစေပါတယ်"ဟု စက်မှုလယ်ယာဗဟိုသင်တန်း ကျောင်းအုပ်ဆရာကြီးဦးစိုးစိုးက ပြောသည်။

စက်မှုလယ်ယာလုပ်ငန်းတွင် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည့် လယ်ယာသုံးစက်ကိရိယာများ စနစ်တကျ မောင်းနှင်ထိန်းသိမ်းတတ်သည့် မျိုးဆက်သစ်တောင်သူလူငယ်များကို မိတ္ထီလာစက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်းမှ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည့်အပြင် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာခြင်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုနိုင်ရေးအား ရည်မှန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတင်ပြလိုက်ပါသည်။

**ချမ်းသာ(မိတ္ထီလာ)**

## မသန်စွမ်းသူများ အားကစားပြိုင်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃ ရက်နေ့တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ကကြီးမှူးပြီး မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၆ ရက် နံနက် ၇ နာရီမှစတင်ကာ ဒဂုံမြို့သစ်မြောက်ပိုင်း မသန်စွမ်းသူများ အားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲတွင် ဂိုးလ်ဘော၊ ခုနစ်ယောက်တစ်ဖက်ဘောလုံး၊ မြားပစ်၊ ဘောစီယာအားကစားနည်းများအပြင် ပျော်ပွဲရွှင်ပွဲများအဖြစ် ရေကူး၊ ပြေးခုန်ပစ်၊ ဘတ်စကတ်ဘောအားကစားနည်းများကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သဖြင့် ကိုယ်လက်အင်္ဂါမသန်စွမ်းသူများ၊ ဉာဏ်ရည်မမီအားကစားသမားများ မည်သူမဆိုပါဝင်မယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## စံပြစိုက်ခင်းများ ရိတ်သိမ်း

**ဖျာပုံ နိုဝင်ဘာ ၂၃**

မိုးစပါး GAP စံပြစိုက်ခင်း ပုလဲသွယ်စပ်မျိုးစပါးနှင့် သီးထပ်ရင်တောင်သူမျိုးသန့်စံပြ စိုက်ခင်းရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၁၉ရက် နံနက်စနာရီက ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာအုပ်စု ဧက ၁၀၀ စံပြကွက် ကွင်းအမှတ်(၂၄၈) ရှိ တောင်သူ ဦးဝင်းမြင့်အောင်၏ စံပြစိုက်ကွင်း၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ GAP စံပြကွက်ရိတ်သိမ်းရာတွင် ပုလဲသွယ်စပ်မျိုးစပါး တစ်ဧကလျှင် ၁၃၈ ဒသမ ၄၉ တင်းနှင့် သီးထပ်ရင် တောင်သူမျိုးသန့်စပါးတစ်ဧက တင်း ၁၀၁ ဒသမ ၅၀ တင်းထွက်ရှိကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**


## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းလျားလမ်း၊ အမှတ်(၂၈-အေ)နေ
ဒေါက်တာဒေးဗစ်ကျော်[ပါမောက္ခ၊ ဥပဒေဆေးပညာဌာန၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်-(ငြိမ်း)၊
မှူခင်းဆရာဝန်ကြီး၊ ရန်ကုန်ဆေးရုံကြီး-(ငြိမ်း)]-(ဒေါက်တာ တင်တင်ဝင်း)တို့၏
တစ်ဦးတည်းသောသား

**မောင်စည်သူ**

**Bachelor of Science in Networking Communication Management,**
**DeVry University, Pomona, California,**
**Bachelor of Science in Nursing, Azusa Pacific University, Azusa, California**

**နှင့်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းလျားလမ်း၊ အမှတ်(၁၁၆-ဒီ၂) နေ
ဦးမောင်ရှိန်(ခြသေ့်ဒန်အိုးစက်၊ ရော်ဘာခြံ)-(ဒေါ်သင်းသင်းလှိုင်)တို့၏ သမီးထွေး

**မစုသက်ရှိန်**

**Bachelor of Arts in Economics**
**Diploma in Accounting(UK)**

တို့သည် ၁၅-၁၁-၂၀၁၄ ရက်(စနေနေ့)တွင် အမှတ်(၁၁၆-ဒီ၂)နေအိမ်၌ နှစ်ဖက်သော လူကြီးမိဘများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

## ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ သာစည်မြို့နယ်၊ ဘူးရုံကျေးရွာနေ ဒေါ်စန်းတင်(ခ)ဒေါ်ဆန်းတင်၏ ညွှန်ကြားချက်အရ ၂-၁၁-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြေညာချက်နှင့်ပတ်သက်၍ မိခင်ဒေါ်ပုနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်သည်မှာ

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းတင်(ခ)ဒေါ်ဆန်းတင်နှင့်ခင်ပွန်း သားသမီးမြေးများမှာ အတူနေမိခင်ကြီးဒေါ်ပုအား စိတ်ဆင်းရဲစေခြင်းတစ်စုံတစ်ရာ မပြုခဲ့ပါ။ ဆိုဆုံးမမှုများကိုလည်း အမြဲတစေလိုက်နာပြီး မိခင်ကြီး၏ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေရန် အမြဲဆောင်ရွက်ပေးနေသည်ကို ရပ်ရွာကလည်း အသိဖြစ်ပါသည်။ မိခင်ကြီး၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုရေးသာမက ဘာသာရေးလုပ်ငန်းများကိုပင် ဂရုတစိုက်လိုအပ်သည်မရှိရအောင်ပင် အမြဲစောင့်ရှောက်လျက်ရှိသည်မှာ နှစ်ပေါင်း ၅၀ ပင်ကျော်ခဲ့ပြီဖြစ်ပါသည်။ သားသမီး ဝတ္တရားကျေပွန်သူအား တစ်ဖက်သတ် မမှန်မကန်ကြေညာပြီးစွန့်လွှတ်၍မရပါ။ တရားမဝင်ပါ ကျွန်ုပ်၏မိတ်ဆွေက မိခင်ကြီးဒေါ်ပုအား ဆက်လက်ကျွေးမွေးပြုစု၍ မိခင်ကြီးဒေါ်ပု၏ ကိစ္စအဝဝကို ဖြေရှင်းပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်မမ B.A (Law), LL.B**
**တရားလွှတ်တော်ရှေ့နေကြီး (စဉ်-၁၄၉၁)**
**ပန်းတိမ်တန်းရပ်၊ မိတ္ထီလာမြို့၊**
**ဖုန်း-၀၉-၄၇၁၀၂၄၄၁**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်စက်မှုဇုန်၊ မြေကွက်အမှတ် ၁၁၁၊ ဧရိယာ ၂ ဒသမ၀၀၃ဧက၊ နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဦးအောင်ထက်ဝင်းဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ဆ/ဦးအား အပြီးအပိုင် လဲလှယ်ခြင်းစာချုပ်(၈၀၁၇/၂၀၁၄)တင်ပြ၍ ဒေါ်ထားထားသန့် ၅/အတန(နိုင်)၀၁၂၉၀၂အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းဌာနခွဲ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရှမ်းချောင်း)၊ မြေကွက်အမှတ် (၈၀၆၊ ၈၀၇)၊ မြေကွက်တည်နေရာအမှတ် (၈၀၆၊ ၈၀၇)၊ ရှုခင်းသာ (၁)လမ်း၊ ရှမ်းချောင်းရပ်ကွက်၊ လှိုင်သာယာမြို့နယ်ရှိ ဦးသိန်းမြင့် ၁၀/မလမ(နိုင်)၀၁၉၉၅၀ အမည်ပေါက် ပါမစ်မြေအတွက် ၉-၆-၂၀၁၃၊ ၃၀-၆-၂၀၁၃ရက်စွဲပါ အရပ်ကတိစာချုပ်၊ မြေနေရာချထားပေးခြင်းခံရသူများ၏ မှီခိုသူများစာရင်းမပါရှိသည့် မြေချပါမစ်အမှတ် ၂၃၁/၂၀၀၂၊ ၂၃၂/၂၀၀၂ မူရင်းများတင်ပြ၍ ဦးဘအေး(ခ)ဦးစိုင်းခမ်း ၁၃/တကန(နိုင်)၀၁၃၅၁၅မှ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ အထက ကျောင်း၊ တက္ကသိုလ်ဝင်တန်း(ဂ) မှ မောင်ကျော်ဇေယျဦး၏ ဖခင်အမည်မှန်မှာ ဦးစန်ရွှေ ဖြစ်ပါသည်။
**ဦးစန်ရွှေ၊ မိုးမောက်မြို့**

## ဖခင်အမည်မှန်

ဇန်းမော်မြို့ ရွှေကျီးနားရပ်ကွက် အထက(ခွဲ) နဝမတန်းမှ မသဲနဖွေး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဝင်း ၁/ဗမန(နိုင်)၀၈၁၁၄၄ ဖြစ်ကြောင်း။
**ဦးအောင်ဝင်း**

## မိခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက၊ (ကော့ခမယ်) အဌမတန်း (B) မှ မနှင်းသက်ဝေဦး၏ မိခင်အမည်မှန်မှာ ဒေါ်စန်းမြင့် ဖြစ်ပါကြောင်း။
**ဒေါ်စန်းမြင့် ၁၀/မလမ(နိုင်)၂၃၅၈၄၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်နေလင်းဇော်၏ (CDC 91747) ပျောက်ဆုံးသွားသဖြင့် တွေ့လျှင်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဖုန်း-၀၉-၄၂၁၀၈၈၁၈၈

# ရေးမြို့နယ်၌ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်လှူဒါန်း

**ရေး နိုဝင်ဘာ ၂၃**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ဆွစ်ဖွံ့ဖြိုးရေးတို့ ပူးပေါင်းဆောင်ရွက်သော (SDC) မှ ဆောက်လုပ်လှူဒါန်းသည့် မွန်ပြည်နယ် ရေးမြို့နယ် မွန်ပြည်သစ် ဒေသအတွင်းရှိ ကျောက်မိချောင်း ကျေးရွာအုပ်စု ဝယ်စင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ပင်မဆောင်(၃၆ × ၃၆)ပေ၊ နားနေ ဆောင် (၃၆ × ၁၀)ပေ ပင်မဆောင်နှင့် နားနေဆောင်ကြား လျှောက်လမ်း (၂၀×၇)ပေ မီးစက်ဆောင် (၁၀×၁၀)ပေ တို့ကို ကျေးရွာသို့ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



အဆိုပါ အဆောက်အအုံနှင့်အတူ ဆေးခန်းသုံး ပရိဘောဂများ၊ ဆေးခန်းသုံးကရိယာများကို လွှဲပြောင်းပေးလျက်ရှိရာ နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ကျန်းမာရေးဌာနနှင့် ကျေးရွာသို့ လွှဲပြောင်းပေးအပ်ရာ ဆွစ်ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SDC) မှကိုယ်စားလှယ် Mark Haeussermann Programme Manager SDC (Mawlamyine) Field Office) က လွှဲပြောင်းပေးအပ်ကာ ကျေးရွာကော်မတီမှ တာဝန်ရှိသူတစ်ဦးက လက်ခံယူခဲ့ကြောင်း သိရသည်။

အဆိုပါ လွှဲပြောင်းပေးအပ်ပွဲတွင် ရေးမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကော်မတီ ၄ ရပ်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ အဆောက်အအုံမှာ မုန်တိုင်းဒဏ်ခံ အဆောက်အအုံအမျိုးအစားဖြစ်ပြီး အမိုးအုတ်စီနံရံ အခင်းကွန်ကရစ် RCC သံကူကွန်ကရစ်ဖြစ်ပြီး ကျပ်ငွေ ၈၁၃၇၀၀၀၀ အကုန်ကျခံကာ Ben Thein Construction Co.,ltd. က ဇန်နဝါရီ ၁ ရက်မှ စတင်တည်ဆောက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

# အထည်ချုပ်စက်ရုံများတွင် ခန့်အပ်နိုင်ရန် စက်ချုပ်သင်တန်းများဖွင့်

**ရန်ကုန် နိုဝင်ဘာ ၂၃**

နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြဝတီမင်းကြီးလမ်းရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ အဆင့်မြင့်စက်ချုပ်အထူးသင်တန်း အမှတ်စဉ်(၂)နှင့် ခေတ်မီ မော်တာအထည်ချုပ်စက်သင်တန်းအမှတ်စဉ်(၅)သင်တန်းများ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဆင့်မြင့်စက်ချုပ် အထူးသင်တန်းသူများအား အခြေခံမှစပြီး အဆင့်မြင့် ချုပ်လုပ်တတ်စေရန် ရက်သတ္တ (၁၂)ပတ်ကြာ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပြီး ခေတ်မီ မော်တာအထည်ချုပ်စက်သင်တန်းသူများအား အထည်ချုပ်စက်ရုံများတွင် ကျွမ်းကျင်အထည်ချုပ်ဝန်ထမ်းများအဖြစ် အလုပ်ခန့်အပ်နိုင်ရန် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးမှ အခြေခံနှင့် အဆင့်မြင့် သင်တန်းဆင်း တိုင်းရင်းသူများအား ကျွမ်းကျင်အထည်ချုပ်ဝန်ထမ်းများအဖြစ် အလုပ်အကိုင်များရရှိနိုင်စေရန် စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း ပြောကြားသည်။

နယ်စပ်ဒေသကျေးလက်မြို့ပြနေ တိုင်းရင်းသူ ၄၇၅ ဦးတို့အား ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်း အမှတ်စဉ် (၁)မှ အမှတ်စဉ် (၄)အထိ ဖွင့်လှစ် လေ့ကျင့်ပေးခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အထည်ချုပ်လုပ်ငန်းအဖွဲ့ချုပ်တို့၏ (Public Private Partnership) စနစ်ဖြင့် အထည်ချုပ်စက်ရုံများတွင် အလုပ်တာဝန်ခန့်အပ်ပေးခဲ့ပြီး ဖြစ်သည်။

ယခုဖွင့်လှစ်သည့် အဆင့်မြင့်စက်ချုပ်အထူးသင်တန်း အမှတ်စဉ်(၂)တွင် ရန်ကုန်မြို့အနီးတစ်ဝိုက်မှ အမျိုးသမီးငယ် ၃၃ ဦး၊ ခေတ်မီမော်တာ အထည်ချုပ်စက် သင်တန်းအမှတ်စဉ်(၅)တွင် နယ်စပ်ဒေသအသီးသီးမှ အခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းဆင်း တိုင်းရင်းသူ ၁၂၇ ဦး သင်တန်းတက်ရောက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လယ်ထွန်စက်ဝယ်ယူပိုင်ဆိုင်ခဲ့၍ အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ပြီး သီးနှံများဖြစ်ထွန်းအောင်မြင်

**ဂန့်ဂေါ နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်တွင် သမဝါယမဝန်ကြီးဌာန၏ စီမံချက်အရ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသော လယ်ယာသုံးစက်ကိရိယာ လယ်ထွန်စက်များကို ဝယ်ယူအသုံးပြုခွင့်ရရှိခဲ့ကြသည့် သမဝါယမအသင်းသား လယ်သမားများသည် မိမိတို့၏ လယ်ယာမြေများကို အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ကြသဖြင့် သီးနှံများ ဖြစ်ထွန်းအောင်မြင်မှုရရှိခဲ့ကြသည့်အပြင် သူတစ်ပါး၏ လယ်ယာမြေများကို ထွန်ယက်စိုက်ပျိုးရန် လယ်ထွန်စက် အငှားလိုက်၍လည်း မိသားစုအပိုဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ် တောင်ခင်ရန်းကျေးရွာ အခြေစိုက် ထွန်းသစ်စလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားလယ်သမား တစ်ဦးဖြစ်သူ ဦးဇော်မင်းနိုင်က ၄င်းအနေဖြင့် ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလအတွင်းက သမဝါယမဝန်ကြီးဌာန၏ အစီအမံအရ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသော မြင်းကောင်ရေ ၉၀ အားရှိ ဆိုနာလီကာ အမျိုးအစား လယ်ထွန်စက်တစ်စီးကို ငွေကျပ် ၂၃၅ သိန်းဖြင့် ဝယ်ယူအသုံးပြုခွင့်ရရှိခဲ့ကြောင်း၊ လယ်ထွန်စက်ဝယ်ယူစာချုပ်ချုပ်ဆိုသည့်နေ့တွင် စရန်ငွေ ၂၀ ရာခိုင်နှုန်းဖြစ်သော ၄၇ သိန်းကို ပေးသွင်းရပြီး ကျန်ငွေကို ခြောက်လလျှင် တစ်ကြိမ်နှုန်းဖြင့် အရင်း၊ အတိုးပေါင်း ခြောက်ကြိမ်ကို အရစ်ကျပေးဆပ်ရကြောင်း၊ ကျန်ငွေအတွက် အတိုးနှုန်း ၁ ဒသမ ၅ ကျပ်ကို အမှန်ထိရောက် အတိုးနှုန်းဖြင့် ပေးသွင်းရခြင်းဖြစ်ကြောင်း၊ ယခုဝယ်ယူထားသော လယ်ထွန်စက်ဖြင့် မိမိ၏ လယ်ယာမြေများကို အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်သောကြောင့် သီးနှံများဖြစ်ထွန်းအောင်မြင်မှုရရှိသည့်အပြင် သူတစ်ပါး လယ်ယာမြေများကို ထွန်ယက်စိုက်ပျိုးနိုင်ရန် ထွန်စက်အငှားလိုက်သဖြင့်လည်း အပိုဝင်ငွေရရှိလျက်ရှိရာ ကျန်ရှိငွေအတွက် အရင်းနှင့်အတိုးကို အရစ်ကျပေးဆပ်ရန် အခက်အခဲမရှိကြောင်း၊ အခုလို ငွေကျပ် ၂၃၅ သိန်း တန်ဖိုးရှိ လယ်ထွန်စက်ကို လယ်သမားတစ်ဦးအနေဖြင့် လက်ငင်းပေးချေဝယ်ယူနိုင်ရန် မလွယ်ကူကြောင်း၊ ကနဦးပေးသွင်းရသော စရန်ငွေကို ရာခိုင်နှုန်းနည်းစွာဖြင့် ပေးသွင်းကာ အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူခွင့်ရရှိခဲ့သည့်အတွက်သာ လယ်ထွန်စက်တစ်စီးပိုင်ဆိုင်သော လယ်သမားတစ်ဦးအဖြစ်သို့ ရောက်ရှိခဲ့ရခြင်းဖြစ်ပါကြောင်း၊ ဤနည်းလမ်းဖြင့် လယ်ထွန်စက်ပိုင်ဆိုင်သော လယ်သမားဦးရေများပြားလာပါက စိုက်ပျိုးရေးအတွက် အလွန်ကြီးမားသော အကျိုးကျေးဇူးများ ရရှိလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# အသိပညာပေးဟောပြောပွဲ ကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၂၃**

မော်လမြိုင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း မြပန်းတော်ဝင်ခန်းမ၌ နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀နာရီခွဲက ကျောင်းသူများအား အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး မော်လမြိုင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းမြမြဝင်းက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် ငါးပါးသီလအကြောင်း၊ ကောင်းမှုတစ်ခုနေ့စဉ်ပြု သိမှတ်ဖွယ်ရာအဖြာဖြာ စာအုပ်ထဲမှာတွေ့အောင်ရှာ စသည့်အချက်အလက်များတစ်ချက်ခြင်း ဟောပြောပြီး ယူဆောင်လာသော စာအုပ်/စာစောင်များ၊ နံရံကပ်စာစောင်များကို ကျောင်းသူများအား လေ့လာဖတ်ရှုစေပြီး အမျိုးသားနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**နိုင်ငံကြီးသားပီသစွာ**
**အခွန်ဆောင်တာပြည့်အကျိုးပါ**


**ပညာရေးဝန်ကြီးဌာန**
**ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို ဌာနအရောက် မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၁၁-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ

တင်ဒါတင်သွင်းရန်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်-

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန**
**ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၃၀၇၊ ၀၆၇-၄၀၇၀၄၃**

**ပညာရေးဝန်ကြီးဌာန**
**ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သိပ္ပံပစ္စည်းနှင့် ဓာတ်ဆေးများ၊ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ အားကစား၊ အိမ်တွင်းမှု၊ ပန်းချီ၊ ဂီတပစ္စည်းများကို ဌာနအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၁၁-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၆း၀ ၀နာရီ

တင်ဒါတင်သွင်းရန်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်-

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**ရုံးအမှတ် (၁၃)၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၇၃၀၇၊ ၀၆၇-၄၀၇၀၄၃**

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လားရှိုးခရိုင်အတွင်းရှိ လားရှိုး၊ တန့်ယန်း၊ မိုင်းရယ်မြို့နယ်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ခွင့်ပြု ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံနှင့် တည်ဆောက် ရေးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်** **အမှတ်(၃)(၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်)**
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၈-၁၁-၂၀၁၄ ရက်၊ ၁၆း၃၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၉-၁၂-၂၀၁၄ရက် နံနက် ၉း၃၀နာရီ လားရှိုးခရိုင်အင်ဂျင်နီယာမှူးရုံး၊ လားရှိုးမြို့

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ၂၄-၁၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှောက်လွှာဝယ်ယူရမည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လားရှိုးမြို့၊ ဖုန်း-၀၈၂-၂၃၀၅၈

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ဖခင်အမည်မှန်**

ပြင်ဦးလွင်မြို့၊ ရွှေသင်းကျေးရွာ၊ ရွှေသင်း (အလက)၊ သတ္တမတန်းမှ မောင်စိုင်းငြိမ်းချမ်းအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်သိန်း ၉/မမန(နိုင်)၀၁၀၂၂၁ ဖြစ်ပါသည်။ **ဦးအောင်သိန်း**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထဲရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**
**ဓာတုဗေဒစစ်ဆေးရေးဌာန(နေပြည်တော်)**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဓာတုဗေဒစစ်ဆေးရေးဌာနမှ အသုံးပြုရန်လိုအပ်သော ဓာတုဆေးရည်/ဆေးမှုန့်များနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၁၁-၂၀၁၄ရက်မှ ၅-၁၂-၂၀၁၄ရက်
**အိတ်ဖွင့်တင်ဒါသွင်းရမည့်ရက်** - ၁၅-၁၂-၂၀၁၄ရက်မှ ၁၆-၁၂-၂၀၁၄ရက် (ရုံးချိန်အတွင်း)

အိတ်ဖွင့်တင်ဒါအဆိုပြုလွှာဖွင့်ဖောက်စစ်ဆေးခြင်းအား ၁၈-၁၂-၂၀၁၄ရက် နံနက် ၀၉း၃၀ နာရီတွင် ရုံးအမှတ် (၄၉)နေပြည်တော်ရှိ ဓာတုဗေဒစစ်ဆေးရေးဌာနတွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ် ၅၀၀၀/-(ကျပ်ငါးထောင်)နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဓာတုဗေဒစစ်ဆေးရေးဌာန၊ ရုံးအမှတ် (၄၉)၊ နေပြည်တော်၌ သတ်မှတ်ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိလိုပါက ဖုန်း-၀၆၇- ၄၃၁၄၄၀၊ ၀၆၇-၄၃၁၁၀၅တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဓာတုဗေဒစစ်ဆေးရေးဌာန(နေပြည်တော်)၊ ရုံးအမှတ်-၄၉**

**မိဘအမည်မှန်**

မြိတ်မြို့၊ အထက-၄၊ န၀မတန်းမှ မချစ်နှင်းဝေ၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမင်းလွင်နှင့် ဒေါ်မြသန်းဖြစ်ပါကြောင်း။ **ဦးမင်းလွင်-ဒေါ်မြသန်း**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးစိုးမင်းညွန့်၏သမီး လှိုင်ကော်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (F)မှ မအဥ္ဇလီစိုး ၂/လကန(နိုင်)၀၉၉၈၂၀ နှင့် မအဥ္ဇလီစိုးမင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မအဥ္ဇလီစိုး(ခ)မအဥ္ဇလီစိုးမင်း**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ကလေးမြို့နယ်၊ အထက(နတ်ချောင်း) အဋ္ဌမတန်းမှ မမေသီရိလွင်၏ ဖခင်အမည်မှန်မှာ ဦးမြို့လွင် ၅/ကလထ(နိုင်)၀၆၂၆၃၀ ဖြစ်ပါကြောင်း။ **ဦးမြို့လွင် ၅/ကလထ(နိုင်)၀၆၂၆၃၀**

# အမျိုးသားမြေယာအသုံးချမှု မူဝါဒ(မူကြမ်း)ဆိုင်ရာများ မကွေး၌ဆွေးနွေး

**မကွေး နိုဝင်ဘာ ၂၃**

မြို့ပြ/ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွက် မြေအရင်းအမြစ်စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ရေးဆွဲပြုစုခဲ့သော အမျိုးသားမြေအသုံးချမှု မူဝါဒ (မူကြမ်း)နှင့်ပတ်သက်၍ ပြည်သူများ၏ သဘောထားနှင့် အကြံပြုချက်များရယူနိုင်ရန်အတွက် မြန်မာနိုင်ငံ တစ်ဝန်းဆွေးနွေးပွဲများ ကျင်းပလျက်ရှိရာ မကွေးမြို့ မြို့တော်ခန်းမ၌ အမျိုးသားမြေယာအသုံးချမှု မူဝါဒ (မူကြမ်း)ရေးဆွဲခြင်းနှင့် ပတ်သက်၍ ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၁ ရက်က ကျင်းပခဲ့သည်။

အကြံပြုဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးသိန်းထွန်းက မြေသယံဇာတအရင်းအမြစ်များကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးတို့အတွက် စီမံခန့်ခွဲအသုံးပြုရာ၌ စနစ်ကျမှန်ကန်ပြီး ရေရှည်တည်တံ့နိုင်မည့် မြေအသုံးချမှုမူဝါဒတစ်ရပ် ပြဋ္ဌာန်းရန် လိုအပ်လျက်ရှိကြောင်း၊ ယခုရေးဆွဲထားသည့် အမျိုးသားမြေအသုံးချမှုမူဝါဒ (မူကြမ်း)အပေါ် အများပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီး ပါဝင်အကြံပြုဆွေးနွေးကြရန် လိုအပ်လျက်ရှိပါကြောင်း၊ ယခုဆွေးနွေးမှုများမှ ရရှိလာသော အချက်အလက်များ၊ အကြံပြုချက်များကို အခြေခံပြီး ပြန်လည်ပြင်ဆင်ရေးဆွဲရမည်ဖြစ်ကြောင်း၊ ယခုတက်ရောက်လာသူများမှ မူဝါဒမူကြမ်းအား အကြံပြုဆွေးနွေးပေးစေလိုကြောင်း အမှာစကား ပြောကြားသည်။



ဆွေးနွေးပွဲတက်ရောက်လာသူတစ်ဦးက မေးမြန်းနေစဉ်။

ထို့နောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)အား ရှင်းလင်းဆွေးနွေးရာတွင် နိုင်ငံသားအားလုံးအတွက် အကျိုးသက်ရောက်စေသည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း၊ နိုင်ငံသားအားလုံးအတွက် နေထိုင်ရေး၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်၊ ပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးကဏ္ဍများပါ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နောင်အနာဂတ်များတွင်လည်း အကောင်းဆုံးနှင့် အကျိုးအရှိဆုံးဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားပြီး အမျိုးသားမြေအရင်းအမြစ်စီမံခန့်ခွဲရေးဗဟိုကော်မတီဖွဲ့စည်းခြင်း၊ အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း) ရေးဆွဲထားရှိမှု၊ အမျိုးသားမြေအသုံးချမှုမူဝါဒ(မူကြမ်း)ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကြံပြုဆွေးနွေးပွဲများ ပြုလုပ်သွားမည့် အစီအစဉ်နှင့် ယခုရေးဆွဲလျက်ရှိသော အမျိုးသားမြေအသုံးချမှုမူဝါဒ (မူကြမ်း)အား ပြည်သူများ၏ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲရန်အတွက် ပြည်သူများ၏ အကြံပြုချက်၊ ဆွေးနွေးချက်များကို ရယူခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသော မကွေးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ မကွေးတိုင်းဒေသကြီး တောင်သူလယ်သမားသမဂ္ဂ၊ လူငယ်ကွန်ရက်၊ မကွေးလူမှုကွန်ရက်များနှင့် ဒေသခံတောင်သူများက အကြံပြုမေးမြန်းကြသည်။

ဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မြေယာစီမံခန့်ခွဲမှုကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြေသိမ်းဆည်းခံရသည့် တောင်သူများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။ **သန်းနိုင်ဦး(ငဖဲ)**



## ဂျပန်ဖလားကရာတေးဒိုပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတို့ ပူးပေါင်းကျင်းပသော ပဉ္စမအကြိမ်မြောက် Japan Cup ကရာတေးဒိုပြိုင်ပွဲနှင့် ဆုပေးပွဲကို နိုဝင်ဘာ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း၊ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပခဲ့သည်။

အမျိုးသား အမျိုးသမီး တစ်ဦးချင်းနှင့် အသင်းလိုက်(ခတ၊ကုမိတဲ့) ဗိုလ်လုပြိုင်ပွဲများနှင့် ကီလိုတန်းလိုက် တစ်ဦးချင်းနှင့် အသင်းလိုက် ကုမိတဲ့ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အမျိုးသား အမျိုးသမီး အသက် ၁၂ နှစ် Kihon Weza ပြိုင်ပွဲ၊ အမျိုးသား အသက် ၁၂ နှစ် Heian Tekki ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး အသက်(၁၂/၁၅)နှစ် Kihon Weza ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး(၁၂/၁၅)နှစ် Heian Tekki ပြိုင်ပွဲနှင့် အမျိုးသား အမျိုးသမီး အလတ်တန်း WKF Kata ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရရှိသူများအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး ဒုတိယကောင်စစ်ဝန် Mr.Hideaki Hignchi၊ ကရာတေးဒိုအဖွဲ့ချုပ် အမှုဆောင်များနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ထို့နာက် WKF Senior တန်း ပြိုင်ပွဲများ၌ အမျိုးသမီးတစ်ဦးချင်းနှင့် အသင်းလိုက်(ခတ) ပြိုင်ပွဲ၊ အမျိုးသမီး (၅၀၊ ၅၅၊ ၆၁၊ ၆၈) ကီလိုတန်းအောက်နှင့် (၆၈)အထက် ကီလိုတန်း (ကုမိတဲ့) ပြိုင်ပွဲများ၊ အမျိုးသမီးအသင်းလိုက် (ကုမိတဲ့)ပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်းနှင့် အသင်းလိုက် (ခတ) ပြိုင်ပွဲများ၊ အမျိုးသား (၅၅၊ ၆၀၊ ၆၇၊ ၇၅၊ ၈၄) ကီလိုတန်းအောက်နှင့် (၈၄)အထက် ကီလိုတန်း(ကုမိတဲ့) ပြိုင်ပွဲများ၊ အမျိုးသားအသင်းလိုက် (ကုမိတဲ့) ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရရှိသူများအား မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသော ဦးအောင်ဒင်နှင့် ဦးစိုးတင့်၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးပြီးနောက် WKF Senior တန်း၌ အမျိုးသားအကောင်းဆုံး အားကစားသမားဆုရ မင်းဟိန်းခန့်(ပတ်ဝန်းကျင်/သစ်တော)နှင့် အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရ သဇင်အေး(ကာကွယ်ရေး)တို့ကို မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်နှင့် မြန်မာ-ဂျပန် ကုန်သည်ကြီးများအသင်း ( JCCY )ဥက္ကဋ္ဌ Mr.Koji Kuroda တို့က ဆုများချီးမြှင့်ပေးသည်။ ဆက်လက်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး သံမှူးကြီး Mr.Toshio Yamamato က အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ရွှေလေးခု၊ ငွေသုံးခု၊ ကြေးတစ်ခုဖြင့် ပထမတံခွန်စိုက်ဆုဖလားရရှိသော (ပတ်ဝန်းကျင်/သစ်တော) အသင်းနှင့် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ရွှေငါးခု၊ ကြေးတစ်ခုဖြင့် ပထမတံခွန်စိုက်ဆုဖလားရရှိသော အားကစားဝန်ကြီးဌာနအသင်းတို့ကို တံခွန်စိုက်ဆုဖလားများ ချီးမြှင့်ပေးခဲ့သည်။ **သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ဂျပန်ပူးပေါင်းဆောင်ရွက်မှုဖြင့် e-Village များ တိုးချဲ့ဖွင့်လှစ်မည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံတွင် ကျေးလက်ဒေသနေပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် ဂျပန်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် e-Village ICT စင်တာများထူထောင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နဲ့ ဂျပန်နိုင်ငံက Japan Telecommunication Engineering & Consulting(JTEC) အဖွဲ့တို့ ပူးပေါင်းကာ ၂၀၁၃ ခုနှစ်ကစပြီး ကျေးလက်ဒေသနေ ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေး အတွက် ကျေးရွာတွေမှာ e-Village ICT စင်တာများ ထူထောင်ဖွင့်လှစ်သွားဖို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကျေးရွာတွေမှာ ဒီလို e-Village ICT စင်တာတွေ ထူထောင်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူတွေအနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး သတင်းအချက်အလက်တွေနဲ့ အိုင်တီနည်းပညာတွေကိုပါ သိရှိလေ့လာခွင့်ရရှိမှာဖြစ်ပါတယ်" ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

ပထမဆုံးသော e-Village ICT စင်တာကို ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဘုရားငုတ်တိုကျေးရွာ၌ ဇူလိုင်လအတွင်းက အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး ဆက်သွယ်ရေး မိုဘိုင်းကွန်ရက်အဆင်ပြေသော ကျေးရွာများတွင် ဦးစားပေးအဖြစ် e-Village များ ထပ်မံအကောင်အထည်ဖော်ဖွင့်လှစ်ကာ လေးနှစ်အတွင်း ကျေးရွာပေါင်း ၆၀၀၀ နီးပါးတွင် e-Village များ ဆက်လက်ဖွင့်လှစ်သွားနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်ရေး မိုဘိုင်းဖုန်းကွန်ရက်များ နိုင်ငံတစ်ဝန်းတိုးတက်လာမှုနှင့်အတူ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတများ တိုးပွားစေမည့် e-Village ICT စင်တာများ လျင်မြန်စွာတိုးပွားလာရန် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူများက မျှော်လင့်ထားသည်။ **မောင်နွေသစ်**


## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းဦးစီးဌာန
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ၊ ရမည်းသင်း၊ ညောင်ဦးခရိုင်များတွင် ဆည်ငယ်/ကန်ငယ် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းပေးသွင်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူရမည့်ရက်** - ၂၄-၁၁-၂၀၁၄ ရက်မှ ၈-၁၂-၂၀၁၄ ရက်အထိ

(ခ) **တင်ဒါတင်သွင်းရမည့်နောက်ဆုံး ရက်/အချိန်** - ၈-၁၂-၂၀၁၄ ရက် ၁၆:၀၀ နာရီ

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၂-၇၈၆၅၄၊ ၇၈၆၅၅၊ ၀၉-၂၅၃၇၁၉၉၈၀၊ ၀၉-၉၇၂၅၂၄၂၁၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**



## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၁ယ/၁၂၈၄၇ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရာလ်ကျုံး ၄/ဟခန(နိုင်)၀၁၆၈၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဟားခါး)**



**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**ရုံးလုပ်ငန်းများတွင်အသုံးပြုရန် Copier ဝယ်ယူခြင်း၊**
**Spare ODU ဝယ်ယူခြင်းနှင့် Aircon ဝယ်ယူခြင်းတို့အတွက်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်အခြေစိုက်အဝေးဆက်သွယ်ရေးစခန်းမှ ရုံးလုပ်ငန်းများတွင် အသုံးပြုရန် Copier ဝယ်ယူခြင်း ဆောင်ရွက်ပြီးခဲ့သောပူးတွဲပါ Aviat IP မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများတွင် ODU (Spare) များဝယ်ယူခြင်းနှင့် DWDM စခန်းများအတွက် Aircon (2HP, Floor Stand Type) ဝယ်ယူရန်အတွက် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသော လုပ်ငန်းရှင်/ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ရုံးလုပ်ငန်းများတွင်အသုံးပြုရန် Copier (2)Nos; ။

(ခ) GbE IP မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများတွင် ODU (Spare) (20)Nos; ။

(ဂ) DWDM စခန်းများအတွက် Aircon (2HP, Stand Type) (20)Nos; ။

၂။ တင်ဒါပုံစံများကို ကြော်ငြာသည့်ရက်မှစ၍ ၂၈-၁၁-၂၀၁၄ ရက်အထိ တင်ဒါပုံစံတစ်စောင်လျှင် ၅၀၀၀ိ/-ဖြင့် ရောင်းချမည်ဖြစ်ပြီး ၁၂-၁၂-၂၀၁၄ ရက် ၁၆:၀၀ နာရီတိတိ နောက်ဆုံးထား၍ ပေးသွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အင်ဂျင်နီယာချုပ်ရုံး**
**ရုံးချုပ်အခြေစိုက်အဝေးဆက်သွယ်ရေးစခန်း**
**အမှတ် (၁၂၅)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၃၇၀၇၂၇၊ Fax နံပါတ် ၀၁-၃၇၀၄၅၄**



**ဖခင်အမည်မှန်**

မကွေးမြို့၊ အထက (၄) တက္ကသိုလ်ဝင်တန်း (D)မှ မအိအိသိမ့်နှင့် ပဥ္စမတန်း(C)မှ မထက်ဇာခြည်လင်းတို့၏ ဖခင်အမည်မှန်မှာ ဦးစိုးဝဏ္ဏထွန်း ၈/မကန(နိုင်)၀၀၇၁၆၂ ဖြစ်ပါကြောင်း။ **ဦးစိုးဝဏ္ဏထွန်း**



## အထက(မန်စီ)ကျောင်းသူ/ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ

မန်စီမြို့၊ အထကကျောင်းသူ/ကျောင်းသားဟောင်းများမှ အသက်(၆၀)ပြည့် အငြိမ်းစားယူပြီး ဆရာကြီး၊ ဆရာမကြီးများနှင့် အထက (မန်စီ)ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ/ ဆရာမများအားလုံးကို ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ နယ်ဝေးမှ ဆရာကြီး/ဆရာမကြီးများနှင့် ဆရာ ဆရာမများအား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၃ရက် (စနေနေ့) နံနက် ၁၀:၀၀ နာရီတွင် အထက (မန်စီ) ဖုန်ကန်ဒူဝါခန်းမ၌ပြုလုပ်မည့် ကန်တော့ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲသို့ ကျောင်းသား ကျောင်းသူဟောင်းများကိုလည်း တက်ရောက် ပါဝင်ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းလိုပါက-**

| | |
|---|---|
| အထက(မန်စီ)ကျောင်းရုံး | ဖုန်း-၀၇၄-၅၄၁၂၆ |
| ဆရာမ ဒေါ်ရွှယ်တောင် | ဖုန်း-၀၉-၄၉၂၂၅၇၀၃ |
| ဆရာမ ဒေါ်ယုဝေလွင် | ဖုန်း-၀၇၄-၅၄၀၄၆ |
| ဦးသန့်ဇင်ဌေး | ဖုန်း-၀၉-၄၇၁၀၆၄၇၆ တို့သို့ ဆက်သွယ် |

လှူဒါန်းနိုင်ပါသည်။



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉၇)၊ မြေကွက်အမှတ် (၂၁၁)၊ ဧရိယာ ၁ဒသမ ၅၁၃ဧက၊ မြေကွက်တည်နေရာအမှတ်(၂၁၁)၊ ရွှေနံ့သာဘားလားသစ်ခွဲရွာ၊ ရွှေနံ့သာကျေးရွာအုပ်စုရှိ မြေကွက်ကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဘားလားရွှေနံ့သာသစ်ခွဲခြံ စိုက်ပျိုးထုတ်လုပ်ရေး အထူးဇုန်ကြီးကြပ်ရေး ဗဟိုကော်မတီလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့်စာရရှိထားသူ ဦးဇော်ဝင်း ၁၃/မဖန(နိုင်)၀၀၁၉၂၃ ကိုယ်တိုင်မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထောက်ခံချက်၊လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာတို့ကိုတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လယ်ယာသုံးစက်ကိရိယာများ အရစ်ကျရောင်းချ

**ကန့်ဘလူ နိုဝင်ဘာ ၂၃**

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၀)စက်မှုလယ်ယာစခန်းက တောင်သူများအား လယ်ယာသုံးစက်ကိရိယာများကို နိုဝင်ဘာ ၂၀ ရက်က အရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ကျေးရွာတောင်သူတွေကို လယ်ယာသုံးစက်ကိရိယာတွေ အရစ်ကျစနစ်နဲ့ ရောင်းပေးတဲ့အပြင် စက်ပစ္စည်းကိရိယာများ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းနိုင်ဖို့ သင်တန်းလည်းဖွင့်ပေးပါတယ်။ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဝန်ထမ်းတွေကလည်း တောင်သူတွေဆီ ရွာအရောက် လယ်ကွင်းထဲအထိလာရောက်၍ လယ်ယာသုံးစက်ကိရိယာတွေနဲ့ ပတ်သက်ပြီး ပြုပြင်ကူညီဆောင်ရွက်ပေးပါတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

မြို့နယ်စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူး ဦးဘိုအေးက ယခုအရစ်ကျရောင်းချပေးရာတွင် ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်တောင်သူများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆိုနာလီကာထွန်စက်ကြီးကိုးစီး၊ ဖွဲ့(၅၀)ထွန်စက်ကြီးနှစ်စီး၊ ဒေါင်ဖန်းလက်တွန်းထွန်စက် ၃၅ စီးနှင့် အခြားလယ်ယာသုံးစက်ကိရိယာများကို နှစ်နှစ်ဆပ် သုံးရစ် အရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် ဆက်လက်ရောင်းချပေးနိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ဆိုင်ကယ်ယာဉ်မောင်းလိုင်စင် ၁၆၀၀ ကျော်ကို တစ်ရက်အတွင်းဆောင်ရွက်ပေး

**ရေတာရှည် နိုဝင်ဘာ ၂၃**

ဆိုင်ကယ်စီးနင်းသူများအတွက် မရှိမဖြစ်လိုအပ်လျက်ရှိသော (က)အဆင့် ယာဉ်မောင်းလိုင်စင်များကို တောင်ငူခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၁ ရက်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အမှတ်(၁)ရပ်ကွက် ဓာတ်တော်ဘုရားဝင်း၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တောင်ငူခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးအောင်တင်ဦးနှင့်အဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ယာဉ်မောင်းလိုင်စင် လျှောက်ထားသူပေါင်း ၁၆၅၀ ကို (က)အဆင့် ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ဆက်လက်၍ ရေတာရှည်မြို့နယ်အတွင်းရှိ ဆွာမြို့၊ မြို့လှမြို့များတွင် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လိုင်စင်များအလွယ်တကူရရှိရေး ဆောင်ရွက်ပေးနေသကဲ့သို့ တရားမဝင်လိုင်စင်မဲ့ ဆိုင်ကယ်များ၊ ယာဉ်မောင်းလိုင်စင်မပါဘဲ မောင်းနှင်ခြင်းများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်ခြင်းများကိုလည်း ယခုလနောက်ဆုံးပတ်မှစတင်ကာ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီလနောက်ဆုံးပတ်ကစပြီး တရားမဝင်ဆိုင်ကယ်တွေကို ဖမ်းဆီးအရေးယူတော့မှာဖြစ်ပါတယ်။ ဌာနအလိုက် အစည်းအဝေးမှာ ဆုံးဖြတ်ပြီးပြီဖြစ်တဲ့အတွက် ဥပဒေအရ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

## တိုင်းရင်းဆေးရုံသစ်နှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်မည်

**မိုးကုတ် နိုဝင်ဘာ ၂၃**

မိုးကုတ်မြို့တွင် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံနှင့် ဝန်ထမ်းအိမ်ရာကို တည်ဆောက်သွားမည်ဖြစ်ပြီး ဆေးရုံတည်ဆောက်ရန် ပန္နက်ရိုက်မင်္ဂလာ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က မိုးကုတ်မြို့ ရွှံ့ပန်းရပ်ရှိ အဆိုပါအဆောက်အအုံများ ဆောက်လုပ်မည့်နေရာ၌ ကျင်းပခဲ့သည်။

ဆေးရုံသစ်ကို မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးအုန်းမြင့်၊ တိုင်းရင်းဆေးဝါးစက်ရုံမှူး ဦးအောင်ကျော်မင်း၊ မိုးကုတ်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းရွှေ၊ မြို့နယ်တိုင်းရင်းဆေးမှူး ဦးအောင်နိုင်ဦးနှင့် မြို့နယ်ဆောက်လုပ်ရေးလုပ်ငန်း အရည်အသွေး ကြီးကြပ်စိစစ်ရေး ကော်မတီဝင်များက မြို့နယ်တိုင်းရင်းဆေးကုသဆောင်နှင့် ဝန်ထမ်းအိမ်ရာနေရာ၌ ပန္နက်များရိုက်ခဲ့သည်။

တိုင်းရင်းဆေးရုံပင်မဆောင်နှင့် ဝန်ထမ်းအိမ်ရာတို့ကို ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်လမ်းညွှန်ကြီးကြပ်၍ တော်ဝင်စံထိုက်သူကုမ္ပဏီက တာဝန်ယူဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**

## မြို့နယ်သဘင်ပညာရှင်များအစည်းအရုံး နှစ်ပတ်လည်နှင့် သက်ကြီးပူဇော်ပွဲကျင်းပ

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သဘင်ပညာရှင်များအစည်းအရုံး၏ နှစ်ပတ်လည်အစည်းအဝေးနှင့် တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို အောင်မင်္ဂလာရပ်ကွက်ရှိ မြို့နယ်သဘင်အစည်းအရုံး၌ နိုဝင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

နှစ်ပတ်လည်အစည်းအဝေးတွင် မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးမြကြည်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ကျောက်ပန်းတောင်းမြို့နယ် သဘင်ပညာရှင်များအနေဖြင့် ရရှိပြီးဖြစ်သော ဂုဏ်သိက္ခာနှင့် စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းသွားကြရန်၊ သာရေးနာရေးအစရှိသည့်လူမှုရေးကိစ္စများမှအစ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိတို့သဘင် အနုပညာလောက၏ ပုံရိပ်ကောင်းများကို ဖော်ဆောင်သွားကြရန်၊ လုပ်ငန်းတည်ထောင်သူများအနေဖြင့်လည်း ဗဟိုကချမှတ်သည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ တည်ထောင်ခွင့် မှတ်ပုံတင်များ ဆောင်ရွက်လုပ်ကိုင်သွားကြရန်နှင့် တည်ထောင်ခွင့်မှတ်ပုံတင်မရှိသည့် လုပ်ငန်းများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။ ထို့နောက် နှစ်ပတ်လည်အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး တက်ရောက်လာသည့် အစည်းအရုံးဝင်များ၏ မေးမြန်းဆွေးနွေးမှုများအပေါ် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌနှင့် မြို့နယ်သဘင်အစည်းအရုံး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။



ထို့နောက် မြို့နယ်သဘင်အစည်းအရုံးဝင်း အုတ်တံတိုင်းကာရံရန်အတွက် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို) အလုပ်အမှုဆောင်အဖွဲ့က အုတ်တံတိုင်း တစ်ခန်း၊ အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးမြကြည်မိသားစုက အုတ်တံတိုင်း တစ်ခန်းနှင့် မြို့နယ်သဘင်အစည်းအရုံးဝင်များက အလှူငွေများ ထည့်ဝင်လှူဒါန်းကြရာ မြို့နယ်အစည်းအရုံးဥက္ကဋ္ဌက လက်ခံရယူသည်။

သက်ကြီးပူဇော်ပွဲကို ဆက်လက်ကျင်းပရာ အသက် ၇၀ နှင့်အထက် သက်ကြီးဘိုးဘွား ၂၂ ဦးကို သဘင်အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌနှင့် မြို့နယ်သဘင်အစည်းအရုံးဝင်များက ဂါရဝပြုကန်တော့ပြီး ကန်တော့ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**နေအောင်(iprd)**

## ဖျာပုံခရိုင်ဝန်ထမ်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး

**ဖျာပုံ နိုဝင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၏ ဦးဆောင်မှုဖြင့် ပြည်သူများယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးရေးသင်တန်း အမှတ်စဉ် (၁၆/၁၄)ကို နိုဝင်ဘာ ၁၅ ရက်က သီရိအဏ္ဏဝါခန်းမကြီး၌ ကျင်းပရာ သင်တန်းသို့ တက်ရောက်လာသည့် ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကို ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးထွန်းရှိန်(မအူပင်ခရိုင်)က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရမည့် စည်းကမ်းချက်များ၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး Road Safety ၊ အန္တရာယ်ရှိသတိပေးလမ်းညွှန်များ၊ အမိန့်ပေးခြင်း လမ်းညွှန်များ၊ တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်းလမ်းညွှန်များ၊ မီးပွိုင့်အချက်ပြ သင်္ကေတမီးများအပါအဝင် ယာဉ်မောင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းတွင် ဆိုင်ကယ်ယာဉ်မောင်းသူများကို ပညာပေးဟောပြောပြီး ရေးဖြေစာစစ်ခြင်းနှင့် လက်တွေ့ဆိုင်ကယ်မောင်းနှင်ခြင်းများကို သတ်မှတ်စည်းကမ်းများအတိုင်း စစ်ဆေးပြီး (က)ယာဉ်မောင်းလိုင်စင်ထုတ်ပေးမည် ဖြစ်သည်။ သင်တန်းသို့ ဝန်ထမ်း ၁၂၀ တက်ရောက်ခဲ့ကြသည်။

**ချမ်းသာ(ဖျာပုံ)**


### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၄-၁၁-၂၀၁၄ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၈-၁၁-၂၀၁၄ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

### ပုံစံ(၈)ဝင် ကျွန်းတံခါးရွက်၊ ကျွန်းတံခါးဆံနှင့် ကျွန်းတံခါးချပ်များရောင်းချရန်
### လေလံကြော်ငြာ

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ အလုံမြို့နယ်ရှိ ပုံစံ(၈)ဝင် ကျွန်းတံခါးရွက်၊ တံခါးဆံ ၀ ဒသမ ၉၂၁၂ တန်၊ ကျွန်းတံခါးချပ် ၂၈၈ ချပ် ၇ ဒသမ ၄၄၉၆တန် စုစုပေါင်း လပ်ပုံသုံးခုအား မျက်မြင်အခြေအနေအတိုင်း အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းသစ်တောဝင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၌ ၃-၁၂-၂၀၁၄ ရက် နံနက် ၁၁း၀၀ နာရီတွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ လေလံလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်လေလံရောင်းချမည့် လပ်ပုံအလိုက် စာရင်းများကို အောက်ဖော်ပြပါဌာနများတွင် ဆက်သွယ်ရရှိနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

(က) ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန၊ အလုံမြို့နယ်၊ ဖုန်း-၀၁-၅၂၈၈၈၆၊ ၀၁-၅၂၈၈၈၇

(ခ) လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ ဖုန်း-၀၁-၅၂၈၈၈၅၊ ၀၁-၅၂၈၈၈၄

(ဂ) ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၆၈၁၉၁၆၊ ၀၁-၆၈၁၉၁၃

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
### (ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းလက်အောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသုံးပြုရန်အတွက် Transparent Box, Internal Connection Cable & Accessories များအား မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၁၁-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၃-၁၂-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၅၃၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၁၇၅၊ Fax -၀၆၇-၄၃၁၁၈၅**

### စိုက်ပျိုးရေးဦးစီးဌာန
### မြေပဒေသာဥယျာဉ်(ပညာပေးဇုန်)တွင်
### အခြေခံစိုက်ပျိုးနည်းပညာပေး
### ရက်တိုသင်တန်းများဖွင့်လှစ်မည်

၁။ **ပရဆေးစိုက်ပျိုးနည်း** - ၂-၁၂-၂၀၁၄ ရက်မှ ၄-၁၂-၂၀၁၄ရက်အထိ

၂။ **ပိုးသတ်ဆေးစနစ်တကျအသုံးပြုနည်း**- ၉-၁၂-၂၀၁၄ရက်မှ ၁၁-၁၂-၂၀၁၄ ရက်အထိ

၃။ **ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်း** - ၁၆-၁၂-၂၀၁၄ ရက်မှ ၁၈-၁၂-၂၀၁၄ ရက်အထိ

**ဆက်သွယ်ရန် - ခြံဦးစီးမှူးရုံး၊ မြေပဒေသာဥယျာဉ်၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၁-၅၄၉၇၃၀**

### ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃မာန်ပြေ၊ မြေကွက်အမှတ် ၃၀၇/က၊ မြေကွက်တည်နေရာအမှတ် ၃၀၇/က၊ မာန်ပြေ ၇လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်လှတင်)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်လှတင်(မိခင်)နှင့် ဦးသိန်း(ဖခင်)တို့ကွယ်လွန်သဖြင့် သမီးများဖြစ်သော (၁)ဒေါ်မြင့်မြင့်ကြည် ၁၂/သဃက(နိုင်)၀၃၂၂၈၃၊ (၂)ဒေါ်တိုးတိုး ၁၂/သဃက(နိုင်)၀၃၀၉၆၁၊ (၃) ဒေါ်တင်တင်နွယ် ၁၂/သကတ(နိုင်)၀၃၁၃၉၃၊ (၄)ဒေါ်သိန်းသိန်းဝင်း ၁၂/သကတ(နိုင်)၁၁၂၃၆၅ တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါရန် နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### မိဘအမည်မှန်

လားရှိုးမြို့၊ အလက(၈)၊ ဆဋ္ဌမတန်း(က)မှ မောင်ယီအားဟိုင် က၀-၂၁၂၉ ၏ မိဘအမည်မှန်မှာ ဦးလောယီ ၁၃/တယန(နိုင်)၀၂၀၂၆၆ နှင့် ဒေါ်အေးမန်(ခ)အားချိန် ၁၃/လရန(နိုင်)၁၂၄၂၀၁ တို့ဖြစ်ပါသည်။

### မြေရောင်းမည်
### (အကျိုးဆောင်မလို)

အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား (6011) Sqft

ဖုန်း-၀၉-၅၁၉၇၁၃၃၊ ၀၉-၅၄၂၂၂၅၄

### မောင်းမကန် အိမ်၊ ခြံ၊ မြေ

ဒဂုံမြို့သစ် ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းရှိ မြေကွက်များ ဝယ်လိုသည်။

ဖုန်း-၀၉-၅၀၉၂၈၁၅၊ ၀၉-၄၃၀၂၅၅၃၀

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# (၂၅)နှစ်မြောက် အပြည်ပြည်ဆိုင်ရာကလေးများနေ့အခမ်းအနား ထားဝယ်မြို့၌ကျင်းပ



**ထားဝယ် နိုဝင်ဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၊ UNICEF၊ World Vision နှင့် Future Light တို့ပူးပေါင်းကျင်းပသော (၂၅)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်နှစ်ပတ်လည်နေ့ (အပြည်ပြည်ဆိုင်ရာကလေးများနေ့) အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၂၀ ရက်က ကျင်းပကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ ကလေးများနေ့ အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးသန်းအောင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် ချုပ်ဆိုခဲ့သည်မှာ (၂၅)နှစ်ပြည့်မြောက်ပြီဖြစ်ရာ ဂုဏ်ပြုသောအားဖြင့် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပခြင်းဖြစ်ကြောင်း၊ ကလေးသူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာတစ်ဝန်း ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးလုပ်ငန်းစဉ်များကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ၂၀၁၅ ခုနှစ်မတိုင်မီ ရရှိစေရေး ကြိုးပမ်းဆောင်ရွက်ရန် အမိန့်ပြုခဲ့ကြောင်း၊ ကလေးသူငယ်အခွင့်အရေး(၄)ရပ်ကို ကလေးသူငယ်တိုင်းရရှိအောင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီများက သက်ဆိုင်ရာဝန်ကြီးဌာနများ၊ UNICEF ကဲ့သို့သော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာလူမှုရေး အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းများနှင့်လက်တွဲ၍ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ထားဝယ်မူလတန်းကြိုကျောင်းမှ ကလေးများ၊ လူမှုဝန်ထမ်းဦးစီးဌာန၏ ပရဟိတကျောင်းနှင့် မူကြိုကျောင်းမှ ကလေးများ၊ World Vision စီမံချက်ကျေးရွာမှ ကလေးများအဖွဲ့နှင့် Future Light (အနာဂတ်အလင်းရောင်အဖွဲ့) မှ ကလေးငယ်များက ဂုဏ်ပြုသီချင်းများသီဆိုပြီး ထားဝယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်က ကလေးများကို အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့သည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# ရေလုပ်ငန်းရှင်တို့အားထားရာ မြန်မာ့ပင်လယ်ပြင် ငါးသယံဇာတအခြေအနေ

မြန်မာနိုင်ငံသည် ရေသယံဇာတ ပေါကြွယ်ဝသောနိုင်ငံဖြစ်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ကန်ကြီးများနှင့် ဆည်တမံများသည် ဧရိယာဟက်တာ ၈ ဒသမ ၂ သန်းကျယ်ဝန်းပြီး ရေချိုရေငန် ငါးပုစွန် ပင်လယ်ပြင်ဧရိယာသည် စီးပွားရေးဇုန် ၁၂ မိုင်အတွင်း ၃၃၃၆၈ စတုရန်းမိုင်နှင့် ကုန်းတွင်းရေပြင်ဧရိယာ ၄၂၀၀ ဒသမ ၅၉ စတုရန်းမိုင် အကျယ်အဝန်းရှိကြောင်း သိရသည်။

မြန်မာ့သားငါးကဏ္ဍတွင် ရေလုပ်ငန်းကဏ္ဍသည် ၂၈၃၂ ကီလိုမီတာရှည်လျားသော မြန်မာ့ကမ်းရိုးတန်းဒေသကိုလည်း ပိုင်ဆိုင်ထားသည်။ မြန်မာ့ပင်လယ်ပြင်၏ အကျိုးကျေးဇူးကြောင့် မြန်မာနိုင်ငံ၏ ငါးပုစွန်ထုတ်လုပ်မှုသည် အာဆီယံဒေသ အဆင့်(၄)တွင်ရှိနေပြီး ကမ္ဘာတွင် အဆင့်(၁၄)တွင် ရှိနေသည်ဟု သိရသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမလေးလပတ်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက သားငါးကဏ္ဍကို ၈ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်စေရန် လမ်းညွှန်ထားရှိရာ လျာထားချက်ပြည့်မီရန် မြန်မာ့ပင်လယ်ပြင်မှ ငါးပုစွန်များ တိုးမြှင့်ဖမ်းဆီးထုတ်လုပ်ရရှိရေးသည် အဓိကပင်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်၏ ငါးပုစွန်ဖမ်းဆီးထုတ်လုပ်ရရှိမှုကို လေ့လာရာ ၁၉၇၉-၁၉၈၀ ခုနှစ်များက ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO) အကူအညီဖြင့် မြန်မာ့ပင်လယ်ပြင်စီးပွားရေးဇုန် (EEZ) ရေအနက်မီတာ ၂၀၀ မှ ၄၀၀ အတွင်း ငါးပုစွန် သယံဇာတအခြေအနေကို ရက်ပေါင်း ၁၀၂ ရက်ကြာ ပထမအကြိမ် သုတေသနပြုလုပ်ခဲ့ရာ ရေချိုရေငန် ငါးပုစွန်မျိုးစုံ နှစ်စဉ် တန်ချိန် တစ်သန်းကျော်အထိ ပမာဏကို မျိုးမသုဉ်းစေဘဲ ဖမ်းယူရရှိနိုင်ကြောင်း မှတ်တမ်းအရ သိရသည်။

ပထမအကြိမ် သုတေသနပြုလုပ်ပြီးနောက်ပိုင်းကာလများတွင် မြန်မာ့လူဦးရေ တိုးပွားလာသကဲ့သို့ ကမ္ဘာ့လူဦးရေ တိုးပွားလာခဲ့ပြီး လူတို့သည် အသားစားသုံးမှုထက် ငါးပုစွန်ကို အားထားစားသုံးလာကြရာ ငါးပုစွန်လိုအပ်ချက်မြင့်မားလာခဲ့သည်။ သို့အတွက် ငါးပုစွန်များ ဖမ်းဆီးရာတွင် သမားရိုးကျမဟုတ်တော့ဘဲ ပိုက်ကွက်များစိပ်၍ ငါးအသေးရော အကြီးပါမချန် ဖမ်းဆီးလာကြသည်။ ငါးလုပ်ငန်းဦးစီးဌာန၏ "စားလည်းစား ထားလည်းထား၊ ငါးရစ်ငါးသန်ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း၊ သေးတဲ့ငါးကို ကြီးစေလို ဖမ်းကိုမဖမ်းနှင့်" စသည့် ဆောင်ပုဒ်များကို မျက်ကွယ်ပြုသည့်အပြင် မျိုးပွားရန် ဥချရာသီပင်မချန် တရားမဝင် ဖမ်းဆီးလျက်ရှိကြသည်။

ထို့အပြင် မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ်နေသည့် အချို့နိုင်ငံများမှ မြန်မာနိုင်ငံရှိ ငါးဖမ်းရေယာဉ်များထက် အဘက်ဘက်မှ နည်းပညာမြင့်မားစွာဖြင့် ခိုးယူဖမ်းဆီးခြင်းတို့နှင့် ရာသီဥတုမမှန်ကန်ခြင်းတို့ကြောင့် မြန်မာ့ပင်လယ်ပြင်၏ ငါးပုစွန်ဖမ်းဆီးရရှိမှုအခြေအနေမှာ အနာဂတ်ကာလအတွက် မျှော်မှန်းရခက်ခဲနေသည်ဟု ပညာရှင်တို့ သုံးသပ်ထားကြသည်။

သို့အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ဒုတိယအကြိမ်အဖြစ် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှ ဒီဇင်ဘာ ၁၉ ရက်အထိ ၃၈ ရက်ကြာ နော်ဝေနိုင်ငံ Norwegian Agency for Development Coorperation(NORAD) နှင့် EAF-Nansen စီမံကိန်းအကူအညီဖြင့် အမေရိကန်ဒေါ်လာ ငါးသိန်းကျော် အကုန်အကျခံကာ သုတေသနပြုလုပ်ခဲ့ရာတွင် ငါးသယံဇာတသည် ၄၀ ရာခိုင်နှုန်းသာရှိတော့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပြန်ခဲ့သည့် မှတ်တမ်းအရ သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေသယံဇာတထိန်းချုပ်သောအားဖြင့် နှစ်စဉ် ဧပြီ ၁ ရက်မှ မေ ၃၁ ရက်အထိ ငါးဖမ်းရေယာဉ် ၆၅ ရာခိုင်နှုန်းသာ ခွင့်ပြုထားပြီး ဇွန် ၁ ရက်မှစတင်၍ ကမ်းနီးကမ်းဝေးရေယာဉ်အားလုံး မြန်မာ့ပင်လယ်ပြင်တွင် ငါးများဖမ်းဆီးခွင့်ပြုထားကြောင်း သိရပြီး ၂၀၁၅ ခုနှစ်မှစတင်၍ တစ်နှစ်တွင် သုံးလခန့် ပင်လယ်ပြင်ငါးဖမ်းဆီးခွင့် ပိတ်ပင်သွားရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ညှိနှိုင်းစီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းဆီးခွင့် ပိတ်ပင်ထားသည့် ငါးဖမ်းနည်းများဖြင့် ဖမ်းဆီးနေခြင်း၊ ငါးများပေါက်ပွားသည့် ငါးရစ်တက်ချိန်များတွင်လည်း ဖမ်းဆီးနေခြင်းတို့ကြောင့် ငါးသယံဇာတများ ရှားပါးသွားပြီး ဈေးကွက်ဝင် ငါးပုစွန်ဆိုဒ်များရရှိမှုနည်းပါးသွားခြင်း၊ တန်ဖိုးမြင့်ရေထွက်ကုန်များ မရရှိတော့ခြင်း စသည်များ ကြုံတွေ့နေရကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

**အောင်ဝင်း(ဖျာပုံ)**



မြန်မာ့ပင်လယ်ပြင်မှ ငါးပုစွန်များ စည်းကမ်းမဲ့ဖမ်းဆီးမှုလျှော့ချနိုင်ရေးနှင့် ပင်လယ်ထွက်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်၊ ပြည်သူ၊ ရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားများ စုပေါင်းညှိနှိုင်းဆောင်ရွက်သင့်ပါသည်။ ။


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9F/7054, Toyota Crown S/L(4x2)RHD ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလွင် ၁၂/ဒဂန(နိုင်)၀၁၉၇၄၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ပုဂံမြို့ဟောင်း)**
**သတိပဋ္ဌာန် ဝိပဿနာ(၇)ရက် အဓိဋ္ဌာန်ပွဲ**

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော်ကြီးသည် ပုဂံမြို့ဟောင်း ဣသိပညဒေဝ ဂုရုကျောင်းတော်ကြီး၌ ဝိပဿနာတရားများကို အောက်ပါအတိုင်း ဟောကြားပြသမည်- **ပထမပတ်** ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၈ ရက်၊ **ဒုတိယပတ်** ၉ ရက်မှ ၁၆ရက်၊ **တတိယပတ်** ၁၇ရက်မှ ၂၄ရက် တရားအားထုတ်လိုကြသောပုဂ္ဂိုလ်များသည် တရားပတ်များမတိုင်မီ ဖော်ပြပါ ပုဂံမြို့ဟောင်းရိပ်သာသို့ တစ်ရက်ကြိုတင်ရောက်ရှိကြရန်။ **ဖုန်း-၀၉-၅၁၅၀၉၇၈**

**ကပ္ပိယကာရကအဖွဲ့**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**
**ပြည်ခရိုင် နယ်တရားမရုံး၌**
**၂၀၁၄ ခုနှစ် တရားမကြီးအမှုအမှတ်-၂၄**

| | | |
|---|---|---|
| ၁။ ဦးကျော်တင့် | **နှင့်** | ၁။ ဦးမောင်မောင်တာ |
| ၂။ ဒေါ်ဝင်းရီ | | ၂။ ဒေါ်သန်းသန်းမြိုင် |
| **တရားလိုများ** | | **တရားပြိုင်များ** |

ဦးမောင်မောင်တာ၊ အမှတ် ၃၆၊ အဏ္ဏဝါခြံ၊ ပြည်ရတနာလမ်း၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့ သိစေရမည်။

ဦးကျော်တင့်ပါ(၂)ဦးက အခမဲ့ခွင့်ပြုချက်နှင့်ထားသော နေအိမ်တိုက်ခန်းမှ ဖယ်ရှားထွက်ခွာပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၇ရက် (၁၃၇၆ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် တင်ပြလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် တင်သွင်းရမည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးသိန်း)**
**ခရိုင်တရားသူကြီး**
**ပြည်ခရိုင်တရားရုံး**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ချမ်းမြသာစည်မြို့နယ်တရားရုံးတော်**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇၁**

| | | |
|---|---|---|
| ဒေါ်မာရွယ် | **နှင့်** | ဒေါ်ရန်မေရင် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ-ဦးဇော်မိုး) |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၁×၈၂ကြား၊ ၃၃×၃၄ ကြားနေ ဒေါ်ရန်မေရင် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးဇော်မိုး) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ် (မ-၆)၊ ဦးပိုင်အမှတ် (၁၈)မြေကွက်နှင့်ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၆ ရက် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ဇင်နိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

**စီးပွားရေးနှင့် လူမှုရေးကြော်ငြာ**

## ကျောက်ဆည်တက္ကသိုလ် သချင်္ချာကျောင်းသား ကျောင်းသူဟောင်းများ၏
# ပထမအကြိမ် အာစရိယပူဇော်ပွဲနှီးဆော်လွှာ

**ကျင်းပမည့်နေရာ** - ကျောက်ဆည်တက္ကသိုလ်၊ ခမ္ဘာရုံ
**ကျင်းပမည့်ရက်** - ၂၈-၁၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီ

**အလှူငွေများလှူဒါန်းရန်**

| | | |
|---|---|---|
| ၁။ | ကိုသက်နိုင်ထွန်း(မန္တလေး) | ၀၉-၄၀၂၆၂၇၅၈၆ |
| ၂။ | မမီမီမျိုး(မန္တလေး) | ၀၉-၄၄၄၀၀၀၅၅၇ |
| ၃။ | မယုဝါစိုး(မန္တလေး) | ၀၉-၂၅၉၀၀၈၄၅၄ |
| ၄။ | ကိုကျော်ခိုင်ထွေး(ကျောက်ဆည်) | ၀၉-၄၀၂၆၈၇၃၅၆ |
| ၅။ | ကိုမောင်မောင်တာ(ကျောက်ဆည်) | ၀၉-၄၀၂၆၆၁၅၁၉ |
| ၆။ | မစိုးစိုးအေး(ကျောက်ဆည်) | ၀၉-၄၀၂၇၅၁၀၂၅ |
| ၇။ | ကိုမျိုးလွင်(ကျောက်ဆည်) | ၀၉-၃၃၀၂၅၇၅၁ |
| ၈။ | မအိမွန်(ကျောက်ဆည်) | ၀၉-၃၃၂၆၅၉၁၉ |
| ၉။ | ကိုစိုးကိုကို(ကျောက်ဆည်) | ၀၉-၃၃၂၉၀၄၄၈ |
| ၁၀။ | ကိုဝေလွင်ထွန်း(တံတားဦး) | ၀၉-၃၃၀၄၃၁၀၅ |
| ၁၁။ | မမာမာဦး | ၀၉-၄၃၂၀၁၄၉၅ |
| ၁၂။ | မငွေလှ(မြင်းခြံ) | ၀၉-၄၂၀၇၁၉၂၁၈ |
| ၁၃။ | ကိုဇော်ဝင်းခိုင်(တပ်ကုန်း) | ၀၉-၄၂၈၁၃၂၄၇၇ |
| ၁၄။ | ကိုကိုအောင်(တပ်ကုန်း) | ၀၉-၄၀၀၅၀၂၃၆၀ |
| ၁၅။ | ကိုဇော်မင်းထွေး(တပ်ကုန်း) | ၀၉-၇၉၇၄၄၉၄၇၇ |
| ၁၆။ | ကိုစံထိုက်(ပျဉ်းမနား) | ၀၉-၇၉၇၈၈၃၈၄၄ |
| ၁၇။ | ကိုထွန်းလင်း(ပျဉ်းမနား) | ၀၉-၂၅၀၁၀၄၅၀၄ |
| ၁၈။ | မစန်းသီတာ(ပျဉ်းမနား) | ၀၉-၇၉၇၉၀၇၈၈၀ |
| ၁၉။ | မမေရီလွင်(ပျဉ်းမနား) | ၀၉-၄၂၈၁၁၈၄၉၆ |
| ၂၀။ | ကိုထွေး(ပျဉ်းမနား) | ၀၉-၇၉၀၁၄၄၈၆၅ |
| ၂၁။ | ကိုပြည့်ဖြိုးအောင်(ပျဉ်းမနား) | ၀၉-၄၃၀၁၅၉၃၄ |
| ၂၂။ | ကိုကျော်ဝဏ္ဏစိုး(ပျဉ်းမနား) | ၀၉-၅၁၈၄၅၅၁ |
| ၂၃။ | ကိုအောင်စန်းဦး(မုံရွာ) | ၀၉-၄၃၀၄၅၂၆၆ |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)**
**ချမ်းမြသာစည်မြို့နယ်တရားရုံးတော်**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇၂**

ဒေါ်မာရွှယ် **နှင့်** ဦးမောင်မောင်ကျော် (၄င်း၏အထူးကိုယ်စားလှယ်စာရသူ- ဒေါ်လှလှဝင်း)

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၂×၈၃ကြား၊ ၃၂×၃၃ ကြားနေ ဦးမောင်မောင်ကျော် (၄င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်လှလှဝင်း) (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ် (မ-၇)၊ ဦးပိုင်အမှတ် ၂၃၊ မြေကွက်နှင့်ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၆ရက် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် တင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ဇင်နိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၉၁၆)၊ မြေကွက်တည်နေရာအမှတ်(၉၁၆)၊ (၃၈)ရပ်ကွက်၊ ဒဂုံမြောက် ဦးခင်စိုး ၁၂/ရကန(နိုင်)၀၁၈၉၄၉ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးခင်စိုး ကွယ်လွန်သဖြင့် ဒေါ်သန်းမြင့် ၁၂/ရကန(နိုင်)၀၀၅၀၇၄ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃G ⁽¹⁾၊ မြေကွက်အမှတ် V ၆၀၊ မြေကွက်တည်နေရာအမှတ် ၁၆၉/၁၇၁၊ ကမ်းနားလမ်း၊ သစ်တောရပ်ကွက်၊ အလုံမြို့နယ် ဦးရှု၊ ဒေါ်တင်ရွှေ၊ ဦးခင်မောင်တင် အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးရှုနှင့်ဇနီး ဒေါ်ခင်စီတို့ ကွယ်လွန်သဖြင့် ကျန်သား၊သမီး အမည်ပေါက် နှစ်ဦးဖြစ်သော ဒေါ်တင်ရွှေ ၁၂/အလန(နိုင်)၀၀၆၈၄၉၊ ဦးခင်မောင်တင် ၁၂/အလန(နိုင်)၀၀၆၈၄၈ တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာ၊ ဂရန်မှတ်ပုံတင်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား ခုနစ်ရက်အတွင်း ကန့်ကွက်တင်ပြလာခြင်း မရှိက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၁၀-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ ကြော်ငြာစာမျက်နှာ (၂၀)ကန့်ကွက်ကြော်ငြာ သာကေတမြို့နယ် ဒေါ်ခင်ထားရီ +၁၏မြေပုံကူးတွင် ပိုင်ဆိုင်နှင့် အရောင်းအဝယ် စာချုပ်ရန်အစား ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ဟု ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၁၁-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၃)ကန့်ကွက်ကြော်ငြာ မြောက်ဥက္ကလာပမြို့နယ် ကန့်ကွက်ကြော်ငြာ၌ ဦးဇော်ဇော်စန်း ၇/ပတရ(နိုင်)၁၂၉၈၂၅၊ ဒေါ်ဖြူဖြူ ၁၂/လကန(နိုင်)၀၁၉၆၁၄ ဟု ဖတ်ရှုပါရန်။

# မင်္ဂလာငွေရတု

ဖေဖေ ဦးခင်မောင်တင် [အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း]-မေမေ ဒေါ်နုနုအေး (ခန့်ရတနာဟိန်းစိန်တိုက်)တို့၏ ၂၄-၁၁-၂၀၁၄ ရက်တွင် ကျရောက်သော မင်္ဂလာငွေရတုမှသည် မင်္ဂလာရွှေရတု၊ မင်္ဂလာစိန်ရတုတိုင်အောင် ချစ်သောသားတို့နဲ့အတူ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ မိသားစုပျော်ရွှင်စွာဖြင့် ဘာသာ၊ သာသနာ အကျိုးသယ်ပိုးနိုင်ပါစေ…ဆုမွန်ခြွေလျက်…

**ချစ်သော**

**သားကြီး** - **ဒေါက်တာခန့်သီဟ (M.B.,B.S, MDY)**
**London South Bank University (UK)**

**သားငယ်** - **မောင်ခန့်ဟိန်း နောက်ဆုံးနှစ် (သွား/ဆေးတက္ကသိုလ်) မန္တလေး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ချမ်းမြသာစည်မြို့နယ်တရားရုံးတော်**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇၃**

ဦးစိုးနိုင်ဦး **နှင့်** ဦးကျော်ဝင်းမြင့် (၄င်း၏အထူးကိုယ်စားလှယ်စာရသူ- ဒေါ်သီတာဝင်း)

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၁×၈၂ ကြား၊ ၃၃×၃၄ ကြားနေ ဦးကျော်ဝင်းမြင့် (၄င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်သီတာဝင်း) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄) ရပ်ကွက်၊ အကွက်အမှတ် ဧ-၄၊ ဦးပိုင်အမှတ် ၅၄ မြေကွက်နှင့်ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ် တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေ နှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၆ရက် (၁၃၇၆ ခုနှစ် နတ်တော်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ဇင်နိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
**(တရားမကျင့်ထုံးကိုဒ်ဥပဒေထုံးအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ဒလမြို့နယ် တရားရုံးတော်၌**
**၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၁ နှင့်ဆက်နွှယ်သည့်**
**၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၂၂**

ဒေါ်မြင့်မြင့်အေး (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးသိန်းစိုး) **နှင့်** ၁။ ဦးမြင့်အေး ၂။ ဒေါ်တင်တင်ဝင်း

တရားနိုင် တရားရှုံးများ

(၁) ဦးမြင့်အေး၊ (၂) ဒေါ်တင်တင်ဝင်း၊ အမှတ် (၂၁/က) ခမ္ဘစေတီလမ်း၊ သမ္ဘတကမ်းခြေမြို့သစ်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၁တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန်အတွက် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၉ရက် (၁၃၇၆ ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက်) မွန်းလွဲ ၂ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**နေဝင်း**
**မြို့နယ်တရားသူကြီး**
**ဒလမြို့နယ်တရားရုံး**

# ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ကညင်ကောက်ကြီးကျေးရွာအုပ်စု၊ အုတ်ဖိုကျေးရွာနေ ဦးစန်းဝင်းထွန်း ၈/ခမန(နိုင်)၁၁၅၄၃၈၏ဇနီး မစိုးစိုးခိုင် ၁၄/ညတန(နိုင်)၁၉၄၆၄၄ သည် ၃၁-၇-၂၀၁၄ ရက်တွင် နေအိမ်မှမိမိဆန္ဒအလျောက် ထွက်သွားပါသဖြင့် ကျွန်တော်နှင့်ကျွန်တော်၏ အုပ်ထိန်းသူများသည် အကြိမ်ကြိမ်ရှာဖွေပါသော်လည်း လုံးဝအဆက်အသွယ်မရပါသဖြင့် ၄င်းမစိုးစိုးခိုင်နှင့်ပတ်သက်၍ နောင်ဖြစ်ပေါ်လာမည့် ကောင်းကျိုး၊ ဆိုးကျိုးမှန်သမျှ ကျွန်တော်နှင့် လုံးဝမပတ်သက်တော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဦးစန်းဝင်းထွန်း**
**ညောင်တုန်းမြို့နယ်၊ အုတ်ဖိုကျေးရွာ**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မောင်ညီညီသော် နဝမတန်း (D)နှင့် မညိုရည်သော် သတ္တမတန်း (B)တို့၏ ဖခင်အမည်မှန်မှာ ဦးရဲထွေးဖြစ်ပါကြောင်း။ **ဦးရဲထွေး ၁၃/ကတန(နိုင်)၁၂၈၂၈၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၃၀၆၈ Honda Dream 125 မော်တော်ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးနန္ဒာဝင်းတင် ၇/ပမန(နိုင်)၁၁၆၂၇၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)၊**
**ပြည်မြို့ ဖုန်း-၀၉-၇၈၁၈၅၅၇၉**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ထားဝယ်ခရိုင် တရားမရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆**

ဦးသက်ကိုကိုလတ် **နှင့်** ၁။ ဦးတင်ဆန်းဦး ၇။ ဦးဘာဘာ ၂။ ဦးသန်းဝင်းဦး ၈။ ဒေါ်တင်နွဲ့ ၃။ ဒေါ်နွယ်နွယ်ဦး ၉။ ဒေါ်သန်းငွေ ၄။ ဦးမြင့်ဇော်ဦး ၁၀။ ဒေါ်တင်ရီ ၅။ ဦးအောင်ကိုကိုလတ် ၁၁။ ဦးမျိုးချစ် ၆။ ဒေါ်နုနုငွေ

**တရားလို** **တရားပြိုင်များ**

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်(ယခင်)မြို့နယ် သ/မဦးစီးဌာနနေ (၉)တရားပြိုင် ဒေါ်သန်းငွေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၄ရက် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်ကိုယ်တိုင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လဲ့လဲ့ဝင်း)**
**ဒုတိယခရိုင်တရားသူကြီး**
**ထားဝယ်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ချမ်းမြသာစည်မြို့နယ်တရားရုံးတော်**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၇၀**

ဒေါ်ကော်စိန်လျှန် **နှင့်** ဦးမြဆွေ

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၂×၈၃ ကြား၊ ၃၁×၃၂ ကြားနေ ဦးမြဆွေ (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၁)၊ ဦးပိုင်အမှတ်(၁၂၂) မြေကွက်နှင့်ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၆ ရက် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ဇင်နိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်းကြေညာခြင်း

ကျွန်တော်ဦးခင်မောင်ဝင်း ၁၂/ရကန(နိုင်)၀၅၅၉၉၁၏ နိုင်ငံကူးလက်မှတ် (အမှတ်မသိ) မပြုံးမြင့်မိုရ် ၁၂/ဗဟန(နိုင်)၀၉၈၉၂၃၏ နိုင်ငံကူးလက်မှတ်(အမှတ် M-257864)၊ မောင်အောင်သူဟန် ၁၂/ဗဟန(နိုင်)၀၉၈၉၂၄၏ နိုင်ငံကူးအမှတ် M-2508011 တို့သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၇၈၁၈၅၅၇၉**

## ကြော်ငြာ

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်ဦး (နတ်တလင်း)

**မြို့နယ်ပညာရေးမှူး(ငြိမ်း)**

**အသက်(၉၃)နှစ်**

သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း-ဒေါ်အမာတို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးတင်ဦးသည် ၂၂-၁၁-၂၀၁၄ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့်ဇနီး ဒေါ်ခင်မေစိုး မိသားစု**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်ဦး (နတ်တလင်း)

**မြို့နယ်ပညာရေးမှူး(ငြိမ်း)**

**အသက်(၉၃)နှစ်**

သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း-ဒေါ်အမာတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးတင်ဦးသည် ၂၂-၁၁-၂၀၁၄ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်နွယ်နီဝင်း မိသားစု**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးတင်ဦး

**အသက်(၉၃)နှစ်**

သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း-ဒေါ်အမာတို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးတင်ဦးသည် ၂၂-၁၁-၂၀၁၄ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

---

**ကျေးဇူးတင်ရှိခြင်း**

## ဦးရီမောင်

**အသက်(၈၅)နှစ်**

ဖြူးမြို့၊ ရွှေကျင်တောင် ပရိယတ္တိသာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးရီမောင်၏နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ လိုက်ပါပို့ဆောင်ကြသော မိတ်ဆွေသင်္ဂဟအပေါင်းတို့အား မိသားစုများမှ အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင်မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ အနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်ဦး(နတ်တလင်း) အသက်(၉၃)နှစ်

**မြို့နယ်ပညာရေးမှူး(ငြိမ်း)**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း၊ အမှတ် ၂၈နေ ဒေါ်ခင်သန်း၏ခင်ပွန်း၊ ဦးကျော်ကျော်ဝင်း-ဒေါ်အေးအေးဝင်း၊ ဒေါ်ဖြူဖြူဝင်း၊ ဦးကျော်ကျော်ဝင်း[ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၁)]-ဒေါ်အမာ၊ ဒေါက်တာစိုးဝင်း-ဒေါ်မြင့်မြင့်ဆွေ၊ ဦးကိုကို-ဒေါ်မာလာဝင်း(ရေနံသယ်ပို့ဌာန)၊ (ဦးနိုင်နိုင်ဝင်း)-ဒေါ်မြင့်မြင့်ခိုင်၊ ဦးစွမ်းပြည့်-ဒေါ်သန္တာဝင်း၊ ဦးအောင်အောင်ဝင်း-ဒေါ်မြင့်မြင့်သန်းတို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၂ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၂-၁၁-၂၀၁၄ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးလှမြင့်

**နာယက၊ ပဲနွယ်ကုန်း သာသနာ့ရိပ်သာ**

**အုပ်ချုပ်မှုဒါရိုက်တာ၊ အိမ့်သီရိချိန်ကုမ္ပဏီ**

**အသက်(၇၆)နှစ်**

မြင်းခြံမြို့၊ ရွာစည်ရွာနေ(ဦးထွန်းပ-ဒေါ်ငြိမ်းပင်)တို့၏သား၊ ထားဝယ်မြို့နေ (ဦးထွန်းခင်-ဒေါ်အေးကြွယ်)တို့၏သားသမက်၊ ဒေါ်ခင်မာရီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးတင့်လွင်-ဒေါ်မေသန်း(ရွာစည်)တို့၏ညီ/မောင်၊ ဒေါ်သီဂီရွှေ(ခ)မအေး၊ ဦးချိုမောင်ဦး(ဒါရိုက်တာ၊ အိမ့်သီရိချိန်ကုမ္ပဏီ) - ဒေါ်အိအိခင် (ဒါရိုက်တာ၊အိမ့်သီရိချိန်ကုမ္ပဏီ)၊ ဒေါ်ဥမ္မာခင်၊ ဦးဇော်လင်းထွန်း(ဒါရိုက်တာ၊ အိမ့်သီရိချိန်ကုမ္ပဏီ)၊ ဒေါ်ရွှေစင်စိုး(ဒါရိုက်တာ၊ အိမ့်သီရိချိန်ကုမ္ပဏီ)၊ ဦးဆန်းထွဋ်-ဒေါ်မြသီတာ၊ ဒေါ်ဆွေဆွေဇင်(ခ)တူးဝါတို့၏ဖခင်၊ မောင်စောလှုဝင်း၊ မဆွေဆွေတင့်၊ မခင်ကြည်သာ၊ မခင်ခန့်ခန့်ချိန်၊ မမေမြတ်သူ၊ မောင်ကမ္ဘာ၊ မမေဇင်ဖူးတို့၏အဘိုးသည် ၂၂-၁၁-၂၀၁၄ရက် (စနေနေ့) ည ၁၁း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၂၈-၁၁-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇နာရီတွင် အမှတ် ၆၃၂၊ ခါတော်မီလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**စံရာအောင်မြေ ပဲနွယ်ကုန်းမဟာစည်ရိပ်သာ နာယကကြီး**

## ဦးလှမြင့် (အောင်တံခွန်စတိုး)

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ခါတော်မီလမ်း၊ အမှတ် ၆၃၂နေ ဒေါ်ခင်မာရီ၏ခင်ပွန်းသည် ၂၂-၁၁-၂၀၁၄ရက်(စနေနေ့) ည ၁၁နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရိပ်သာမှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

စံရာအောင်မြေ ပဲနွယ်ကုန်းမဟာစည်ရိပ်သာ
ဝေယျာဝစ္စအကျိုးတော်ဆောင်အဖွဲ့

---

## ဒေါ်သန်းမြ (မြိတ်)

**အသက်(၆၈)နှစ်**

မြိတ်မြို့၊ ကြောင်ငယ်ရပ်၊ ကုန်းမြင့်သာယာလမ်း၊ အမှတ် ၆၉၄နေ (ဦးသာမျိုးဆွေ-ဒေါ်ကျင်နုမေ)တို့၏သမီး၊ (ဦးမောင်ယု)၏ဇနီး၊ ဦးအောင်ကြည်(ပြည်တွင်းအခွန်၊ လသာ)-ဒေါ်လုလုယု(အမက-၂၁၊ မူလွန်၊ လှိုင်သာယာ)၊ ဒေါ်ခင်သီယု[UNITED KMK-(မြိတ်) CO.,LTD.]၊ ဦးငွေယု-ဒေါ်ဇင်မာဖြူ၊ ဦးဇော်မင်းယု(ခ)ဦးမောင်ကြည်-ဒေါ်ကေဇင်ဝင်းတို့၏မိခင်၊ မောင်ဖွဲ့ပြည့်စုံ၊ မောင်မင်းသုနိုင်၊ မောင်ကောင်းခန့်နိုင်၊ မောင်ရဲရင့်နိုင်တို့၏အဘွားသည် ၂၂-၁၁-၂၀၁၄ရက် ည ၁၀း ၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ကျောင်း၊ ဓမ္မာရုံ ဒါယကာကြီး**

## ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းထွန်း အသက်(၃၆)နှစ်

**(ကြည်း-၃၂၈၉)၊ စစ်တက္ကသိုလ်အမှတ်စဉ်(၄၂)**

**B.A, DSA, MA, (Myanmar)**

ရန်ကုန်မြို့နေ ဒုအရာခံဗိုလ်စန်းဦး(ငြိမ်း)-(ဒေါ်ကြင်မြိုင်)တို့၏သားလတ်၊ ပလောက်မြို့နယ်၊ ဆင်ထိုးကြီးရွာနေ ဦးကျော်ထွန်း-ဒေါ်ထွေးကြည်တို့၏သားသမက်၊ ဗိုလ်ကြီးမျိုးသီဟ(ငြိမ်း) (ဒု-လေယာဉ်မှူး၊ မြန်မာ့လေကြောင်း) (စတသ-၄၁)၊ ဒေါ်မြသန္တာဝင်းတို့၏ညီ၊ ကိုမျိုးမင်းသူ၊ မသူသူအောင်(မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)၊ မမူမူအောင်(အင်းဝဘဏ်)တို့၏အစ်ကို၊ ဒေါ်သန္တာထွန်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်ခန့်လင်းမောင်၊ မဖူးပြည့်စုံတို့၏ဖခင်သည် ၂၃-၁၁-၂၀၁၄ရက် ၂း၂၂နာရီတွင် ပြင်ဦးလွင်မြို့ တပ်မတော်ဆေးရုံ(၁/၇၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၁-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ပြင်ဦးလွင်မြို့ ကုန်းဘောသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများနှင့် စတသ အမှတ်စဉ်(၄၂)မှ သူငယ်ချင်းများအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ပြည့်စုံအောင် (ကြည်း-၆၄၂၉၈)

**DSA, BC.Sc (B.Sc) အမှတ်စဉ်(၅၅)**

**အမြောက်တပ်၊ အမ်းမြို့၊ ရခိုင်ပြည်နယ်**

**အသက်(၂၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ စည်ပင်လမ်း၊ အမှတ် ၅၅၂နေ (ဦးအောင်ညွှန့်)-ဒေါ်အုံးကြင်၊ ဒေါ်ခင်စန်းရီ(ဒဂုံပညာ့ရိပ်သာ)၊ ဗိုလ်မှူးမောင်တိုး(ငြိမ်း)-ဒေါ်ခင်အုံးမြင့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ မြရတနာလမ်း၊ အမှတ် ၁၂၈၂နေ (ဦးငွေခိုင်-ဒေါ်ခင်လှ)၊ (ဦးသိန်းအောင်)-ဒေါ်သောင်းတို့၏မြေး၊ ဦးဝင်းညွှန့်၊ ဦးမြင့်အောင်၊ ဦးဖုန်းနိုင်၊ ဒေါ်သီတာခိုင်၊ ဦးအောင်စိုးမိုး၊ ဒေါ်စန္ဒာခိုင်(အမက-၁၊ လယ်ခွဲ)၊ ဦးဇေယျာမျိုး-ဒေါ်နှင်းစုလတ်တို့၏တူ၊ ရဲအုပ်တင်အောင်ဖြိုး(အမှတ်-၂၊ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံး၊ နေပြည်တော်)-ဒေါ်ချောစုလတ်တို့၏သားကြီး၊ မောင် အာကာမိုးမြင့်၊ မရွှေရည်လင်းလက်၊ မောင်ကောင်းမြတ်ဟိန်း၊ မမြင့်မိုရ်သက်ထား၊ မောင်မာန်ဟိန်းကျော်တို့၏အစ်ကိုသည် ၂၂-၁၁-၂၀၁၄ရက် မွန်းလွဲ ၂း၅၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါ၍ ၂၆-၁၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)ရှိ ငြိမ်းအေးဇရပ်၌ တရားတော်နာရေစက်ချပြီး စစ်အခမ်းအနားဖြင့် မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကမာရွတ် မြို့မရဲစခန်းဝင်းအတွင်းရှိ နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၁-၂၀၁၄ရက် (သောကြာနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ ကမာရွတ် မြို့မရဲစခန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**နတ်တလင်းအသင်း**

## ဦးတင်ဦး

**မြို့နယ်ပညာရေးမှူး(ငြိမ်း)**

**အသင်းဂုဏ်ထူးဆောင်နာယက**

**သက်ကြီးကန်တော့ခံပုဂ္ဂိုလ်**

**အသက်(၉၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း၊ အမှတ် ၂၈နေ ဒေါ်ခင်သန်း၏ခင်ပွန်း၊ နတ်တလင်းအသင်းနာယက(ဒုဝန်ကြီး၊သမ္မတရုံး)ဦးကျော်ကျော်ဝင်း-ဒေါ်အမာတို့၏ဖခင်သည် ၂၂-၁၁-၂၀၁၄ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၁၄ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ဦးထွန်းမြိုင်(ခ)

## ဦးဒိုင် (ဇာသပြင်)

**ဂုန်နီစက်ရုံ(ငြိမ်း)**

**အသက်(၈၆)နှစ်**

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဇာသပြင်ကျေးရွာနေ (ဦးအောင်သိန်း-ဒေါ်သိန်းမြ)တို့၏သား၊ (ဦးထွန်းဖြူ-ဒေါ်မေကောင်)တို့၏သားသမက်၊ ဒေါ်စိန်ဥ၊ ဦးထွန်းရင်တို့၏ မောင်/ညီ၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ လှိုင်မြစ်လမ်းသွယ်-၁လမ်း၊ အမှတ် ၂/၄၊ အေ-၁ (ပထမထပ်)နေ ဦးသိန်းစိုး(ဂုန်နီစက်ရုံ၊ အုတ်ကျင်း)-ဒေါ်သန်းသန်းနွယ်၊ ဦးသိန်းတိုး (ပြည်တွင်းအခွန်၊ တီးတိန်မြို့နယ်)-ဒေါ်နန်းသူဇာ(ပြည်တွင်းအခွန်၊ ပုလဲမြို့နယ်)၊ ဦးအေးမင်း(ငါးလုပ်ငန်းဦးစီးဌာန)-မစုစုခိုင် (ငါးလုပ်ငန်းဦးစီးဌာန)တို့၏ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၃-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၀း၄၀နာရီတွင်ကွယ်လွန်သွားပါ၍ ၂၅-၁၁-၂၀၁၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၁-၂၀၁၄ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးရီမောင် (ဖြူးမြို့)

**ဥက္ကဋ္ဌ၊ ဖြူးမြို့ ရွှေကျင်တောင် ပရိယတ္တိသာသနာနုဂ္ဂဟအသင်း**

**အသက်(၈၅)နှစ်**

ဖြူးမြို့၊ တာခြားရပ်၊ ပဲခူးလမ်းတောင်ပိုင်းနေ ဦးတင်မောင်လှ-ဒေါ်ငွေငွေ၊ ဦးကျော်မင်း-ဒေါ်နွဲ့နွဲ့ဝင်း၊ ဒေါ်စန်းစန်းအေး၊ ဦးသူရ-ဒေါ်စန်းစန်းဝင်း(ကိုသူရနှင့်ညီအစ်ကိုများစက်သုံးဆီအရောင်းဆိုင်)၊ ဗိုလ်မှူးသိန်းထူး-ဒေါ်အေးအေးအောင် (အထက်တန်းပြဆရာမ)တို့၏ဖခင်ကြီး၊ ဒေါ်ခင်လှ၏ခင်ပွန်း၊ မြေး ၁၅ယောက်တို့၏အဘိုးသည် ၂၁-၁၁-၂၀၁၄ရက် ည ၇နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးထင်အောင်ကျော်(ခ)

## ကိုဆန်နီ

**2-A/E(MT MTM Westport)**

**CDC-11347**

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးလှကျော်) - ဒေါ်ခင်မြင့်ရှိန်တို့၏သား၊ တာမွေမြို့နယ်နေ ဦးမိုးမြင့်-(ဒေါ်မေရီသန်း)တို့၏ သားသမက်၊ ဦးဇော်မင်းကျော်-ဒေါ်ဘေဘီ၊ ဦးငွေသိန်း(Chief Engineer, Saint Johns Shipping Management)-ဒေါ်ပြုံးပြုံးကျော်၊ ဦးသိန်းငွေ-ဒေါ်အုံးအုံးကျော်တို့၏ညီ/မောင်၊ ဒေါ်ခိုင်ခိုင်ကျော်၊ ဒေါ်အေးမိစ်တို့၏အစ်ကို၊ မသင်းသန္တာငွေးမခင်စန္ဒီကျော်၊ မောင်စွမ်းလင်းထက်၊ မောင်ကျော်ဝေယံတို့၏ဦးလေး၊ တာမွေမြို့နယ်၊ အမှတ် ၃၅၆၊ ငါးလွှာနေ ဒေါ်ခင်သူဇာမိုး၏ခင်ပွန်း၊ မောင်ဟိန်းထက်ဇော်၏ ဖခင်သည် ၂၁-၁၁-၂၀၁၄ရက်တွင် Germany နိုင်ငံ(Hanburg)ဆိပ်ကမ်းမြို့၌ ဒေသစံတော်ချိန် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တစရိတ

**သက်တော်(၉၀)၊ သိက္ခာတော်(၇၀)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ တပ်သစ်တောင်ရွာကျောင်းတိုက်၊ ပဓာနနာယက လဋ္ဌီပေသလ သိက္ခာကာမ သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တစရိတ မဟာထေရ်မြတ်သည် (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလကွယ်နေ့) ၂၁-၁၁-၂၀၁၄ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဆရာတော်ကြီး၏တပည့်များ

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တစန္ဒာသီရိ

**သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၉)လမ်းမြောက်ရှိ ဇေယျာဇောဓိကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ကြီးဖြစ်တော်မူသော ဘဒ္ဒန္တစန္ဒာသီရိသည် (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၅ရက်) ၂၁-၁၁-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၄ရက်) ၂၅-၁၁-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ အန္တိမအဂ္ဂိဈာပန ကျင်းပမည်ဖြစ်ပါသောကြောင့် လိုက်ပါပို့ဆောင်ရန် အကြောင်းကြားအပ်ပါသည်။ (ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ဆရာတော်အားရည်စူး၍ ၂၇-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အရှေ့ကြို့ကုန်းရပ်ကွက်၊ ၉လမ်းမြောက်၊ ဇေယျာဇောဓိကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးလှစိန်

**အသက်(၇၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ပြင်ရွာကျေးရွာနေ (ဦးဖိုးကြာ-ဒေါ်သေးမျှင်)တို့၏သား၊ (ဦးကြာ-ဒေါ်စိန်ရင်)တို့၏သားသမက်၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်အုန်းမြ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမောင်မောင်းစိုး)-မသန်းသန်းဦး(ဒို့ခေတ်ကုန်စုံဆိုင်)၊ ကိုဇော်ဝင်း-မတင်တင်မူ၊ မမြင့်မြင့်ထား(ထက်အာကာကဖီး)၊ ကိုကျော်နိုင်ထွန်း-ဒေါ်ခင်မာဦး၊ ကိုသက်နိုင်ထွန်း-မချိုဇင်ဝင်း(ထွက်ပေါက်ကဖီး)တို့၏ဖခင်၊ မြေး ၁၇ယောက်တို့၏အဘိုးသည် ၂၂-၁၁-၂၀၁၄ရက်(စနေနေ့)ည ၁၁း၂၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [အမှတ် ၄၉/ခ၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ ၁လမ်း၊ မြောက်ဥက္ကလာပမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၁-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးခင်ညွှန့် (ဆိပ်ဖြူ)

**ကျောင်းကုန်းအထကကန်တော့ခံ**

**အလက(၄)မြောက်ဥက္ကလာပ(ငြိမ်း)**

**အသက်(၉၄)နှစ်**

ချောက်မြို့နေ (ဦးဖိုးစို-ဒေါ်သင်ဇာ)တို့၏သား၊ (ဒေါ်စိန်စိန်)၊ (ဦးသိန်းနွဲ့)တို့၏ညီ/မောင်၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၄လမ်း၊ အမှတ် ၄၆နေ (ဒေါ်သန်းတင်)၏ခင်ပွန်း၊ ဒေါ်ယုယုဝေ၊ ဒေါ်ယုယုဆွေ(ခ)ဒေါ်ရီရီလင်း (ရန်ကုန်ပညာရေးတက္ကသိုလ်)၊ ဦးခင်မောင်သန်း - ဒေါ်ရီရီလွင်၊ ဦးမောင်မောင်သန်း-ဒေါ်ယုယုလှိုင်တို့၏ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၂-၁၁-၂၀၁၄ရက် (စနေနေ့)တွင် ရွှေဂုံတိုင်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၁-၂၀၁၄ရက် နံနက်တွင် နဝဒေးကျောင်းဆောင်၊ သထုံလမ်း၊ ကမာရွတ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း ဒါယကာကြီး**

## ဦးသန်းမောင်(ခ)

## ဦးမောင်ကြီး

**အသက်(၆၆)နှစ်**

ရပ်စောက်မြို့၊ ဈေးတန်းရပ်ကွက်၊ မင်းလမ်း၊အမှတ် ၁၃၂/ကနှင့် မြို့ကုန်းရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ် ၁၄နေ ဒေါ်သန်းစိန် (ရာဇာအောင်)၏ခင်ပွန်း၊ဦးမောင်ငယ်(JOY)၏အစ်ကို၊ ဗိုလ်မှူးသန့်ဇင်ထွန်း - မဝေယံမိုး၊ ဦးသန့်ဇင်ထူး-မသန္တာစိုး၊ ကိုမိုးကျော်တို့၏ဖခင်၊ မောင်ကျော်ထက်ဟန်၊ မခိုင်ငြိမ်းဇင်၊ မမြတ်ပန်းဖြူဇင်တို့၏အဘိုးသည် ၂၂-၁၁-၂၀၁၄ရက်(စနေနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါ၍၂၄-၁၁-၂၀၁၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် မြို့ကုန်းအိမ်မှ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

## ဦးကျော်လှ

**အသင်းဝင်အမှတ်-၅၁၁**

**အသက်(၇၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးဝင်း၊ တိုက် ၃၄၊ (ဆ/၁) ဝန်ထမ်းအိမ်ရာ၊ ဇမိုင်၊ A.1နေ ဒေါ်လှငွေ၏ ခင်ပွန်းသည် ၁၉-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၄ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဦးလှဖုန်းမြင့်

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ရှင်စောပုလမ်း၊အမှတ် ၁၈နေ မကျော့ကျော့ဇံ၏ ချစ်လှစွာသောခင်ပွန်းသည် အမေရိကန်ပြည်ထောင်စု မေရီလန်းပြည်နယ်၌ အမေရိကန်စံတော်ချိန် ၁၇-၁၁-၂၀၁၄ရက် ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၄ရက် နံနက် ၁၀နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဝင်းဝင်းခိုင်(ခ)မစူး

**B.A (History)**

**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပွဲစားလမ်း၊ အမှတ် ၆၄(သုံးလွှာ-A)နေ [ဦးအေးကြူ(ရပ်ရှင်)-ဒေါ်ခင်အေးရီ၊ အထက-၁၊ တာမွေ၊ ငြိမ်း]တို့၏သမီးကြီး၊ [ဦးဝင်းကြိုင်(ခ)ကိုတူး]၏ညီမ၊ဦးစစ်နောင်-ဒေါ်အေးအေးခိုင်(ခ)ဥဉ်တို့၏အစ်မ၊ မောင်စစ်လင်းဦး(ခ)ကိုထူး (Grade-10, F, TTC, ကမာရွတ်)၏အဒေါ်သည် ၂၂-၁၁-၂၀၁၄ရက်(စနေနေ့)နံနက် ၃နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၁၄ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၃**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ အမျိုးသားဥပဒေပြုညီလာခံဥက္ကဋ္ဌ H.E. Prof. Pornpetch Wichitcholchai ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ အမျိုးသားလွှတ်တော်ကာကွယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ လွှတ်တော်ရေးရာကော်မတီဝင်များဖြစ်သော ဦးဂမ်ဆိုင်း၊ ဦးစိုင်းသာစိန်၊ ဦးခမ်ဆွင်းမုန်၊ အမျိုးသားလွှတ်တော်နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အဖွဲ့ဝင် ဦးစန်းလွင်၊ ဦးကိုကိုမောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# တပ်မတော်နှင့် မီဒီယာတို့၏ ကောင်းမွန်သောဆက်ဆံရေးလမ်းကြောင်း တည်ဆောက်ရေး ဆောင်ရွက်လိုသည့်အချက်များ ဆွေးနွေး

*စာမျက်နှာ ➤ ၃*

## ယနေ့ မာတိကာ


အိုင်အက်စ်စစ်သွေးကြွများ အီရတ်နိုင်ငံမြောက်ပိုင်းတွင် လူ ၇၀ ကို ပြန်ပေးဆွဲ — စာ ၄

မော်လမြိုင်မြို့သို့ ထိုင်းနိုင်ငံနယ်စပ်ဘက်မှတင်သွင်းသည့် ငါးနှင့်ပုစွန်များသိမ်းဆည်းရမိ — စာ ၅

ကျွန်တော်နဲ့ ခေါင်းဆောင်မှုပညာ — ဆောင်းပါး — စာ ၆

ပုသိမ်အနောက်ဘက်က ငွေဆောင်ကမ်းခြေအလှနှင့် ချစ်သူများကျွန်းသဘာဝ — စာ ၁၁

လာလီဂါသမိုင်း ၂၅၃ ဂိုးဖြင့် မက်ဆီစံချိန်တင် — စာ ၁၃


# အာဆီယံဆုဇူကီးဖလား ဘောလုံးပြိုင်ပွဲ မြန်မာအသင်း ပွဲဦးထွက် သရေကျ

**သတင်း-ညီမြတ်သော်တာ**

**စင်ကာပူ နိုဝင်ဘာ ၂၃**

အာဆီယံ ဆုဇူကီးဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(ခ) ပထမနေ့ ပွဲစဉ်များကို ယနေ့ ညနေပိုင်းက စင်ကာပူနိုင်ငံ၌ ကျင်းပရာ မြန်မာ့လက်ရွေးစင်အသင်းနှင့် မလေးရှား လက်ရွေးစင်အသင်းတို့ ဂိုးမရှိ သရေကျသွားသည်။

**မြန်မာ - ဂိုးမရှိ**
**မလေးရှား - ဂိုးမရှိ**

မြန်မာအသင်းသည် ပွဲဦးထွက်ပွဲတွင် နိုင်ပွဲရရှိနိုင်သည့် အနေအထားမျိုးရရှိခဲ့သော်လည်း အနိုင် သုံးမှတ်ရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ ပွဲချိန် ၃၄ မိနစ်တွင် မလေးရှားကစားသမားတစ်ဦး အနီကတ်ဖြင့်ထုတ်ပယ်ခံရ၍ မြန်မာအသင်း တစ်ယောက်အသာဖြင့် ကစားနိုင်ခဲ့သော်လည်း အနိုင်ဂိုးရရှိအောင် မကစားနိုင်ခဲ့ပေ။ မြန်မာအသင်း၏ ကစားပုံ ဂိုးရရှိအောင် ဖန်တီးနိုင်မှု၌ လိုအပ်ချက်များစွာရှိနေခဲ့သောကြောင့် နိုင်ပွဲနှင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် သီဟစည်သူ **(ဂိုး)**၊ ဒေးဗစ်ဒန်း၊ အောင်ဇော်၊ ဝင်းမင်းထွန်း၊ ခင်မောင်လွင်၊ ရန်အောင်ကျော်၊ မင်းမင်းသူ၊ နန္ဒလင်းကျော်ချစ်၊ တင်ဝင်းအောင်၊ ကြည်လင်း၊ ကျော်ကိုကိုတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ခုနစ်မိနစ်တွင် နန္ဒလင်းကျော်ချစ် အပိုင်ခေါင်းတိုက်ခွင့် ရရှိခဲ့သော်လည်း လွဲချော်ခဲ့၍ နစ်နာခဲ့ရသည်။ မလေးရှားအသင်း၏ ကစားပုံမှာလည်း သာမန်သာရှိ၍ မြန်မာအသင်း ပိုဖိကစားနိုင်ခဲ့သော်လည်း မြန်မာကစားသမားများသည် တစ်ဦးချင်းကစားနေ၍ မလေးရှားဂိုးပေါက်ကို မခြိမ်းခြောက်နိုင်ခဲ့ပေ။

ဒုတိယပိုင်းတွင်လည်း တစ်ယောက်အသာရထားသည့် မြန်မာအသင်းက ခြေအသာရခဲ့သော်လည်း ထိရောက်သည့် ခြိမ်းခြောက်မှုမျိုး မလုပ်နိုင်ခဲ့ပေ။ မြန်မာအသင်းနည်းပြ အေဗရာမိုဗစ်ကလည်း မိနစ် ၈၀ ကျော်ဝန်းကျင်ရောက်မှ လူစားလဲမှုများ ပြုလုပ်ခဲ့၍ ကစားကွက်မှာ သိသိသာသာပြောင်းလဲခဲ့ခြင်း မရှိပေ။ သရေတစ်မှတ်သာ ရရှိခဲ့သည့် မြန်မာအသင်းသည်

*စာမျက်နှာ ၉ ကော်လံ ၆* ✪



မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။

# အင်အား အနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် နိုဝင်ဘာ ၂၃**

နိုဝင်ဘာ ၂၃ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီ ၄၉ မိနစ် ၁၀ စက္ကန့်အချိန်၌ မန္တလေး မြေငလျင်စခန်းမှ မြောက်ဘက် ၆၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သပိတ်ကျင်းမြို့၏ အရှေ့ဘက် နှစ်မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ တိုင်းထွာရရှိသည်။

## ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

**ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။**





Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905



မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS

ဥပဒေ

# ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

**၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်**
**ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ**
**(၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၉ ။)**
**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်**
**(၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ**

၁။ (က) ဤဥပဒေကို ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

**အခန်း (၂)**
**နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း**

၂။ (က) ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်းပြင်ပမှ ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် စပ်လျဉ်း၍ ဇယား (၁)၊ (၂) (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)နှင့် (၈) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

**ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့**

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၈၄. ၄၀၁ | | | ၇. ၁၅၅ | | | | | ၉၁. ၅၅၆ |
| ၂ | ၃ | ပြည်ထောင်စုလွှတ်တော် | ပြည်ထောင်စုလွှတ်တော် နာယက သို့မဟုတ် ပြည်ထောင်စုလွှတ်တော် နာယကကတာဝန်ပေးသူ | ၄၃၂. ၁၈၀ | | | | | | | | ၄၃၂. ၁၈၀ |
| ၃ | ၅ | အမျိုးသားလွှတ်တော် | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၁၃၀. ၀၀၀ | | | | | ၁၃၀. ၀၀၀ |
| ၄ | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | ၂၁၄. ၈၀၀ | | | ၇၇. ၃၇၅ | | | | | ၂၉၂. ၁၇၅ |
| ၅ | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၅၉. ၇၃၄ | | | | | ၅၉. ၇၃၄ |
| ၆ | ၉ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသူ | ၂၁၃. ၁၃၅ | | | ၅၃. ၈၂၈ | | | | | ၂၆၆. ၉၆၃ |
| ၇ | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၉၂. ၂၃၈ | | | ၃၉၈. ၀၀၀ | | | | | ၄၉၀. ၂၃၈ |
| ၈ | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ | ၃၀၂. ၄၁၅ | | | ၇၆. ၁၂၃ | | | | | ၃၇၈. ၇၃၈ |
| | | ပေါင်း | | ၁, ၃၃၉. ၁၆၉ | | | ၈၀၂. ၄၁၅ | | | | | ၂, ၁၄၁. ၅၈၄ |

စာမျက်နှာ ခသို့

## ဥပဒေ

စာမျက်နှာ က မှ

### ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | ပြည်ထဲရေး | နိုင်ငံတော်သမ္မတ သို့မဟုတ်နိုင်ငံတော် သမ္မတက တာဝန်ပေးသူ | ၂,၁၁၀. ၄၁၈ | | | ၃၇,၁၄၅. ၁၈၂ | | | | | ၃၉,၂၅၅. ၆၀၀ |
| ၂ | ၂ | ကာကွယ်ရေး | ၎င်း | ၇၁,၀၁၉. ၂၀၄ | ၃. ၄၆၄ | | ၁၇၇,၀၀၈. ၇၈၁ | | ၃. ၂၇၄ | | | ၂၄၈,၀၃၄. ၇၂၃ |
| ၃ | ၃ | နယ်စပ်ရေးရာ | ၎င်း | ၁,၃၇၇. ၇၃၈ | | ၂၅. ၀၀၀ | ၇,၃၃၂. ၁၇၁ | | | | | ၈,၇၃၄. ၉၀၉ |
| ၄ | ၄ | နိုင်ငံခြားရေး | ၎င်း | ၁,၇၅၂. ၁၇၆ | | | ၂၂. ၅၇၈ | | | | | ၁,၇၇၄. ၇၅၄ |
| ၅ | ၅ | ပြန်ကြားရေး | ၎င်း | ၈. ၂၃၉ | | | | | | | | ၈. ၂၃၉ |
| ၆ | ၇ | သာသနာရေး | ၎င်း | ၁၈၁. ၆၁၈ | | ၁၀၈. ၅၂၄ | ၁၉၁. ၁၇၆ | | | | | ၄၈၁. ၃၁၈ |
| ၇ | ၈ | သမဝါယမ | ၎င်း | ၇၂. ၅၁၄ | ၁၃. ၇၁၄ | | ၄၇၉. ၁၂၁ | ၉၈,၀၀၀. ၀၀၀ | | | | ၉၈,၅၆၅. ၃၄၉ |
| ၈ | ၉ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း | ၎င်း | ၂,၅၄၈. ၀၄၅ | ၃၂၇. ၆၉၀ | ၄၀. ၆၆၆ | ၄၉,၂၆၇. ၉၀၄ | | | | | ၅၂,၁၈၄. ၃၀၅ |
| ၉ | ၁၀ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | ၁,၆၃၅. ၆၁၉ | | ၁၁,၅၆၀. ၉၉၂ | ၃၅,၆၈၆. ၁၂၈ | | | | | ၄၈,၈၈၂. ၇၃၉ |
| ၁၀ | ၁၂ | ပို့ဆောင်ရေး | ၎င်း | ၆၁၉. ၂၄၉ | ၄,၇၆၇. ၈၈၆ | | ၄,၀၅၁. ၉၆၁ | | | | | ၉,၄၃၉. ၀၉၆ |
| ၁၁ | ၁၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၎င်း | ၈၃၂. ၆၁၆ | | ၄. ၇၂၉ | ၃,၈၅၁. ၁၄၇ | | | | | ၄,၆၈၇. ၄၉၂ |
| ၁၂ | ၁၄ | လျှပ်စစ်စွမ်းအား | ၎င်း | | | | ၁၉,၆၀၀. ၀၀၀ | | | | | ၁၉,၆၀၀. ၀၀၀ |
| ၁၃ | ၁၅ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၎င်း | ၁,၃၁၀. ၈၅၂ | | | ၃၁၆. ၂၀၅ | | | | | ၁,၆၂၇. ၀၅၇ |
| ၁၄ | ၁၆ | စွမ်းအင် | ၎င်း | ၁၃. ၀၅၆ | | | ၁၁. ၀၀၀ | | | | | ၂၄. ၀၅၆ |
| ၁၅ | ၁၇ | စက်မှု | ၎င်း | | | | ၉၀. ၁၄၄ | | | | | ၉၀. ၁၄၄ |
| ၁၆ | ၁၈ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၂၆၀. ၀၈၂ | | ၆. ၃၀၀ | ၉၁၂. ၂၀၅ | | | ၁၆၆. ၈၅၆ | | ၁,၃၄၅. ၃၈၉ |
| ၁၇ | ၁၉ | အားကစား | ၎င်း | ၂,၂၉၇. ၈၁၄ | | | | | | | | ၂,၂၉၇. ၈၁၄ |
| ၁၈ | ၂၀ | ပညာရေး | ၎င်း | ၁၃,၈၄၂. ၁၃၅ | | | ၂,၅၇၂. ၁၁၁ | | | | | ၁၆,၄၁၄. ၂၄၆ |
| ၁၉ | ၂၁ | ကျန်းမာရေး | ၎င်း | ၂၀,၂၂၀. ၀၈၂ | | | ၃၆,၂၂၀. ၁၃၁ | | | | | ၅၆,၄၄၀. ၂၁၃ |
| ၂၀ | ၂၂ | သတ္တုတွင်း | ၎င်း | ၁၉. ၄၀၃ | | | ၈၆. ၉၀၀ | | | | | ၁၀၆. ၃၀၃ |
| ၂၁ | ၂၃ | ယဉ်ကျေးမှု | ၎င်း | ၃၄၇. ၃၃၅ | | | ၆၃၅. ၀၅၁ | | | | | ၉၈၂. ၃၈၆ |
| ၂၂ | ၂၄ | ဘဏ္ဍာရေး | ၎င်း | ၁,၂၇၇. ၆၉၇ | ၆,၉၀၂. ၆၃၉ | ၀. ၇၄၁ | ၉,၇၁၆. ၇၀၀ | | | | | ၁၇,၉၀၇. ၇၇၇ |
| ၂၃ | ၂၅ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၂၁၄. ၈၅၂ | | ၉. ၈၀၀ | ၁,၉၀၆. ၆၄၀ | | | | | ၂,၁၃၁. ၂၉၂ |
| ၂၄ | ၂၆ | ဆောက်လုပ်ရေး | ၎င်း | | | | ၃၀,၅၇၈. ၆၅၁ | | | | | ၃၀,၅၇၈. ၆၅၁ |
| ၂၅ | ၂၇ | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး | ၎င်း | ၄၀၉. ၂၉၀ | | ၁. ၁၇၂ | ၆၇. ၆၁၂ | | | | | ၄၇၈. ၀၇၄ |
| ၂၆ | ၂၈ | ရထားပို့ဆောင်ရေး | ၎င်း | ၁၅၇. ၈၅၉ | | | ၁,၁၇၀. ၁၅၄ | | | | | ၁,၃၂၈. ၀၁၃ |
| ၂၇ | ၂၉ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၎င်း | ၉၀၃. ၉၀၂ | | ၄၁၇. ၁၀၂ | ၃၈၉. ၃၀၀ | | | | | ၁,၇၁၀. ၃၀၄ |
| ၂၈ | ၃၀ | သိပ္ပံနှင့်နည်းပညာ | ၎င်း | ၃၇၄. ၈၂၈ | | ၂. ၄၇၃ | ၇,၉၃၄. ၉၇၆ | | | | | ၈,၃၁၂. ၂၇၇ |
| ၂၉ | ၃၁ | ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်း | ၎င်း | ၃၅. ၁၄၇ | | ၁၀၁. ၄၂၆ | ၁၁. ၀၀၀ | | | | | ၁၄၇. ၅၇၃ |
| ၃၀ | | တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ လိုငွေဖြည့်ဆည်းခြင်း အတွက် ထောက်ပံ့ငွေ | ၎င်း | | | ၁၀၂,၆၅၄. ၁၇၃ | | | | | | ၁၀၂,၆၅၄. ၁၇၃ |
| | | ပေါင်း | | ၁၂၃,၈၄၁. ၇၇၄ | ၁၂,၀၂၅. ၃၉၃ | ၁၁၄,၉၃၃. ၀၉၈ | ၄၂၇,၂၅၃. ၉၂၉ | ၉၈,၀၀၀. ၀၀၀ | ၃. ၂၇၄ | ၁၆၆. ၈၅၆ | | ၇၇၆,၂၂၄. ၂၈၄ |

### ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သောဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား (၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
